# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ စနေနေ့၊ (28-2-2015) (၈၁၃၀)


အခုအချိန်ဟာ နိုင်ငံရေးနိုးကြားစဖြစ်နေတဲ့ စမ်းတဝါးဝါးအချိန်ဖြစ်နေတယ်။ ကျုပ်တို့အစိုးရကလည်း တတ်နိုင်သလောက် လိုက်လျောပေးနေတာပဲ။ မိဘဟာ သားသမီးကို အလိုလိုက်ပေမယ့် စည်းကမ်းထက်ပိုဆိုးလာရင် ဆုံးမပေးရသလို အခွင့်အရေးကို လိုသည်ထက် ပိုယူလာရင်၊ စည်းကမ်းမဲ့ဖြစ်လာရင် ကျုပ်တို့အစိုးရအဖွဲ့ကလည်း ဆုံးမပေးရမှာပဲ။ နည်းလမ်းစည်းကမ်းအတိုင်း လိုလားချက်တွေ တောင်းပါ။ တရားစီရင် လိုက်လျောပါ့မယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ မတ် ၁ ရက်နှင့် ၂ ရက်တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၀ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံကို မတ်လ ၁ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လောက်ကိုင်တိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့် အရပ်သားများအား ရင်းနှီးနွေးထွေးစွာ ဂုဏ်ပြုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းမြင့်၊ ဦးရဲထွဋ်၊ ဒေါက်တာသန်းအောင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ ရှမ်းပြည်နယ် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် လောက်ကိုင်ဒေသ တိုက်ပွဲများ၌ နိုင်ငံတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ကာကွယ်ခဲ့ရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သား အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား လားရှိုးတပ်နယ် တပ်မတော်ဆေးရုံ၌ သွားရောက်တွေ့ဆုံပြီး တစ်ဦးချင်းစီတွေ့ဆုံအားပေးကာ ဂုဏ်ပြုငွေကျပ်သိန်း ၁၀၀ နှင့် လက်ဆောင်ပစ္စည်း၊ စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံရှိ တပ်မှူးခန်းမ၌ ကျဆုံးစစ်သည်များ၏ မိသားစုဝင်များအား တွေ့ဆုံပြီးထောက်ပံ့ငွေကျပ် ၁၅ သိန်းကိုပေးအပ်ကာ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကိုးကန့်သောင်းကျန်းသူများက အရပ်ဘက်ယာဉ်တန်းများအား ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရပ်သားများနှင့် ပညာရေးဝန်ထမ်းများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေ၊ လက်ဆောင်ပစ္စည်း၊ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ ပြည်နယ်အထွေထွေဆေးရုံကြီးသို့ရောက်ရှိကြပြီး ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့် ကြက်ခြေနီဝန်ထမ်းများ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် အရပ်သားများအား ထောက်ပံ့ငွေ၊ လက်ဆောင်ပစ္စည်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုးကန့်သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အရပ်သားတစ်ဦးအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)

## အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုး၊ ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)က အကြံပြုချက်များပေးပို့

စာမျက်နှာ » ၃

## တက္ကသိုလ်ကျောင်းသားသမဂ္ဂရှင်းတမ်း

စာမျက်နှာ » ၆၊ ၇

## ဆေးရုံစာဖြေဌာနသုံးခု ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇ -** ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ ၂၀၁၅ ခုနှစ် မတ် ၁၁ ရက်မှ ၂၀ ရက်အထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသားကျောင်းသူများ နစ်နာမှုမရှိစေရန်ရည်ရွယ်လျက် ဆေးရုံစာဖြေဌာန သုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ (အတွင်းလူနာ)များသည် အဆိုပါဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ကြေးမုံစာတည်းရှုထောင့် ၂၈-၂-၂၀၁၅၊ စနေနေ့

# အင်အားရှိသော တပ်မတော်

တပ်မတော်(လေ)၏ အပေါ်စားတိုက်ခိုက်ရေး အမောင်းသင်ဂျက်လေယာဉ်များနှင့် အလတ်စားသယ်ယူပို့ဆောင်ရေး လေယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်နေ့က မိတ္ထီလာမြို့၌ ကျင်းပခဲ့ရာ မြန်မာ့တပ်မတော်၏ အင်အားရှိသော စွမ်းဆောင်မှုများကို မြင်တွေ့ခဲ့ရပါသည်။

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့တပ်မတော်ကို ခေတ်မီတပ်မတော် တစ်ရပ်ဖြစ်အောင်၊ ကာကွယ်ရေးစွမ်းရည်များပြည့်ဝသည့် တပ်မတော် တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လေ့ရှိပါသည်။ ထိုသို့စွမ်းဆောင်ရာတွင် လူပုဂ္ဂိုလ်ပိုင်းဆိုင်ရာ စွမ်းရည်တိုးတက်ရေးနှင့် ကာကွယ်ရေးပစ္စည်းပိုင်းဆိုင်ရာ ခေတ်မီတိုးတက်ရေးကို ဖြည့်ဆည်းဆောင်ရွက်လေ့ရှိပါသည်။

လူသားစွမ်းရည်တိုးတက်မှုနှင့် ကာကွယ်ရေးစစ်လက်နက်ပစ္စည်းများ မြင့်မားခေတ်မီရေးသည် ခေတ်မီတပ်မတော်ဖြစ်ထွန်းရေးအတွက် ဆောင်ကြဉ်းပေးသည့်အရာများဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စက်မှုဖွံ့ဖြိုးသော နိုင်ငံမဟုတ်သည့်အတွက် အတတ်ပညာ၊ နည်းပညာမြင့်မားသည့် နိုင်ငံ၏အကူအညီကို ရယူဆောင်ရွက်ရသလို ကိုယ်ပိုင်စွမ်းရည်၊ ကိုယ်ပိုင်အင်အား၊ ကိုယ်ပိုင်စိတ်ဓာတ်တို့ဖြင့်လည်း ထူထောင်တည်ဆောက်ကြပါသည်။

စစ်၏သဘောတရားအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် မြေထု၊ ရေထု၊ လေထုကို အသုံးပြုဆင်နွှဲရပါသည်။ ထို့ကြောင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)တို့၏ စွမ်းအားကိုမြင့်မားအောင် ခေတ်နှင့်အညီ စစ်ရေးဆိုင်ရာလိုအပ်ချက်များကို အစဉ်အမြဲဖြည့်ဆည်းပေးနေရသည်မှာ မိမိနိုင်ငံနှင့် မိမိနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ပေးရေး ရည်ရွယ်ချက်ဖြစ်ပါသည်။

မကြာသေးမီက ကျင်းပခဲ့သော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် ဗိုလ်ရှုခံအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးအား ချီတက်အလေးပြုကြသော တပ်မတော်၏လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်၊ အမြောက်တပ်ဖွဲ့စွမ်းရည်၊ သံချပ်ကာယန္တရားတပ်ဖွဲ့စွမ်းရည်၊ ဆက်သွယ်ရေးတပ်ဖွဲ့စွမ်းရည်၊ ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၏အင်အားနှင့် စစ်လက်နက်ပစ္စည်းများ၊ ဝေဟင်တွင် အုပ်စုဖွဲ့ ပျံသန်းပြခဲ့သည့် တပ်မတော်(လေ)၏ စွမ်းရည်များကို မြင်တွေ့ကြရသော ပြည်သူအပေါင်း၏ စိတ်နှလုံးတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုးအား ကာကွယ်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်ကြမည်မှာ အမှန်ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး ၁၉၆၁ ခုနှစ်က မြန်မာနိုင်ငံ၏ပိုင်နက်နယ်မြေကို ကျူးကျော်လာသူတို့အား မြန်မာ့တပ်မတော်က ရဲဝံ့စွန့်စားစွာ တွန်းလှန်တိုက်ထုတ်ရာ၌ တပ်မတော်(လေ)မှ စက်စနာကင်းထောက်လေယာဉ်၊ ဆီးဖြူရီတိုက်လေယာဉ်တို့ဖြင့် ရဲဝံ့စွန့်စားစွာဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။ တပ်မတော်(လေ)သည် ၁၉၆၀ ဝန်းကျင်ကာလက အရှေ့တောင်အာရှတွင် ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့သည်။ ထို့နောက် နှစ်ပေါင်း ၂၀ ကျော်ကြာအောင် ပန်ကာတပ် တိုက်လေယာဉ်အဆင့်ဖြင့် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျကျန်ခဲ့ရသည်။

ယခုအခါ ပန်ကာတပ်လေယာဉ်အဆင့်မှ ဘက်စုံသုံးဂျက်တိုက်လေယာဉ်များကို အသုံးပြုပြီး ဒေသတွင်း နိုင်ငံများကို အမီလိုက်နိုင်ခဲ့သည်။ ထိုသို့အမီလိုက်နိုင်ရန်အတွက် တပ်မတော်၏စွမ်းရည်ဖြင့် လေယာဉ်မျိုးဆက်များကို ခုန်ပျံကျော်လွှားရသည်။ တပ်မတော်၏ လေကြောင်းစွမ်းအားသည် စစ်နည်းဗျူဟာမြောက် လေတပ်စွမ်းအင်ကို လက်ဝယ်ပိုင်ပိုင်ရရှိခဲ့သည်။ ပိုမိုပြည့်စုံသော စစ်နည်းဗျူဟာမြောက် လေတပ်တစ်ခုကို တက်လှမ်းနိုင်ရန် လက်တစ်ကမ်းအလိုသာရှိတော့သည်။

ထို့ကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ မြေထု၊ ရေထု၊ လေထု ပိုင်နက်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အင်အားစုအဖြစ် အသင့်ရှိနေပြီဖြစ်သည်။ ခေတ်စနစ်ပြောင်းလဲမှုနှင့်အတူ ခေတ်မီတပ်မတော်ကြီးဖြစ်ထွန်းအောင် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းအားထုတ်လျက်ရှိသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိလာကာ ပြည်သူကိုအစဉ်အမြဲကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ နိုင်ငံ့အချုပ်အခြာအာဏာကို ထိပါးစော်ကားသူမှန်သမျှကို အမြစ်ကမကျန် တွန်းလှန်ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။ ။

# အမျိုးသား ပထဝီဝင်အချက်အလက်တည်ဆောက်အသုံးပြုနိုင်ပါက ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကြီးမားစွာ အထောက်အကူပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော Program of Myanmar NSDI Promotion Seminar ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတိုင်း၌ အာကာသနည်းပညာများကို အသုံးပြုပြီး မြေပြင်အချက်အလက်များ (Geospatial Information) ရယူကာ အမျိုးသားပထဝီဝင်အချက်အလက် (National Spatial Data Infrastructure-NSDI)များအား အာကာသနည်းပညာများ အသုံးပြုစုစည်းရယူသုံးစွဲမည့် အချက်အလက်ဗဟိုဌာန တည်ဆောက်အသုံးပြုနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ အဆိုပါ စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် NSDI ဆိုင်ရာ ဥပဒေများ မူကြမ်းပြုစုရေးနှင့် NSDI စနစ်ကြီးကြပ်ကွပ်ကဲရေး ကော်မတီ မကြာမီဖွဲ့စည်းနိုင်ရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ လိုအပ်သည့် လုပ်ငန်းအဆင့်များအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

NSDI စနစ် တည်ဆောက်အသုံးပြုနိုင်ပါက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကြီးမားစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကူညီမှုရယူပြီး ဝန်ကြီးဌာနများအကြား ဘူမိအခြေပြု သတင်းအချက်အလက်များ (Geospatial Information) ကောင်းကင်ဂြိုဟ်တု ဓာတ်ပုံများ အသုံးချလေ့လာသည့် နည်းပညာများ၊ အဝေးမှ အာရုံခံစူးစမ်းလေ့လာသည့် နည်းပညာများ (Remote Sensing) ပထဝီသတင်းအချက်အလက်များ လေ့လာခြင်းစနစ် (Geographic Information System- GIS) များအသုံးပြု၍ မြေပြင်အချက်အလက်များ ဖလှယ်အသုံးပြုခြင်းအပြင် စီမံကိန်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် NSDI စနစ်တည်ထောင်အသုံးပြုနိုင်ရန် အကောင်းဆုံးကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ NSDI စနစ်တည်ဆောက်အသုံးပြုနိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ထုတ်ဖော်ခြင်း၊ စက်မှုလုပ်ငန်းတည်ထောင်ခြင်း၊ မြို့ပြစီမံကိန်းများအပြင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုများကို ထိရောက်သောပေါင်းစပ်ညှိနှိုင်းမှုများနှင့် အချိန်ကိုက်ဆောင်ရွက်နိုင်မှုများအတွက် များစွာအသုံးဝင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန သတင်းအချက်အလက်နှင့် လျှပ်စစ်ဆက်သွယ်ရေးဌာနခွဲ၊ စီးပွားရေးနှင့် သတင်းအချက်အလက် မူဝါဒဗျူရို၊ Assistant Director Mr. Yutaka Endow က ဂျပန်နိုင်ငံ၏ NSDI ဆိုင်ရာမူဝါဒများနှင့် လက်ရှိ NSDI စနစ် အသုံးပြုမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီမည့် NSDI အဆိုပြုပုံစံများကိုလည်းကောင်း၊ ယင်း NSDI စနစ် ဖြစ်ပေါ်လာစေရေးအတွက် နည်းပညာ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများအား လည်းကောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့က ကြီးမှူး၍ ဂျပန်နိုင်ငံ Centre of International Cooperation for Computerization- CICC နှင့် မြန်မာကွန်ပျူတာအသင်းချုပ်တို့၏ ပံ့ပိုးမှုဖြင့် Program of Myanmar NSDI Promotion Seminar ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၈၆၀၀ | - | ၆၇၉၆၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၈၆၀၀ | - | ၆၇၉၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၆၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၅၈၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၅၁. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၀၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၇၁၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၅. ၀၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၆၁၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၆၁. ၁၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၄၁၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၀၂. ၂၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၅၇. ၁၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# စွမ်းအင်စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization-UNIDO) တို့ ပူးပေါင်းကျင်းပမည့် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးဆိုင်ရာ စွမ်းအင်စီမံခန့်ခွဲမှုစနစ် (Energy Management System) သင်တန်းများကို ရန်ကုန်မြို့ စက်မှုဝန်ကြီးဌာန တက္ကသိုလ်ရိပ်သာ လမ်းသစ်ရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (Department of SMEs Development) သင်တန်းခန်းမ၌ မတ် (၁၉၊ ၂၀)ရက်နှင့် (၂၃၊ ၂၄)ရက်တို့တွင် နှစ်ကြိမ်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

စွမ်းအင်ကုန်ကျစရိတ်လျှော့ချလိုသော စက်ရုံ၊ အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာများအဖြစ် မိမိအင်ဂျင်နီယာများကို လေ့ကျင့်ပေးလိုသော စက်ရုံ၊ အလုပ်ရုံများ၊ ISO 50001 Certification Process နှင့် အညီ Upgrade ပြုလုပ်လိုသော စက်ရုံ/အလုပ်ရုံများမှ တာဝန်ရှိသူများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံးပြုရေး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ သင်တန်းတွင် စက်ရုံ/အလုပ်ရုံများ၌ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး အခြေခံအချက်အလက်များ၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို International Energy Efficiency Expert မှ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများ မတ် ၃ ရက်နောက်ဆုံးထား၍ e-mail address: IEEPROEJCT. MYANMAR@unido.org: Phone (+95 9) 5190979 တို့သို့ ဆက်သွယ်အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ကိုဇေ)**






# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုး၊ ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)က အကြံပြုချက်များပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုး၊ ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)က ဖေဖော်ဝါရီ ၂၂ ရက်တွင် အကြံပြုချက်များပေးပို့ခဲ့ကြောင်းသိရှိရသည်။

အမျိုး၊ ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ အကြံပြုစာတွင် အကြံပြုချက်များ ပေးပို့ရခြင်းအကြောင်းရင်းကို ဖော်ပြရာ၌ ပညာရေးသည် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး စသည့် လွှမ်းမိုးမှုမဖြစ်သင့်ပါ။ လွတ်လပ်သောပညာရေးသာဖြစ်သင့်ပါသည်။ ပညာရေးစီမံမှု စနစ်မကျလျှင် တိုင်းပြည်နှင့်လူမျိုးရော၊ အမျိုးသားရေးလက္ခဏာများရော၊ ယဉ်ကျေးမှုများရော ပျောက်သွားနိုင်သည်။ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှ တင်ပြသော အမျိုးသားပညာရေးဥပဒေကြမ်းသည် အမျိုးသားရေးအတွက် မဖြစ်ဘဲ လူမျိုးခြား ဘာသာခြားအတွက်သာဖြစ်နေသည်ကို တွေ့ရသည်။ ပညာရေးသပိတ်စစ်ကြောင်းရလဒ်များသည် လူတစ်စုကသာ ခြယ်လှယ်လုပ်ကိုင်သွားခြင်းကြောင့် တကယ့်တိုင်းရင်းသား ကျောင်းသား ကျောင်းသူလေးများ၏ တကယ့်ဆန္ဒကို ကိုယ်စားမပြုသည်ကို တွေ့ရသည်။ တကယ့်ကျောင်းသားလေးတွေအတွက် အငှားဗိုက်နှင့် ဓားထိုးခံသွားရသလို ဖြစ်နေသည်။ ပညာရေးဥပဒေဆိုသော်လည်း ဘာသာရေးအတွက် နိုင်ငံရေးအတွက် အမြတ်ထုတ်လို၍ ရည်ရွယ်ချက်ရှိရှိ လူတစ်စုရေးဆွဲထားသော ရေးဆွဲချက်သက်သက်ဖြစ်နေသည်ကို တွေ့ရသည်။ ဤသို့ တိုင်းပြည်နှင့် လူမျိုး နစ်နာဆုံးရှုံးမှုများ မဖြစ်စေရန် ရည်သန်၍ အမျိုး၊ ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ကြီးက ဦးဆောင်၍ တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူ ပြည်သူအားလုံး၏ ကိုယ်စား အကြံပြုချက်များကို ပေးပို့အပ်ပါသည်ဟု ဖော်ပြထားသည်။

ယင်းအဖွဲ့၏ အကြံပြုချက်များတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၄ ပုဒ်မခွဲ(ဌ)၌ ပါရှိသည့် တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန် တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့်ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်၊ ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့်စနစ် ထားရှိရေးဟု ထည့်သွင်းထားမှုနှင့်ပတ်သက်၍ ကျောင်းသားများစိတ်ကြိုက် တက္ကသိုလ်ရွေးချယ်ခွင့်ရှိသော်လည်း သက်ဆိုင်ရာ တက္ကသိုလ်၏ အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲဖြင့်သာ လက်ခံရမည်ဖြစ်ကြောင်း သို့ဖြစ်၍ ဤပုဒ်မခွဲကို ပယ်ဖျက်သင့်ပါကြောင်း။

**ဘဝတစ်လျှောက်လုံး ပညာသင်ယူခွင့်ရှိစေရမည်ဟူသည်မှာ အရွယ်လွန်သူများအတွက် သက်ကြီးတက္ကသိုလ် စသော စနစ်ဖြင့်သာ သင်ကြားသင့်။**

ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၄)ပုဒ်မ ၅(က) ပုဒ်မခွဲ (cc) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ရမည်ဆိုခြင်းနှင့်ပတ်သက်ပြီး ကျောင်းအုပ်ချုပ်ရေးဖြစ်၍ ကျောင်းသားများနှင့်မဆိုင်ကြောင်း၊ အောင်မြင်သည့် ကမ္ဘာကျော်တက္ကသိုလ်ကြီးများ၌ပင် ကျောင်းသားများ ထင်ရာလုပ်ပိုင်ခွင့်မရှိကြောင်း၊ ထို့ကြောင့် ဤပုဒ်မခွဲကို ပယ်ဖျက်သင့်ပါကြောင်း။

ဥပဒေကြမ်းပုဒ်မ-၅(င)တွင် ပါရှိသည့် သင်ကြားရေးတွင် ဘာသာစကားသုံးမျိုးစနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်ဟူသည့် အချက်နှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးမှာပင် နိုင်ငံလုံးဆိုင်ရာ အများသုံးမိခင်ဘာသာစကားရှိသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အများသုံး မိခင်ဘာသာစကားသည်လည်း မြန်မာစာ မြန်မာစကားပင်ဖြစ်သောကြောင့် မိခင်ဘာသာဟူသည် မြန်မာနိုင်ငံအတွက် မြန်မာစာ မြန်မာစကားသာဖြစ်သင့်ကြောင်း၊ ကမ္ဘာသုံးအတွက် အင်္ဂလိပ်ဘာသာလည်း တွဲဖက်သင်ကြားသင့်ကြောင်း၊ မြန်မာ့တိုင်းရင်းသားများအတွက် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားသင်ကျောင်းများကို နိုင်ငံတော်မှ ဦးဆောင်စီစဉ်ပေးသင့်ပါကြောင်း အကြံပြုထားသည်။

ထို့အပြင် ဥပဒေကြမ်း အခန်း(၆)ပုဒ်မ ၃၄ပုဒ်မခွဲ(ည)အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများဟု အသစ်ဖြည့်စွက်ချက်မှာ ပညာရေးသည် ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးစသည့် လွှမ်းမိုးမှုကင်းရမည်ဖြစ်သောကြောင့် ဤပုဒ်မခွဲ(ည)ကိုလုံးဝပယ်ဖျက်သင့်ကြောင်း။

ပုဒ်မ ၆၆ ပုဒ်မခွဲ(ခ)အသွင်ကူးပြောင်းရေးကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်နစ်နာဆုံးရှုံးမှုရှိသူတိုင်း ဘဝတစ်လျှောက်လုံး ပညာသင်ယူခွင့်ရှိစေရမည်ဟူသည်မှာ အရွယ်လွန်သူများအတွက် သက်ကြီးတက္ကသိုလ်စသောစနစ်ဖြင့်သာ သင်ကြားသင့်ကြောင်း။

ဥပဒေကြမ်း ပုဒ်မ ၆၈ ပုဒ်မခွဲ(ခ)အား ပယ်ဖျက်ထားခြင်းနှင့်ပတ်သက်၍ မူလဥပဒေပုဒ်မ ၆၈(ခ)တွင်ဖော်ပြထားသည့် ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက ပုဒ်မ ၃၄ ပုဒ်မခွဲ(ဈ)တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့်အချက်မှာ ကောင်းမွန်သည့်အတွက် လုံးဝမဖျက်သင့်ကြောင်းစသည်ဖြင့် အကြံပြုထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်နှစ်ရပ်အကြား နှစ်နိုင်ငံဘာသာစကား အပြန်အလှန်စေလွှတ်သင်ကြားရေး၊ နယ်စပ်တည်ငြိမ်လုံခြုံရေးနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်ပေါင်း ၆၀ ကျော်ကောင်းမွန်သော သံတမန်ဆက်ဆံရေးရှိခဲ့သည့်နိုင်ငံဖြစ်၍ မြန်မာနိုင်ငံ၊ မြန်မာ့တပ်မတော်အနေဖြင့် အလေးထားပါကြောင်း၊ ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် စစ်ဘက်သာမက နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အရေးများလည်း ရှိပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ်အား လက်ခံတွေ့ဆုံရာတွင် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာဩစတြေးလျ နိုင်ငံသံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ်နှင့် စစ်သံမှူး Captain Jonathan Dudley တို့ တက်ရောက်ကြသည်။

ဧည့်သည်တော်သံအမတ်ကြီးက မိမိတို့နှစ်နိုင်ငံသည် နွေးထွေးသည့်ဆက်ဆံရေးရှိသည်သာမက နှစ်နိုင်ငံလုံးမှာ ဆက်ဆံရေးတိုးတက်အောင်ဆောင်ရွက်လိုကြပါကြောင်း၊ မြန်မာ့တပ်မတော်နှင့် ဆက်ဆံရေးတိုးမြှင့်ရန်လည်း စိတ်အားထက်သန်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များအား အပြည့်အဝ ထောက်ခံပါကြောင်း၊ ကိုးကန့်ဒေသတွင် နိုင်ငံတော်အတွက် အသက်စွန့်သွားရသော တပ်မတော်သားများအတွက်လည်း ဝမ်းနည်းပါကြောင်း၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများ အောင်မြင်ပြီး တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်စေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားများ နိုင်ငံတော်ကာကွယ်ရေးတွင် လိုအပ်လျှင် အသက်စွန့်လွှတ်ရပါကြောင်း၊ လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းကို မထိခိုက်စေရန် ကာကွယ်ခြင်းဖြစ်၍ လုပ်သင့်လုပ်ထိုက်သည့် အလုပ်ဟု ခံယူထားပါကြောင်း၊ ကိုးကန့်သောင်းကျန်းသူများက ၎င်းတို့သည် အစိုးရကို တိုက်ခိုက်ခြင်းမဟုတ်ဘဲ တပ်မတော်ကိုသာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောဆိုနေသော်လည်း ကိုးကန့်ဒေသသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်၍ နိုင်ငံတော်အစိုးရ၏ တစ်စိတ်တစ်ဒေသပင် ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသတွင် အစိုးရရုံးဌာန အဆောက်အအုံ၊ လူပုဂ္ဂိုလ်၊ တပ်ဌာနချုပ်များကို တိုက်ခိုက်ခြင်းဖြစ်၍ တပ်မတော်အနေဖြင့် မဖြစ်မနေ ကာကွယ်ရမှာဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် တည်ငြိမ်မှုအမြန်ဆုံးရရှိနိုင်မည့်လမ်းကြောင်းမှာ စစ်အုပ်ချုပ်ရေးသာဖြစ်၍ ရွေးချယ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံ၏ အပြုသဘောဆောင်သည့် ကူညီလုပ်ဆောင်လိုမှုများကိုလည်း ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

အလားတူ မြန်မာ-လာအိုနှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ရှည်လျားသော သမိုင်းကြောင်းနှင့်ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိခဲ့၍ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး မစ္စတာ လိုင်ရင်းဆိုင်ညဇန်အား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး မစ္စတာ လိုင်ရင်းဆိုင်ညဇန်နှင့်အတူ စစ်သံမှူး Colonel Daokai Lertlivanh နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ၊ လာအို၊ ထိုင်း ၃ နိုင်ငံနယ်နိမိတ်ဆက်စပ်ရာ ရွှေတြိဂံနယ်မြေအတွင်း မူးယစ်ဆေးဝါးပြဿနာအချို့ရှိသဖြင့် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများနှင့်ပတ်သက်၍ အပြန်အလှန် ပူးပေါင်းတားဆီးကာကွယ်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသား ဓလေ့စရိုက်တူညီမှုများရှိသဖြင့် ပြည်သူများ အပြန်အလှန်လည်ပတ်နိုင်ရေး လမ်းဖွင့်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့် ကုန်သွယ်ရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးနှင့် နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အကြံပြုလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဧည့်သည်တော်သံအမတ်ကြီးက မြန်မာ-လာအို သံတမန်ဆက်ဆံရေးနှစ် ၆၀ ပြည့်အထိမ်းအမှတ်အဖြစ် တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ဘောလုံးအားကစားအဖွဲ့များကို စေလွှတ်သွားလိုပါကြောင်း၊ ရွှေတြိဂံဒေသ မူးယစ်ဆေးဝါးပြဿနာမှာ နှစ်နိုင်ငံလုံးအတွက် အရေးကြီးသောကိစ္စဖြစ်၍ ပူးပေါင်းတိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ခြင်းဖြင့် ဆက်ဆံရေးတိုးတက်မှုသာမက နှစ်နိုင်ငံအတွက် အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် တပ်မတော်နှစ်ရပ်အကြား နှစ်နိုင်ငံဘာသာစကား အပြန်အလှန်စေလွှတ်သင်ကြားရေး၊ နယ်စပ်တည်ငြိမ်လုံခြုံရေးနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့သည် ၁၉၅၅ ခုနှစ်၊ ဇူလိုင် ၁၂ ရက်တွင် သံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ပြီး ရန်ကုန်မြို့တွင် လာအိုနိုင်ငံသံရုံးကို ၁၉၅၆ ခုနှစ်၊ ဩဂုတ် ၉ ရက်တွင် စတင်ဖွင့်လှစ်ကာ မြန်မာသံရုံးကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ၁၉၆၇ ခုနှစ်၊ မေ ၂၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုနိုင်ငံ သံအမတ်ကြီး မစ္စတာ လိုင်ရင်းဆိုင်ညဇန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (မြဝတီ)

☆ ရှေ့ဖုံးမှ

စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာ မန်ဆူ ရှမ်းကျောင်းတိုက်သို့ ရောက်ရှိပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပုညနန္ဒနှင့်အတူ တိုက်ပွဲရှောင်ဒုက္ခသည်များအား တွေ့ဆုံ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန်ဆူကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုပြီး တိုက်ပွဲရှောင် ဒုက္ခသည်များအတွက် အလှူငွေကျပ် ၃၂၅ သိန်း၊ ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၁၀၀ နှင့် ဆား၊ ငရုတ်၊ ကြက်သွန်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တိုက်ပွဲရှောင် ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ အထူးလေယာဉ်ဖြင့်ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုက်ပွဲရှောင် ဒုက္ခသည်များအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

# မွန်မြတ်သန့်စင် နှလုံးသားပိုင်ရှင်များ

**အင်တာဗျူး ညီညီထွန်း(သတင်းစဉ်)**
**ဓာတ်ပုံ နေလင်း(ပြန်/ဆက်)**

ဖြူစင်နှလုံးသားပိုင်ရှင်များသည် ပြည်သူများအတွက်၊ နိုင်ငံအတွက် အသက်ကိုစတေးပြီး မိသားစုများ၊ ဆွေမျိုးများစသည့် ချစ်ခင်သူများကို စွန့်ခွာသွားပါပြီ။ သူတို့၏ စွန့်လွှတ်အနစ်နာခံမှုများသည် နိုင်ငံအတွက်၊ ပြည်သူအတွက် ကျေးဇူးအနန္တပင် ဖြစ်ပါသည်။ သူတို့၏ ဖြူစင်သောနှလုံးသားများကို တင်စားဂုဏ်ပြုရမည့်စကားလုံးများ ရှားပါးကုန်ပြီ ဖြစ်ပါသည်။ ဖြူစင်သော နှလုံးသားပိုင်ရှင်များ၏ ကျန်ရစ်သူမိသားစုများသည် ဝမ်းနည်းကြေကွဲသော်လည်း ဂုဏ်ယူမဆုံးရှိကြပြီး ဂုဏ်ယူအပြုံးဖြင့် ပြောကြားသည့် ရင်တွင်းစကားသံများကို ပြည်သူများ သိရှိဂုဏ်ပြုနိုင်ရန် ဖော်ပြလိုက်ပါသည်။

**ဦးကျော်ဇောထူး**
**လောက်ကိုင်ခရိုင်ဦးစီးမှူး**
**ကြက်ခြေနီသူနာပြုတပ်ဖွဲ့**

ကျွန်တော်ကတော့ လောက်ကိုင်ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူးပါ။လောက်ကိုင်ခရိုင်ဒေသ လောက်ကိုင်မြို့ကနေ ထွက်ခွာလာခဲ့ပါတယ်။ ထွက်ခွာလာပြီး လမ်းမှာ ကြံခုတ်လုပ်သား အယောက် ၁၀၀ လောက် လမ်းလျှောက်လာကြတာတွေ့တယ်။ အဲဒါတွေကို ကျွန်တော်တို့က ပြန်ကြပါ။ ရှေ့မှာအန္တရာယ်တွေ သိပ်များနေတယ်။ ကြက်ခြေနီရုံးမှာ ကယ်ဆယ်ရေးစခန်း ဖွင့်ထားပါတယ်။ သူတို့တွေကို ကယ်ဆယ်ရေးယာဉ်တန်းကားတွေ အပြန်ရရှိအောင် ကွမ်းလုံကြက်ခြေနီတွေနဲ့ ချိတ်ဆက်ပြီးတော့ ကျွန်တော်ကြိုးစားဆောင်ရွက်ပါမယ်။ ရှေ့ကနေ ကျွန်တော်ပို့ပြီးတော့ ကြိုးစားဆောင်ရွက်ပါ့မယ်လို့ ပြောပြပါတယ်။ ဒါပေမယ့် တချို့လူတွေကတော့ ကျွန်တော်တို့ လျှောက်နိုင်သလောက် လျှောက်မယ်ဆိုပြီးတော့ လမ်းလျှောက်လာကြတယ်။ အဲဒီအချိန်မှာ လုံးဝ လမ်းလျှောက်လို့ မရနိုင်တော့တဲ့ လူတွေကိုတော့ ကျွန်တော့်ကားပေါ်မှာ အကုန်တင်လာခဲ့တယ်။ နောက်ထွက်လာတဲ့ အချိန်မှာ ကျွန်တော်တို့ လုံထန်အောက်ရွာနဲ့

လက်မောင်းကို ဖြတ်မှန်ပြီးတော့ မျက်နှာကို ကျော်ထွက်သွားပါတယ်။ လက်မောင်းတစ်ခုလုံး ပြုတ်ကျသွားသလိုမျိုးဖြစ်သွားပြီးတော့ ကျွန်တော် လုံးဝ မလှုပ်ရှားနိုင်တော့ပါဘူး။ တိုက်ပွဲ ၁၅ မိနစ်လောက်ဖြစ်ပြီးတော့ ငြိမ်သွားပါတယ်။ ကျွန်တော်တို့ အဲဒီမှာ ကြက်ခြေနီအကျီကို သူတို့ဘက်ကို မြင်အောင်ပြပြီးတော့ အဲဒီကားဘေးနားမှာပဲ မှောက်ပြီးနေလိုက်ပါတယ်။ အဲဒီအချိန်မှာ သူတို့ ၁၅ မိနစ်လောက် ဆက်ပြီးပစ်ပါတယ်။ ဆက်ပစ်တဲ့အချိန်မှာ လက်နက်ကြီးတွေလည်းကျပါတယ်။ လက်နက်ကြီးတွေကျတော့ ကျွန်တော့်ကားဆိုကားဘီးတွေရော၊ ဆီတိုင်ကီတွေရော အကုန်လုံး ပွင့်ထွက်သွားပါတယ်။ အဲဒီအချိန် ကားပေါ်မှာ တိုက်ပွဲဒုက္ခသည်တွေပေါ့နော်။ အဲဒီအမျိုး



ကိုရန်ရင်းမျိုးလတ်။



ကိုဇင်မင်းအောင်။



ဗိုလ်မှူး ကျော်ကျော်။

တစ်ခုလုံးမှာရှိတဲ့ တိုက်ပွဲသင့်ပြည်သူတွေအတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေကို အများကြီးဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဖြစ်တဲ့နေ့က ၂၁ ရက်နေ့ကပါ။ ၂၁ ရက် မွန်းလွဲ ၁ နာရီလောက်မှာ

ခွေးတစ်မော့ အတက်ကြား နောက်ဆုံးရွာလေးရောက်တဲ့ အချိန်မှာ ကျွန်တော်တို့ကားကို တောင်ပေါ်ကနေ လက်နက်တွေနဲ့ တရစပ်ပစ်ခတ်တိုက်ခိုက်တာကို ခံခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်

သမီးတွေနဲ့ ကလေးတွေကတော့ နည်းနည်းပါးပါးပဲ ဒဏ်ရာရတယ်။ လုံးဝအသေအပျောက်တော့ မရှိပါဘူး။ ကားပေါ်မှာ အားလုံး ၁၃ ဦးပါတဲ့အနက် ခြောက်ဦးဒဏ်ရာ ရရှိပါတယ်။ ခြောက်ဦးဒဏ်ရာရရှိတဲ့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒဏ်ရာရတပ်မတော်သားတစ်ဦးအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

အထဲမှာ သုံးဦးကတော့ သာမန်ဒဏ်ရာအနေနဲ့ ဆေးဝါးကုသတယ်။ သုံးယောက်ကတော့ အပြင်းအထန်ဒဏ်ရာနဲ့ ဆေးကုသမှု ခံယူနေရပါတယ်။ အဲဒီထဲက တစ်ဦးကတော့ ကိုမြတ်သီဟမောင်လို့ခေါ်ပါတယ်။ MRTV-4 က တစ်ယောက်လည်း ပါပါတယ်။ ကျွန်တော့်သူငယ်ချင်း တစ်ယောက်လည်း ရှိပါသေးတယ်။ ကျွန်တော်နဲ့ သုံးဦးကတော့ အပြင်းအထန်ဒဏ်ရာရရှိခဲ့ပါတယ်။ အခုလို နိုင်ငံတော်သမ္မတကြီးကနေ ကျွန်တော်တို့ကို လာရောက်ပြီး အားပေးစကားချီးမြှင့်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ဂုဏ်ယူပြောကြားလိုပါတယ်။

**သီရိရှင်းသန့်**
**(မော်ဒယ်သရုပ်ဆောင်)**

တိုက်ပွဲ ရှောင် ဒုက္ခသည်တွေကို ဒီမှာလာပြီးတော့ ကူညီပေးပါတယ်။ သူတို့လိုတဲ့ ပစ္စည်းတွေ၊ တတ်နိုင်တဲ့ဘက်က လုပ်အားဒါနတွေ လုပ်ပေးတယ်။ ပြီးတော့ ကိုယ်တတ်နိုင်သလောက် လည်း ကူညီပေးတာပေါ့။ ဆရာတော်ကြီးရဲ့ ညွှန်ကြား ချက်အတိုင်း အမြဲတမ်းလာပြီး ကူညီပေးပါတယ်။ ဇာတိကတော့ လားရှိုးကပါ။ ဘယ်လို သိတာလဲဆိုတော့ ဖေ့(စ်)ဘွတ်(ခ်)ကနေ သိပြီးတော့ ဒီမှာ တိုက်ပွဲရှောင်ဒုက္ခသည်တွေကို ကူညီထားတယ်ဆိုတာ သိခဲ့တယ်။ အဲဒီသတင်း ကြားတဲ့အခါ ကိုယ်ကိုယ်တိုင်လည်း စိတ်ထဲမှာအရမ်းဝမ်းနည်းတယ်။ နေ့တိုင်းမြင်နေရတဲ့ သတင်းကို ကြည့်ပြီးတော့ မျက်ရည်ကျမိတယ်။ ရင်ထဲမှာလည်းမကောင်းဘူး။ အဲဒါကြောင့်မို့လို့ ကိုယ့်ရဲ့လုပ်အားဒါနလေးပဲဖြစ်ဖြစ် ကူညီချင်တဲ့ စိတ်ရှိတဲ့အတွက် ကြောင့် ဒီကိုရောက်လာတာပါ။

ဆရာတော်ကြီးက တိုက်ပွဲရှောင် ဒုက္ခသည်တွေအကုန်လုံးကို ကူညီထားတယ်။ ပြီးတော့ ဒီမှာလိုအပ်တဲ့ ဆေးဝါးကုသခံယူသူတွေ၊ အစားအသောက်အနေအထား၊ သူတို့ရဲ့ မွေးရပ် ဇာတိမြေကိုလည်း ပို့ပေးတယ်ဆိုတာလည်း ကြားတယ်။ ဒီကျန်ရစ်ခဲ့တဲ့ မိသားစုတွေနဲ့ အတူ စိတ်ထဲမှာ အများကြီး ဝမ်းနည်းမိပါတယ်။ တပ်မတော်ကိုလည်း စိတ်ထဲမှာ ဂုဏ်ယူတယ်။ ကျန်ရစ်ခဲ့တဲ့ မိသားစုတွေအတွက် စိတ်ဓာတ်ခွန်အားလေးတွေပေးချင်ပါတယ်။ အားမလျှော့ပါနဲ့လို့ အားလုံးဝိုင်းဝန်းပြီးတော့ ပြည်သူတွေကလည်း စောင့်ရှောက်မှာပါလို့ ပြောချင်ပါတယ်။

တချို့ဆိုရင် ငါးရက်လောက် လမ်းလျှောက်ပြီးတော့ လာရတာရှိတယ်။ တချို့ဆို သေနတ်မှန်ပြီးတော့ လာရတာရှိတယ်။ အဲ့ဒီအတွက်ကို ဒီမှာရှိတဲ့ဆရာတွေက ဆေးရုံတွေ ပို့ပေးတယ်။ ပြီးတော့ ဒီမှာရှိတဲ့ စေတနာ့ဝန်ထမ်း သူနာပြုလေးတွေရယ်၊ တပ်မတော်က စစ်ဘက်ဆိုင်ရာက ဆရာဝန်တွေရဲ့ အကူအညီတွေ ယူပြီးတော့ တတ်နိုင်တဲ့ဘက်က ဆေးဝါးကုသမှုတွေ လုပ်ပေးနေပါတယ်။

စာမျက်နှာ ၅ သို့ ❐

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က The Daily ELEVEN နေ့စဉ်ထုတ်သတင်းစာတွင် မှားယွင်းရေးသားဖော်ပြမှုအတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ စာတစ်စောင်ရေးသားပေးပို့

**နေပြည်တော်　ဖေဖော်ဝါရီ ၂၇**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ The Daily ELEVEN နေ့စဉ်ထုတ်သတင်းစာ၌ မှားယွင်းရေးသား ဖော်ပြမှုအတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် ယနေ့တွင် စာတစ်စောင်ရေးသားပေးပို့ခဲ့ကြောင်း သိရသည်။

၂၅-၂-၂၀၁၅ ရက်နေ့ထုတ် The Daily ELEVEN နေ့စဉ်ထုတ်သတင်းစာ စာမျက်နှာ(၄)တွင် "အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုပြန်လည်သုံးသပ်ရေး အလုပ်ရုံဆွေးနွေး" ဟူသော သတင်းကို ရေးသားဖော်ပြရာ ဓာတ်ပုံအောက်တွင် ဖော်ပြသောပုံစာမှာ "ဆေးသုတေသနဦးစီးဌာန (အောက် မြန်မာပြည်) သုတေသနခါတ်ခွဲခန်းတစ်ခုအား တွေ့ရစဉ်"ဟု ဖော်ပြထားခြင်း၊ သတင်း၏ စတုတ္ထအပိုဒ်တွင် "မြန်မာနိုင်ငံ အဂတိလိုက်စားမှုကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက . . . "ဟု ကော်မရှင်အမည် ပြည့်စုံမှန်ကန်စွာ မဖော်ပြဘဲ မှားယွင်းဖော်ပြခဲ့ခြင်းတို့ကြောင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဖြေရှင်းပေးရန် စာရေးသားရခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



Daily ELEVEN ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် (ဗုဒ္ဓဟူးနေ့)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ရေး အလုပ်ရုံဆွေးနွေး

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း(UNCAC)၏ အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ရေး အစီအစဉ်အရ အာဆီယံနိုင်ငံများအနက် စင်ကာပူ၊ ထိုင်း၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ပြန်လည်သုံးသပ်ရန် ကျန်ရှိနေသေးကြောင်း၊ မြန်မာနိုင်ငံ၏ ပြန်လည်ဆန်းစစ်ချက်များအား ထိုင်းနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့မှ မြန်မာအစိုးရ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်ဆန်းစစ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုဂိုနိုင်ငံနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံအား ပြန်လည်ဆန်း

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) သုတေသနဓာတ်ခွဲခန်းတစ်ခုအား တွေ့ရစဉ်

တိတိကျကျဖော်ထုတ်ရေး ထိထိရောက်ရောက်ဆောင်ရွက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံအဂတိလိုက်စားမှုကော်မ

လည်သုံးသပ်ခြင်းလုပ်ငန်းကို ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများက သိရှိဆောင်ရွက်တတ်စေရန်အတွက်လည်းကောင်း UN-DOC နှင့်ပူးပေါင်း၍ အကြိုအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

❐ စာမျက်နှာ ၄ မှ

နိုင်ငံတစ်နိုင်ငံမှာ သမ္မတဆိုတာ ကိုယ့်ရဲ့ ဖခင်ပါပဲ။ ဖခင်ဆိုတာ ကိုယ့်ရဲ့သားသမီးတွေ ဒုက္ခရောက်နေတာကို အခုလိုမျိုး လာပြီးတော့ ကြည့်တာ၊ ဖေးမကူညီတာ၊ စောင့်ရှောက်တာ ဝမ်းသာပါတယ်။ အရမ်းလည်းကြိုဆိုပါတယ်။ စိတ်ထဲမှာလည်း အလွန်ပဲ ကြည်နူးမိပါတယ်။

**ကိုဇင်မင်းအောင်**
**ကြံခုတ်လုပ်သား**
**(ကိုးကန့်သောင်းကျန်းသူအဖွဲ့ ဖမ်းဆီးခံရသူ)**

ကျွန်တော် လောက်ကိုင်ကိုအလုပ်လုပ်ဖို့ တောင်ကုတ်ကနေ တက်သွားတာပါ။ အဲဒီမှာ ကြံသွားခုတ်ရင်းနဲ့ တိုက်ပွဲတွေဖြစ်တဲ့အခါမှာ ကျွန်တော်တို့အလုပ်တွေ နားထားရပါတယ်။ အဲဒီလို နားထားရတဲ့အချိန်မှာ အခန်းအောင်းနေရတယ်။ ကျွန်တော်တို့ ပြန်ချင်တဲ့အခါမှာ ကားတွေကမရ။ အဲဒါနဲ့ ခြေကျင်လျှောက်ထွက်လာကြတယ်။ အဲဒီလို ခြေကျင်လျှောက်ထွက်လာတဲ့အခါမှာ ကိုယ့်တပ်တွေလည်းရှိတယ်လေ။ သူတို့ကို အကျိုးအကြောင်းပြောတော့ သူတို့က မိုးတိတ်မှ ထည့်ပေးမယ်လို့ပြောတယ်။ ကျွန်တော်တို့က မိုးတိတ်တဲ့အထိ မစောင့်ဘဲ ခွင့်ပြုချက်တောင်းပြီးတော့ လမ်းလျှောက်ထွက်လာခဲ့တယ်။ ချင်းရွှေဟော်တံတားအနီးမှာ အစိမ်းရောင်ဝတ်စုံနဲ့ လူငါးယောက်က ကျွန်တော်တို့ကို ဖမ်းတယ်။ မင်းတို့ မြန်မာစစ်သားလားလို့ မေးတယ်။ မဟုတ်ပါဘူးလို့ပြောတာ မရဘူး။ မင်းတို့လိုက်ခဲ့ဆိုပြီး တောထဲကို ခေါ်သွားတယ်။ တောထဲရောက်တော့ မျက်စိကို ပဝါစည်းပြီး သူတို့ခေါ်သွားတယ်။ သူတို့နေရာရောက်တာနဲ့ ကျွန်တော်တို့ကို ဟုတ်လား၊ မဟုတ်လား ထပ်မေးတယ်။ နောက်တစ်ယောက်ကိုကျတော့ ဓားပြားလေးနဲ့ လှမ်းပေါက်တာ နားရွက်ပြတ်သွားတယ်။ နောက်တစ်ယောက်ကျတော့ စစ်ဖိနပ်နဲ့ ပိတ်ကန်ကြတယ်။ ကျွန်တော့်ကျတော့ စစ်သားမဟုတ်ပါဘူးလို့ ပြောတယ်မရဘူး။ ပြီးတော့ လက်ကို ပိတ်ကန်တယ်။ ကျွန်တော် လက်ကျိုးသွားတယ်။ ကျွန်တော်တို့က ရေသောက်ချင်တယ်ဆိုပြီး ရေတောင်းတယ်၊ ရေခပ်ဖို့အသွား ကျွန်တော်တို့ ထွက်ပြေးကြတာ ဘယ်ပြေးလို့ ပြေးရမှန်းမသိ လမ်းဘေးမှာ ကားသံကြားတာနဲ့ ကားလမ်းဆိုပြီး ကားလမ်းကို ထွက်ပြေးတာ၊ ကားလမ်းရောက်တဲ့အခါ ကျွန်တော်တို့ နှစ်ယောက်ကွဲသွားတယ်။ ကျွန်တော် ထမင်းမစားဘဲနဲ့ ရှစ်ရက်ရှိပြီ လျှောက်လာခဲ့ရတာ။ လားရှိုးမြို့ ကယ်ဆယ်ရေးစခန်းအထိပေ့ါ။ အခုလို ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်နောင် ပြည်သူတွေ ဒီလိုမဖြစ်ဖို့အတွက် တိုင်းရင်းသားတွေအားလုံး ဝိုင်းဝန်းကူညီပေးကြပါလို့ ပြောချင်ပါတယ်။



သီရိရှင်းသန့်။



ဒေါ်ခင်အေးနွယ်။



ဦးကျော်ဇောထူး။

**ဆရာမ ဒေါ်နုနုသန်း**
**အထက (တာရွှေထန်)**

ကျွန်မတို့ ၉ ရက်နေ့ တိုက်ပွဲစဖြစ်ပါတယ်။ ၁၄ရက်နေ့အထိကျွန်မတို့ အဲဒီမှာ သေနတ်တွေကိုင်ပြီးတော့ နေရပါတယ်။ ၁၄ ရက်နေ့မှာ ကျွန်မတို့ တိုက်ပွဲရှောင်ဖို့အတွက် မော်တော်ယာဉ်တွေနဲ့ လိုက်လာတဲ့အချိန်မှာ ကားမှောက်သွားတာပါ။ ကားမှောက်သွားတဲ့အချိန်မှာ ကျွန်မသားလေး ခြောက်တန်းကျောင်းသားလေးတစ်ဦး ဆုံးသွားပါတယ်။ ဆယ်တန်းဖြေဖို့ သမီးလေးကတော့ ပြင်ဦးလွင်မှာ ခေါင်းခွဲစိတ်ထားပါတယ်။ ကျွန်မ အင်မတန်ကြေကွဲဝမ်းနည်းရပါတယ်။။

**ကိုရန်ရင်းမျိုးလတ်(လောက်ကိုင်)**

လောက်ကိုင်က တာဝန်ရှိပြည်သူတစ်ဦးအနေနဲ့ ကြက်ခြေနီကားကို မောင်းလာပါတယ်။ လောက်ကိုင်ကနေ စထွက်လာတဲ့ ၁ နာရီ ၄၅ မိနစ်မှာ လောက်ကိုင်ကျေးရွာမှာ ပစ်ခတ်မှု စတင်ဖြစ်ပွားပါတယ်။ သတင်းထောက် ငါးဦးနဲ့ ဒုက္ခသည် ငါးဦး၊ ကြက်ခြေနီတစ်ဦး၊ သူ့ရဲ့ တပည့်လည်းပါပါတယ်။ သူ့ရဲ့ကားကို မောင်းလာပြီး ရန်သူ့နယ်မြေထဲကနေ သူတို့ရဲ့အသက်ကို ကယ်ထုတ်နိုင်ခဲ့ပါတယ်။ သူတို့က ကြက်ခြေနီအလံကို မလဲမချင်း ပစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ စစ်ကြောင်းနဲ့ ၂ နာရီအကျော်မှာ ဆက်သွယ်ရပါတယ်။ စစ်ကြောင်းက လာကယ်မှသာ ကွမ်းလုံပြည်သူ့ဆေးရုံကို ရောက်ပါတယ်။ ကွမ်းလုံပြည်သူ့ဆေးရုံမှာ တစ်ညအိပ်ပြီးတော့ ဒီဘက်စစ်ဆေးရုံကို လွှဲပါတယ်။ တော်တော်လေးတော့ ဒုက္ခခံခဲ့ရပါတယ်။ ကိုးကန့်သောင်းကျန်းသူတွေက ကျွန်တော်တို့ ကြက်ခြေနီအလံပါတဲ့ဟာကို တကယ်ကို တော်တော်များများကို ပစ်ခတ်ခဲ့ပါတယ်။ လက်နက်ကြီးတွေနဲ့လည်း ပစ်ပါတယ်။ အခုလိုနိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့တွေအားလုံး လာရောက်အားပေးတဲ့အတွက် ပီတိဖြစ်မိပါတယ်။ ကျွန်တော်ကတော့ ဒုက္ခသည်တွေနဲ့ သတင်းထောက်တွေကို ကယ်နိုင်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။

**ဒေါ်ခင်အေးနွယ် (ရဲမေ)**

ကျွန်မအမျိုးသား စစ်ဆင်ရေးက နေ စနေနေ့ဝင်လာတယ်။ တနင်္ဂနွေနေ့ တစ်ရက်နားတယ်။ ၉ ရက်နေ့မှာ လောက်ကိုင်ဆိုပြီး ထွက်သွားတယ်။ လောက်ကိုင်ကို မရောက်ဘဲနဲ့ လောက်ကိုင်နဲ့ကြားမှာ တိုက်ပွဲတွေဖြစ်တယ်။ ဖြစ်တော့ ကျွန်မတို့က ကင်းတွေစောင့်ရတယ်။ ဒါပေမယ့် ရဲမေတွေကတော့ ဘာမှမဖြစ်ပါဘူး၊ ကျွန်မကတော့ ကိုယ်ဝန်နဲ့ဆိုတော့ ကင်းမစောင့်ရဘူး။ ကလေးတွေနဲ့ပဲ နေတာပါ။ ကလေးတွေနဲ့နေတော့ တပ်ကရဲမေတွေက ပြောတာပေ့ါ။ ဒီမှာမနေနဲ့ လားရှိုးကို လိုက်သွားလိုက်ဆိုပြီး ဒီကိုလွှဲလိုက်ပါတယ်။ လမ်းမှာတော့ ကြမ်းတာပေ့ါ။ လမ်းကြမ်းရဲ့နဲ့ ဒီကိုပြန်လာတော့ သေနတ်နဲ့ ပစ်ခံရပါတယ်။ ကျွန်မဘာမှတော့ ဒဏ်ရာဒဏ်ချက်မရဘူး။ ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်မတို့ ဒီလိုဒုက္ခရောက်နေတာ ကူညီတဲ့အတွက် သမ္မတကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။ အကုန်လုံးလည်း ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပါတယ်။

**ဗိုလ်မှူးကျော်ကျော်**
**အမှတ်(၉)တပ်မတော်စစ်ဆေးရုံ**
**ခုတင်(၁၀၀)၊ လားရှိုး**

ကျွန်တော်တို့ လောက်ကိုင်အရေးအခင်း တိုက်ပွဲဖြစ်တဲ့အချိန်ကစပြီးတော့ ကျွန်တော်တို့ ရဟတ်ယာဉ်နဲ့ သော်လည်းကောင်း၊ ယာဉ်တန်းဖြင့်သော်လည်းကောင်း ရောက်လာတဲ့ စစ်ဆင်ရေး ထိခိုက်ဒဏ်ရာရ အရာရှိ စစ်သည် အဆင့်အတန်းအားလုံး၊ တချို့ ကားအက်စီးဒင့်ဖြစ်တဲ့ ရဲမေအပါ တခြားအရပ်သားတွေအားလုံး အပါအဝင် ကျွန်တော်တို့ ဆေးရုံအနေနဲ့ လက်ခံပြီး ကုသပေးနေတာရှိပါတယ်။

ကုသမှုအပိုင်း အနေနဲ့ကတော့ အရေးကြီးလူနာဆိုရင် အနီရောင်အဆင့် သတ်မှတ်ပြီးတော့ ကုသရေးအဖွဲ့ကို ပို့ပါတယ်။ ဒုတိယအရေးကြီးလူနာကို ကျွန်တော်တို့ အဝါရောင်သတ်မှတ်ပြီးတော့ အဝါရောင်ခန်းကို ပို့ပါတယ်။ သာမန်ထိခိုက်ဒဏ်ရာဆိုရင်တော့ အစိမ်းရောင်သတ်မှတ်ပြီးတော့ အစိမ်းခန်းကို ပို့ပြီးတော့ စနစ်တကျ ကုသပါတယ်၊ ဆေးရုံအတွက် လိုအပ်တဲ့ စက်ပစ္စည်းကိရိယာ၊ ဆေးဝါးတွေကိုလည်း အထက်အကြီးအကဲတွေ၊ ကျွန်တော်တို့ ကကဆေး အစရှိသဖြင့် အကုန်လုံးက ပံ့ပိုးထားတဲ့အတွက် ပြည့်စုံမှုရှိပါတယ်။ လူအင်အားအနေနဲ့လည်း ကျွန်တော်တို့ ပြည့်စုံမှု ရှိပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ ထိခိုက်ဒဏ်ရာရတဲ့ စစ်သည်တွေ အဆင့်အတန်းအားလုံးကို ကျွန်တော်တို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကရော၊ ဝန်ကြီးဌာနတွေကရော၊ အခုဆိုရင် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ကပါ လာရောက်ပြီးတော့ အားပေးကြည့်ရှုတဲ့အတွက် အင်မတန်ပဲ ဂုဏ်ယူစရာကောင်းပါတယ်။ ကျွန်တော်တို့ စစ်သည်တွေကိုလည်း ဒဏ်ရာသက်သာတာနဲ့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်တဲ့အနေနဲ့ ရှေ့တန်းကို ပြန်သွားပြီးတော့ ပြန်တိုက်မယ်လို့ ဒီဒဏ်ရာရ စစ်သည်တွေက ပြောပါတယ်။ ဒါကလည်း အလွန်အင်မတန် ဂုဏ်ယူစရာကောင်းပါတယ်။ ရှေ့တန်းမှာ ဆေးရုံမရောက်ပေမယ့် တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားပြီး တိုက်နေတဲ့စစ်သည်တွေကိုလည်း အားပေးကြပါလို့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဆေးရုံပိုင်းအနေနဲ့ ကတော့ ဆေးကုသမှုအပိုင်းကို သာမန်ထက်ပိုပြီးတော့ ကြိုးစားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ။

# ရန်ကုန်တွင် တစ်ပတ်အတွင်း ယာဉ်မတော်တဆမှု ၄၀ ကျော်ဖြစ်၍ ရှစ်ဦးသေပြီး ၇၀ ကျော် ဒဏ်ရာရ

**ရန်ကုန်　ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ယာဉ်မတော်တဆမှု ၄၂ မှု ဖြစ်ပွားကာ ရှစ်ဦးသေဆုံး၍ ၇၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ သိရသည်။

အဆိုပါ ၄၂ မှုအနက် ယာဉ်မောင်းသူ ပေါ့ဆခြင်းကြောင့် ဖြစ်ပွားသောအမှုမှာ ၂၁ မှုဖြင့် အများဆုံးပါဝင်နေကြောင်း သိရသည်။ "ဒီအမှုတွေအပေါ် သုံးသပ်ကြည့်ရင် ဒဏ်ရာအပြင်းအထန်ရစေတဲ့ ပုဒ်မ ၃၃၈ နဲ့ အရေးယူခံရတာပိုများတာကို တွေ့ရတယ်" ဟု အဆိုပါရုံးမှ အရာရှိတစ်ဦးက ပြောသည်။

လွန်ခဲ့သော ဇန်နဝါရီလအတွင်းကလည်း ရန်ကုန်တွင် တစ်လတာအတွင်း ယာဉ်တိုက်မှုပေါင်း ၂၈၆ မှု ဖြစ်ပွားခဲ့ကာ နေ့ပိုင်းတွင် ၁၈၉ မှု၊ ညပိုင်းတွင် ၉၇ မှုဖြစ်ပွားခဲ့ကြောင်း၊ ယာဉ်မောင်းသူ ပေါ့ဆခြင်းကြောင့် ဖြစ်ပွားသောအမှု ၁၄၀ ကျော်နှင့် လိုင်စင်မပါဘဲမောင်းနှင်မှု ၁၄ မှုတို့ကို ဇန်နဝါရီလအတွင်းက စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

**ထက်ခိုင် (စမ်းချောင်း)**

*National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# တက္ကသိုလ်ကျောင်းသားသမဂ္ဂရှင်းတမ်း

ဦးကျင်စိ

ကျောင်းသားသမဂ္ဂရှင်းတမ်းဆိုလို့ ရန်ကုန်တက္ကသိုလ်သမဂ္ဂသမိုင်းရေးရန်မဟုတ်ပါ။ ကျောင်းသားသမဂ္ဂအကြောင်းရေးချင်တာကတော့ စိန်ရတုခန်းမမှာ ၁-၂-၂၀၁၅ ရက်က လေးပွင့်ဆိုင် ဆွေးနွေးပွဲမှာ ကျောင်းသားသမဂ္ဂဖြိုစဉ်အခါက ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂမှာ တာဝန်ယူခဲ့တဲ့ အန်ကယ်ကြီးတစ်ဦးက ရှင်းပြခဲ့တာကို တက်ခဲ့သူတစ်ဦး(လေးပွင့်ဆိုင်ထဲမပါသူ)က အဲဒီညနေမှာ အသံသွင်းခဲ့တာကို နားထောင်ခဲ့စဉ်ကတည်းက ယခုရှင်းတမ်းကို ရေးချင်တာပါ။ ယခုတော့ **"အမျိုးသားပညာရေးကို ပြင်ဆင်သည့်ဥပဒေမူကြမ်း"** သတင်းစာမှာပါလာပြီး အကြံပြုနိုင်တယ်ဆိုတော့ ရေးဖြစ်သွားတာပါ။ စိန်ရတုမှာတုန်းက တံခါးဖွင့်ဆွေးနွေးပွဲပါ။ ကျောင်းသားတွေက သူတို့ဆန္ဒတွေတင်ပြတဲ့အထိ ဘာမှမဖြစ်သေးပါ။ အစွဲကြီးစွာဖြင့် အဲဒီအန်ကယ်ကြီးက ပြောပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားအဖွဲ့အစည်းပေါင်း(၈၀)ကျော်ရှိပါတယ်။ သမဂ္ဂကိုယ်စားလှယ်ကသာ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှာ ပါဝင်ခွင့်ရတဲ့ အဖွဲ့အစည်းပါ။ တခြားအဖွဲ့အစည်းတွေနှင့် တန်းတူဖြစ်အောင် မနှိမ့်ချပါနဲ့၊ သမိုင်းအစဉ်အလာကြီးခဲ့တဲ့ ကျောင်းသားသမဂ္ဂကို မကြောက်ပါနဲ့၊ ရဲရဲဖွဲ့စည်းခွင့်ပေးလိုက်ပါတဲ့ အဲဒီပြောကြားချက်ကိုကြားပြီးကတည်းက ရှင်းလင်းတင်ပြချင်တာပါ။

စာရေးသူ လေ့လာမိသလောက် ကျောင်းသားသမဂ္ဂအဖွဲ့အစည်းဆိုတာ မြန်မာ့သမိုင်းမှာ အထင်အရှား ရှိခဲ့ပါတယ်ဆိုတာကို လက်ခံပါတယ်။ အဲဒီအန်ကယ်ကြီးကို ပြန်ကြားလိုတာကတော့ **"ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှာ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ရတယ်"**ဆိုတာပါ။ ၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (k)မှာ ဖော်ပြထားတာလေးကို ဖော်ပြလိုပါတယ်။ **"(k) two gratuates of atleast ten years' standing, not being members of the University staff or students in the University, elected by the students of the University"**လို့ ဖော်ပြထားပါတယ်။ **"တက္ကသိုလ်ကျောင်းသားများက တင်မြှောက်ထားသော လွန်ခဲ့သော အနည်းဆုံး ၁၀ နှစ်ခန့်က တက္ကသိုလ်ဝန်ထမ်းလည်းမဟုတ်၊ ကျောင်းသားလည်းမဟုတ်သော ဘွဲ့ရနှစ်ဦး"**လို့ နားလည်မိပါတယ်။ **အဲဒီပုဒ်မခွဲ(k)အရဆိုရင် ဘွဲ့ရကိုယ်စားလှယ်နှစ်ဦးသည် (၁)လက်ရှိကျောင်းတက်နေသော ကျောင်းသားမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။** (၂) ဒုတိယအနေဖြင့် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ကိုယ်စားလှယ်မဟုတ်သလို အဲဒီအဖွဲ့ချည်းသက်သက်က ရွေးချယ်တင်မြှောက်ထားသူများလည်း မဟုတ်ပါ။ တက္ကသိုလ်ကျောင်းသားထုက ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်ပါ။ (၃) အနည်းဆုံး ၁၀ နှစ်ခန့်က ဘွဲ့ရပြီးသူကိုသာ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုထားခြင်းကြောင့် ရင့်ကျက်သူဖြစ်နေပါပြီ။ တည်ငြိမ်ရင့်ကျက်သူကိုမှ တက္ကသိုလ်ရဲ့ပညာရေးစီမံခန့်ခွဲမှုထဲတွင် ပါဝင်ခွင့်ပေးခဲ့တာပါ။

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂမှာ ထင်ရှားပြီး လွတ်လပ်ရေးဖခင်ကြီးဖြစ်လာမည့် ကိုအောင်ဆန်းနှင့် ကိုနုတို့လက်ထက်မှာပင် တက္ကသိုလ်ကောင်စီတွင် ပါဝင်ခွင့်မရခဲ့ကြပါ။ (အကယ်၍ ပါဝင်ခဲ့ကြတယ်လို့ သိထားသူများရှိလျှင် ပြုပြင်ပေးကြပါ)။ အဲဒီတုန်းက ကျောင်းသားတွေဆိုတာ လွတ်လပ်ရေးခေါင်းဆောင် ပထမမျိုးဆက်ပါ။ အရည်အသွေးမြင့်သူတွေပါ။ ၁၉၅၇ ခုနှစ် မန္တလေးတက္ကသိုလ်အက်ဥပဒေ၏ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဠ)တွင် **"မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ၏ အမှုဆောင်အဖွဲ့က အမည်တင်သွင်းသော တက္ကသိုလ်အရာထမ်း အမှုထမ်းလည်းမဟုတ်၊ တက္ကသိုလ်ကျောင်းသားလည်းမဟုတ်သော တက္ကသိုလ်ဘွဲ့ရသူတစ်ဦး"**ဟု ဖော်ပြထားပါတယ်။ ကျောင်းသားသမဂ္ဂထွန်းတောက်ခဲ့တဲ့ ခေတ်ဆီက တက္ကသိုလ်ဥပဒေနှစ်ခုမှာတော့ ကျောင်းတက်နေတဲ့ ကျောင်းသားဆိုတာ ကောင်စီမှာ ပါဝင်နိုင်ခဲ့ခြင်းမရှိပါ။ အဲဒီသမိုင်းဝင်တက္ကသိုလ် ဥပဒေနှစ်ခုက ဖွင့်ဆိုထားတာကို ကြည့်မယ်ဆိုရင် မူဘောင်၊ မူဝါဒချမှတ်ခြင်းနှင့် ပညာရေးစီမံခန့်ခွဲမှုမှာ ကျောင်းသားသမဂ္ဂ ဘယ်အခန်းကဏ္ဍကမှ ပါဝင်ခဲ့တာ မရှိပါ၊ ကျောင်းသားထုနှင့်အတူ ကိုယ်စားလှယ်ရွေးခွင့်သာရှိခဲ့တာပါ။ ယနေ့ ပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးပေးတဲ့ ပြည်သူပြည်သားအဆင့်ပါလို့ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ ပါဝင်ခဲ့တဲ့ အန်ကယ်ကြီးကို တင်ပြတာပါ။

စာရေးသူတို့မှတ်သားဖူးတာ တစ်ခုရှိပါတယ်။ အဲဒီခေတ် ရန်ကုန်တက္ကသိုလ်နှင့်ဆက်နွယ်ထားတဲ့ ကောလိပ်တွေမှာ ကျောင်းအပ်တာနှင့် ကျောင်းသားသမဂ္ဂကြေးတစ်ကျပ်မဖြစ်မနေပေးရတယ်ဆိုတာပါ။ စာရေးသူစဉ်းစားမိပါတယ်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူတိုင်း ကျောင်းသားသမဂ္ဂအဖွဲ့ဝင်မဟုတ်တာသေချာပါတယ်။ တကယ်ဆို ကျောင်းသားသမဂ္ဂအဖွဲ့ဝင်မဟုတ်သူတွေက တစ်ကျပ်စီမပေးမနေရ ပေးရတာလဲ၊ ကျောင်းသားအဖွဲ့အစည်းပါ၊ အစိုးရအဖွဲ့မဟုတ်ပါ။ ထို့အတူ နိုင်ငံရေးပါတီလည်းမဟုတ်ပါ။ အလှူခံရင်ခံပါ။ တစ်ကျပ်ထက်လည်းပိုရချင်ရမှာပါ။မှတ်ပုံတင်ကြေးနှင့်အတူ မဖြစ်မနေကောက်တာ မဖြစ်သင့်ပါလို့မြင်မိပါတယ်။ (အမိန့်ပေး ညွှန်ကြားထားသလိုဖြစ်နေလို့ပါ)။ နောင်လာမည့် ကျောင်းဝင်ကြေးမှာတော့ ကျောင်းသားသမဂ္ဂကြေးကောက်ခံခြင်း မဖြစ်သင့်တော့ပါ။ကိုယ့်ရန်ပုံငွေကိုယ်ရှာရမှာပါ။ မြန်မာ့သမိုင်းမှာ ကျောင်းသားသမဂ္ဂအဆောက်အအုံဆိုတာ တစ်ခုပဲရှိခဲ့ဖူးပါတယ်။ အစိုးရငွေဖြင့် ဆောက်ခဲ့တာမဟုတ်ပါ၊ သူဌေးကြီး ဦးညို လှူဒါန်းခဲ့တာမို့ ကိုယ့်ရန်ပုံငွေကိုယ်ရှာပြီး ဆောက်သင့်ပါတယ်။ ပြင်ဆင်သည့် ဥပဒေကြမ်း(၂၂)(က)ရဲ့(ခခ)လိုမျိုး တက္ကသိုလ်ရန်ပုံငွေဖြင့် တည်ဆောက်ရမည်လို့တော့မပြဋ္ဌာန်းသင့်ပါ။

> **"တက္ကသိုလ်ကျောင်းသားများက တင်မြှောက်ထားသော လွန်ခဲ့သော အနည်းဆုံး ၁၀ နှစ်ခန့်က တက္ကသိုလ်ဝန်ထမ်းလည်းမဟုတ်၊ ကျောင်းသားလည်းမဟုတ်သော ဘွဲ့ရနှစ်ဦး"လို့ နားလည်မိပါတယ်။ အဲဒီပုဒ်မခွဲ(k)အရဆိုရင် ဘွဲ့ရကိုယ်စားလှယ်နှစ်ဦးသည် (၁)လက်ရှိကျောင်းတက်နေသော ကျောင်းသားမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။"**

၁၈-၂-၂၀၁၅ ရက် နိုင်ငံပိုင်သတင်းစာတွေမှာပါလာတဲ့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းမှာ ကျောင်းသားသမဂ္ဂက ဘယ်လောက်လွှမ်းမိုးထားသလဲဆိုတာကိုကြည့်ရင် သိနိုင်ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း(၁)ပုဒ်မ ၁၀ တွင် **"တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဆိုသည်မှာ တက္ကသိုလ်နှင့်ကောလိပ်များမှ ဘာသာရပ် ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ် ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ နိုင်ငံ့ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့် လွတ်လပ်သော ပညာရှင်များပါဝင်သည့် ကောင်စီဖြစ်သည်"** လို့ဆိုထားတာဟာ အထက်ပါအန်ကယ်ကြီးရဲ့ လေသံအတိုင်းပါ၊ အနာဂတ်ခေါင်းဆောင်လောင်းလျာတွေ အမြင်တိမ်းစောင်းအောင် မပြောသင့်ပါ၊ (၂)ပုဒ်မ၁၃ **"(ဂ)ပညာရေးမူဝါဒများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြေညာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ရေးဆွဲအတည်မပြုမီ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရေး"**၊ (၃)ယင်းအပိုဒ်(ဃ)တွင် **"ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရေး"**၊(၄)ပုဒ်မ၂၂(က)ကျောင်းသားများသည် **"(ကက)ကျောင်းသားသမဂ္ဂများကို ကျောင်းသားကျောင်းသူများကိုယ်တိုင် လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရမည်"** (အဲဒီ (၂)ချက်ဟာ လွတ်လပ်စွာဆိုတော့ ဖွဲ့ချင်သလိုဖွဲ့သွားလို့မရပါ၊ တက္ကသိုလ်တွင်းဆိုရင် ပဋိညာဉ်အရသာ ဖွဲ့စည်းသင့်ပြီး ဥပမာ အထက်မြန်မာပြည်၊ မြေလတ်တို့လို တက္ကသိုလ်များသမဂ္ဂတို့ဆိုလျှင်တော့ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရသာဖြစ်သင့်ပါသည်) (၅) **"(ငင)ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များပါဝင်ခွင့်ရှိသည်"**၊ (၆)ပုဒ်မ ၂၂ (ဂ)**"(ကက)အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီသည် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့ အစည်းများမှ လက်ခံသည့် လွတ်လပ်သောပညာရှင် အနည်းဆုံး ပညာရှင် (၅)ဦး၊ လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သော ပညာရှင် (၂)ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သော ပညာရှင်(၂)ဦး၊ ပါဝင်ဖွဲ့စည်းမည်"**၊ (၇)ပုဒ်မ ၂၂ (ဆ) **"(ခခ)တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ၊ လွတ်လပ်သော ပညာရှင်များ ပါဝင်သည်"**၊ (၈)ပုဒ်မ ၄၃(က) **"(ကက) ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အဆိုပြုထောက်ခံတင်ပြသည့်လွတ်လပ်သောပညာရှင် အနည်းဆုံး ၅ ဦး"**၊ (၉)ပုဒ်မ ၅၈ **"၅၅။ (က) ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို အောက်ပါအတိုင်း အနည်းဆုံး (၉)ဦးဖြင့် လွတ်လပ်သောအဖွဲ့အဖြစ် ဖွဲ့စည်းရမည်။ (ကက) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ အသိအမှတ်ပြုသော လွတ်လပ်သည့်ပညာရှင်များ အနည်းဆုံး (၅) ဦး"**၊(၁၀) ပုဒ်မ ၆၂ (ခ) **"မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းများ၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများ၏ အကြံပြုချက်များကိုရယူပြီး ပြည်သူလူထုထံ ကျယ်ပြန့်စွာသိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း"**၊ (၁၁) ပုဒ်မ ၇၂ တွင် **"ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရမည်"** ဆိုပြီး ကျောင်းသားသမဂ္ဂအဖွဲ့အစည်းတစ်ခုတည်းက နေရာ (၁၁)နေရာမှာ လုပ်ပိုင်ခွင့်ပေးထားတာပါရှိပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့သမိုင်းမှာ ကျောင်းသားသမဂ္ဂဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကတော့ **"ကျောင်းသားများ မိမိကိုယ်မိမိအားကိုး၍ လွတ်လပ်စွာဆောင်ရွက်လိုသော စိတ်ဓာတ်၊ တာဝန်ဝတ္တရားကိုသိသော စိတ်ဓာတ်အပါအဝင် စာပေအသိဉာဏ်ဖွံ့ဖြိုးရေးနှင့် လူမှုဆက်ဆံရေးတို့တွင်လည်း တတ်သိနားလည်ရေးတို့အတွက်ဖြစ်သည်"**လို့ ဆိုထားပါတယ်။ နိုင်ငံရေး၊ စီမံခန့်ခွဲရေးတွေမှာ ဝင်ရောက်စွက်ဖက်ရန်မဟုတ်ခဲ့ပါ။ အထက်ပါ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမှာ ပါဝင်တာတွေဟာ မူလရည်ရွယ်ချက်နှင့် ကွာချင်တိုင်းကွာနေပါပြီ။

အဲဒီလိုမြန်မာ့သမိုင်းနဲ့ နိုင်ငံတကာမှာတောင် မူဝါဒ၊ စီမံခန့်ခွဲမှုနဲ့ နည်းဥပဒေထုတ်ပြန်မှုတွေမှာ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်ဆိုတာ ပါဝင်ခွင့်မရှိခဲ့တာကို ယခုပြင်ဆင်သည့်ဥပဒေကြမ်းမှာ ထည့်သွင်းရခြင်းကို နားမလည်နိုင်ပါ။ တကယ်ဆို ရန်ကုန်တက္ကသိုလ်သမဂ္ဂစည်းမျဉ်းကို ကျောင်းသားတွေကိုယ်တိုင် ၁၉၃၀ ခုနှစ်က ရေးဆွဲခဲ့တာပါ။ အထက်ပါရည်ရွယ်ချက်ကိုသာ အကောင်အထည်ဖော်ရန်ဖြစ်ပြီး နိုင်ငံရေးနှင့် ပညာရေးစီမံခန့်ခွဲမှုမှာ ဝင်စွက်ဖက်ရန်မပါခဲ့လို့သာ ကိုအောင်ဆန်းတို့၊ ကိုနုတို့ခေတ်မှာ ဝင်ရောက်စွက်ဖက်ခဲ့ခြင်းမရှိတာလို့ ဆိုနိုင်ပါတယ်။

ယခုပြဋ္ဌာန်းသည့် အမျိုးသားပညာရေးဥပဒေဆိုတာ ပင်မဥပဒေ (Mother Law)ပါ။ ပင်မဥပဒေဆိုတာ မူဘောင်ပေါ်လစီချမှတ်ပေးသည့် ဥပဒေပါ။ အကုန်အသေးစိတ်မပါနိုင်ပါ။ အသေးစိတ်ကို သက်ဆိုင်ရာဆက်စပ်ဥပဒေ (sectorial law)တွေမှာ ရေးဆွဲပြဋ္ဌာန်းရပါမယ်။ ဆရာ့တာဝန်၊ ဆရာ့အခွင့်အရေး၊ ဆရာအရည်အသွေး၊ ကျောင်းသားအခွင့်အရေး၊ ကျောင်းသားတာဝန်ဆိုတာတွေက တစ်ပြည်လုံးလိုက်နာကျင့်သုံးရမှာမို့ ထည့်သွင်းသင့်ပါတယ်။ တစ်တိုင်းတစ်ပြည်လုံးနဲ့ဆိုင်တဲ့ မူဝါဒချမှတ်နိုင်တဲ့ အဖွဲ့အစည်းဆိုရင် တစ်မျိုးပါ။ အဲဒါကြောင့်မို့ တခြားနိုင်ငံတွေရဲ့ ပင်မအမျိုးသားပညာရေးဥပဒေတွေမှာ ကျောင်းသားသမဂ္ဂ (သို့) ကျောင်းသားအဖွဲ့အစည်းအမျိုးမျိုးဖွဲ့စည်းတည်ထောင်ခွင့်နဲ့ပတ်သက်၍ လေ့လာမိပါတယ်။ အထူးသဖြင့် ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ကျောင်းသားအဖွဲ့အစည်း ဖွဲ့စည်းခွင့်နဲ့ပတ်သက်၍ ပင်မဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းခဲ့တာ မတွေ့ရပါဘူး။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**◆

◆စာမျက်နှာ ၆ မှ

| စဉ် | နိုင်ငံ | ပင်မဥပဒေအမည် | ကျောင်းသားသမဂ္ဂ ပါဝင်ပြဋ္ဌာန်းမှု |
|---|---|---|---|
| ၁။ | မလေးရှား | Malaysia Education Act,1996 | မရှိ |
| ၂။ | အင်ဒိုနီးရှား | Indonesia National Education Act, 2003 | မရှိ |
| ၃။ | ဖိလစ်ပိုင် | Education Act, 1982 | မရှိ |
| ၄။ | ထိုင်း | National Education Act, 1999 | မရှိ |
| ၅။ | ကမ္ဘောဒီးယား | National Education Law, 2007 | မရှိ |
| ၆။ | ဗီယက်နမ် | Education Law, 2005 | မရှိ |
| ၇။ | တရုတ် | Education Lawof the people'sRepublic of China, 1995 | မရှိ |
| ၈။ | အိန္ဒိယ | Indian Education, 1972 | မရှိ |

ဒါဆိုရင် အဲဒီနိုင်ငံတွေမှာ ကျောင်းသားအဖွဲ့အစည်းတွေ မရှိတော့ဘူးလားလို့မေးရင် ရှိကြပါတယ်။ ရှိတာမှ ဖွံ့ဖြိုးလို့ပါ။ သက်ဆိုင်ရာဥပဒေအထူးသဖြင့် တက္ကသိုလ်အသီးသီးရဲ့ ကိုယ်ပိုင်ဥပဒေ(သို့)ချာတာတွေမှာသာ ထည့်သွင်းပြဋ္ဌာန်းထားပြီး လုပ်ဆောင်တာမို့ အဲဒီဆက်စပ် ဥပဒေတွေမှာသာ ထည့်သွင်းသင့်ပါတယ်။

အချုပ်အားဖြင့် တင်ပြလိုတာက (၁)ကျောင်းသားသမဂ္ဂအဖွဲ့အစည်းဟာ ရှိသင့်ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်မှာ ကျောင်းသားထုရဲ့ ပညာသင်ကြားရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေးတွေမှာ ပူးပေါင်းဆောင်ရွက်ရန်၊ တိုးတက်ရန်လုပ်ဆောင်ဖို့အတွက်ဆိုတဲ့ ရည်ရွယ်ချက်နှင့် သူတို့ခေတ်မှာတောင် ပညာရေးစီမံခန့်ခွဲရေးမှာ ဝင်ရောက်စွက်ဖက်ခွင့်မရှိခဲ့ပါ ဆိုတာကိုတော့ အထူးသတိပြုရမှာပါ။ (၂)အဖွဲ့အစည်းဖွဲ့စည်းခွင့်ကိုတော့ ယခုလိုပင်မပညာရေးဥပဒေအစား ဆက်စပ်ဥပဒေများမှာ ပြဋ္ဌာန်းသင့်ကြောင်းနှင့် (၃) ကျောင်းသားသမဂ္ဂတစ်ဖွဲ့တည်းသာမဟုတ်ဘဲ ယင်းတို့နှင့်အဆင့်တူ အခြားကျောင်းသားအဖွဲ့အစည်းများပါ ပြဋ္ဌာန်းခွင့်ပေးသင့်ပါသည်။ ဘာကြောင့်လဲဆိုတော့ **"ကျောင်းဆိုတာ လူ့အဖွဲ့အစည်းရဲ့ ပုံစံငယ်"**ပါ။ ယနေ့ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းသွားနေတာက ပါတီစုံဒီမိုကရေစီလူ့အဖွဲ့အစည်းပါ။ ဒါကြောင့် ကျောင်းတွေမှာ မတူကွဲပြားမှု (diversity) ကို လက်ခံအောင်၊ အဖွဲ့အစည်း အသီးသီးကို နားလည်အောင် လေ့ကျင့်ပေးရပါမယ်။ အထူးသဖြင့် အရွယ်ရောက်နေကြတဲ့ တက္ကသိုလ်အဆင့်မှာပါ။ သူတို့အဖွဲ့ကို ကိုယ့်အဖွဲ့ကလေးစား၊ ကိုယ့်အဖွဲ့က အခြားအဖွဲ့ကိုယုံကြည် စတဲ့ အပြန်အလှန်လေးစားမှုတွေ၊ ယုံကြည်မှုတွေကို ကျောင်းကတည်းက ရသွားသင့်လို့ပါ။ ပြီးတော့ သမဂ္ဂတစ်ဖွဲ့တည်းသာဖွဲ့ခဲ့ရင် တစ်ပါတီ(အာဏာရှင်ဆန်) စိတ်ဓာတ်တွေ ဝင်သွားမှာကိုတော့ ကျောင်းတွေက စိုးရိမ်စိတ်ထားရပါမယ်။ ဒါကြောင့် မလေ့ကျင့်ပေးသင့်ပါ။ သို့ပါ၍ ပညာရေးဆက်စပ်ဥပဒေမှာ သမဂ္ဂတစ်ဖွဲ့တည်းသာ ထူထောင်ခွင့်ရှိတယ်ဆိုတဲ့ စကားရပ်မျိုး မပါသင့်ကြောင်း အကြံပြုပါရစေ။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တိုင်းရင်းသားမိဘပြည်သူများ၊ ဆရာများ၊ ဥပဒေပညာရှင်များအား ပန်ကြားလိုတာကတော့ **"ကျောင်းသား အဖွဲ့အစည်းများ ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်"** ပြုတဲ့အခါ **"ဒူးနေရာဒူး၊ တော်နေရာတော်"** ဆိုတဲ့အတိုင်း ဆက်စပ်ဥပဒေတွေမှာသာ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုလိုက်ပါတယ်ခင်ဗျာ။ ။




# ဘဘဦးလှမြိုင်(မောင်တက္ကသိုလ်)၏ ကျောင်းသားသမဂ္ဂဖွဲ့စည်းခြင်း၏ အကျိုးအပြစ်များစာအုပ် ထွက်ရှိ

ကျောင်းသားသမဂ္ဂဖွဲ့စည်းခြင်း၏ အကျိုးအပြစ်များစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်ကို စာရေးသူ ဘဘဦးလှမြိုင်(မောင်တက္ကသိုလ်)က ရေးသားထားခြင်းဖြစ်သည်။

စာရေးသူသည် ကျောင်းနေစဉ် အထက်တန်းကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မော်လမြိုင်အရှေ့ပိုင်းအားကစားမှူး၊ မင်းတန်းရပ်သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ထို့ပြင် အရှေ့ပိုင်းလူငယ်များဘောလုံးအသင်းခေါင်းဆောင်၊ ပြေးခုန်ပစ်အားကစားနည်းမျိုးစုံကို ပါဝင်ကစားရာ ကိုက် ၁၀၀၊ ကိုက် ၂၀၀ လက်ဆင့်ကမ်း၊ ကိုက် ၈၀၀ ပြေးပွဲတိုင်းနှစ်စဉ်ဆုရရှိခဲ့ပြီး ၁၉၅၁ ခုနှစ်မှ နှစ်စဉ် သုံးနှစ်ဆက်တိုက် ရွှေမြိုင်မောင်ဘွဲ့နှင့် မောင်လူသန်ပထမဆုကို ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် မောင်မယ်ရွေးပွဲတွင် မောင်တက္ကသိုလ်ဘွဲ့(၅၇/၅၈)ကို ရရှိခဲ့သူဖြစ်သည့်အတွက် စာရေးဆရာဘဝတွင် ကလောင်အမည်ကို မောင်တက္ကသိုလ်ဟု အမည်တပ်ခြင်းဖြစ်သည်။

စာရေးသူက ၎င်း၏စာအုပ်ကို **အာဏာရှင်စနစ်တစ်ကြော့တစ်ဖန် ပြန်လည်မပေါ်ပေါက်လာစေရန် အရေးတွင် ယခုလျှောက်လှမ်းနေပြီဖြစ်ကြသော ဒီမိုကရေစီခရီးကို လူတိုင်းကိုယ်စီ စိတ်သဘောထားဖြူစင်စွာဖြင့် ဂုဏ်သိက္ခာရှိရှိ တာဝန်သိသိဖြင့် ရိုးသားစွာပါဝင်လျှောက်ကြစေရန် ရေးသားထားခြင်းဖြစ်ကြောင်း** ထည့်သွင်းဖော်ပြထားသည်။

ထို့အပြင် **ယနေ့ခေတ် ထွန်းကားလာသော သတင်းစာများ၊ ဂျာနယ်မဂ္ဂဇင်းများ များပြားသလောက် ကျောင်းသားသမဂ္ဂဖြစ်စဉ်ကို အမှန်အတိုင်း ရေးသားဖော်ပြခြင်းမတွေ့ရကြောင်းလည်း** ဖော်ပြထားသည်။

စာရေးသူက ၎င်းတို့ခေတ် ကျောင်းသားသမဂ္ဂများ၏ အခြေအနေနှင့် ပတ်သက်၍ရေးသားရာ၌ **ကျောင်းသားသစ္စာဖောက် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂကျောင်းသားတပ်ဦး အမည်ခံ ကွန်မြူနစ်ကျောင်းသားများနှင့် အာဏာရူးဆိုရှယ်လစ်ပါတီ၏ သားတပည့်ကျောင်းသားရဲခေါင်တို့ စည်းပျက်ကမ်းပျက် အပြိုင်အဆိုင် အလုအယက် ဟောပြောဆဲဆို ပုတ်ခတ်နေကြခြင်းကြောင့် ရန်ကုန်တက္ကသိုလ်သည် ပညာဆည်းပူးရာနယ်မြေနှင့် လုံးဝမတူသဖြင့် ဂုဏ်သိက္ခာအလျဉ်း ကင်းမဲ့နေပေပြီ။ ကိုယ်တိုင်တွေ့မြင်နေရသော ကျောင်းသားခေါင်းဆောင်တို့၏ အရည်အချင်းကင်းမဲ့လွန်းမှုကို ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဦးနုတို့ ကျောင်းသားဘဝက အရည်အချင်း၊ စေတနာ၊ စိတ်ဓာတ်ဖြူစင်ကြပုံများကို တွေးတောကြံဆမိကြောင်း။**







**လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းခေတ် အစဉ်အဆက်မှ သမိုင်းသင်ခန်းစာအရ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်မှ ကွန်မြူနစ်ကျောင်းသားများ၏ တပ်ဦးကျောင်းသားများအမည်ခံ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ ပူးပေါင်းဆောင်ရွက်ကြသော အဖျက်လုပ်ငန်းများသည် ယနေ့တိုင်းပြည်၏ ကံကြမ္မာဆိုးများကို ဖန်တီးကြသူများဖြစ်သည်ဟု ယုံကြည်သဖြင့် စာရေးသူအနေဖြင့် တက္ကသိုလ်ရောက်သော် ခပ်ပြတ်ပြတ်ရှင်းရှင်းပင် ကျောင်းသားသမဂ္ဂနှင့် အဆက်ဖြတ်နေထိုင်ခဲ့ကြောင်း** ဖော်ပြထားသည်။

ယင်းစာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနုတို့ခေတ်က စတင်တည်ထောင်ခဲ့သော ကျောင်းသားသမဂ္ဂ၏ သမိုင်းကြောင်းနှင့် အစဉ်အလာများ၊ ဖြစ်စဉ်ဖြစ်ရပ်များ၊ နောက်ပိုင်းတွင် အမှားအယွင်းများကြောင့် သမဂ္ဂနာမည်ပျက်ခဲ့ရပုံများကို ဖတ်ရှုရမည်ဖြစ်သည်။

အဆိုပါစာအုပ်ကို ညီမေတ္တာစာပေက တန်ဖိုး ၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိပြီး ဖုန်း-၀၉-၅၀၁၆၆၃ နှင့် ၀၁-၆၁၁၆၂၂၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# နိုင်ငံရေးဘောဂဗေဒနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်းစာအုပ် ထွက်ရှိ

MNTV နှင့် Yangon Media Group တို့ ပူးပေါင်းတင်ဆက်သည့် Political Dialogue အထူးအစီအစဉ်ဖြစ်သော နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ကိုကို (စက်မှုတက္ကသိုလ်)တို့ ဆွေးနွေးထားသော နိုင်ငံရေးဘောဂဗေဒနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယခုစာအုပ်တွင် ဆရာ ဒေါက်တာအောင်ထွန်းသက်က နိုင်ငံရေးဘောဂဗေဒအပိုင်းနှင့် စီးပွားရေးနှင့် နိုင်ငံရေးခွဲခြားမရဘဲ ယှဉ်တွဲစဉ်းစားသင့်ပုံကို အခြေခံပြီး ဆွေးနွေးထားသည်။ ပြုပြင်ပြောင်းလဲရေး တတိယလှိုင်းနှင့်ပါ ဆက်စပ်ဆွေးနွေးထားရာ ပထမစာအုပ်ဖတ်ရှုပြီးသွားသူတို့အတွက်လည်း ဒုတိယပိုင်းဟူ၍ပင် ပြောနိုင်သည်။

၎င်းစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် (ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။

**(ကြေးမုံ)**




# ရွှေတိဂုံစေတီတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၀၃ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၆ ရက် (ဖေဖော်ဝါရီ ၂၃ ရက် -တနင်္လာနေ့)မှ စတင်၍ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး တပေါင်းလပြည့်နေ့ (မတ် ၄ ရက်အထိ) ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ကျင်းပပူဇော်လျက်ရှိသည်။

သံဃာ့ပူဇာအနေဖြင့် တပေါင်းလဆန်း ၁၄ ရက် (မတ် ၃ ရက်- အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော သံဃာတော် ၁၁၇ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၄၄ ပါးတို့အား စေတီတော်ရင်ပြင်၌ ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။ တပေါင်းလပြည့် (မတ် ၄ ရက် -ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ရင်ပြင်တော် ရာဟုထောင့်ရှိ အောင်မြေ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ချမ်းသာကြီးတန်ဆောင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ အလှူရှင်များ၊ ဝေယျာဝစ္စ၊ ဝတ်အသင်းအဖွဲ့ဝင်များ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြောင်း သိရသည်။

**(ကိုချစ်)**

# မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် အတွေ့အကြုံများ ရှင်းလင်း

**မကွေး ဖေဖော်ဝါရီ ၂၇**

နေပြည်တော်တွင် ကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီက မကွေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းက ရှင်းလင်းမှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်နုယဉ်က တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ မှာကြားဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးအုန်းသောင်းက တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများနှင့် ထောက်ပံ့ရေးရာကိစ္စများကို မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဗဲ)**

ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဩစတြေးလျနှင့် လာအိုနိုင်ငံ သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျနိုင်ငံသံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အလားတူ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လိုင်ရင်းဆိုင်ညဇန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကောင်းမွန်မှန်ကန်သော တင်ဒါစနစ်ကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ပြည်သူနှင့် နိုင်ငံတော်ဘဏ္ဍာငွေ မှန်ကန်စွာအသုံးပြုနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ သွားရောက်ခဲ့သည့် ပြည်ပခရီးစဉ်များကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။**

ထို့နောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင်စီမံကိန်း လုပ်ငန်းများ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းက** ကျန်းမာရေးဘတ်ဂျက်များ ပိုမိုချထားပေးသည်နှင့် အမျှ ဆေးရုံ၊ ဆေးခန်း၊ ဌာနသစ်များရရှိလာပါကြောင်း၊ တိုးပွားလာသည့် ဌာနသစ်၊ အဆောက်အအုံသစ်များနှင့်အတူ ဝန်ထမ်းများကိုလည်း စနစ်တကျ စီမံကိန်းများ ရေးဆွဲပြီး တိုးချဲ့ခန့်အပ်ရမည်ဖြစ်ပါကြောင်း၊ ရှိပြီးသားဝန်ထမ်းများကိုလည်း သူ့နေရာနှင့်သူ ချထားပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံသားများသည် ကိုယ့်ဒေသ၊ ကိုယ့်မြို့နယ်တွင် ညီမျှသည့်ကျန်းမာရေးဝန်ဆောင်မှုများ ရရှိမည်ဖြစ်ပါကြောင်း၊ မြို့နယ်အလိုက်ရေးဆွဲထားသည့် စီမံချက်များအပေါ်တွင် အခြေခံပြီး ရေးဆွဲမည်ဆိုပါက ကျန်းမာရေးလိုအပ်ချက်များ တစ်မြို့နယ်နှင့်တစ်မြို့နယ် မျှတလုံလောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီက** လက်ရှိကျင့်သုံးနေသော ပညာရေးအခြေခံမူသဘောအရ အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာ



ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ အောင်သန်း။

အလယ်တန်းကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်းများ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲရမည်။ မူလတန်းကျောင်းဆိုလျှင် ကျောင်းသားအင်အား (၁၀၀)ရှိရမည်။ အထက်တန်းကျောင်းဆိုလျှင် ကျောင်းသား အင်အား (၁၀၀၀)ရှိရမည်။ ကျောင်းဆောင်ရှိရမည်။ ပရိဘောဂရှိရမည်ဆိုသော အခြေခံမူများ သတ်မှတ်ဆောင်ရွက်လုပ်ကိုင်ခြင်းကြောင့် မူလတန်းကျောင်း(ခွဲ)များ တိုးချဲ့မှုလျော့နည်းခဲ့ပါကြောင်း၊ အလယ်တန်းကျောင်း(ခွဲ)နှင့် အထက်တန်းကျောင်း(ခွဲ) အဆင့်မြှင့်တင်မှုများလည်း နည်းခဲ့ပါကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ် ကျောင်းသားများ ကျောင်းမတက်နိုင်ဘဲ ကျောင်းထွက်နှုန်း မြင့်မားပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အလယ်တန်း၊ အထက်တန်း ကူးပြောင်းနှုန်းများလည်း လျော့နည်းနေသည်ကို တွေ့ရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဇော်မြင့်ဖေက** ဘဏ်များ၏ငွေပေးချေမှုစနစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်အားပေးပြီး ပြည်သူများ ဘဏ်အသုံးချမှုတိုးပွားလာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဌာနများ၏အသုံးစရိတ်ကို လုပ်ငန်းများထပ်မနေစေရန် စိစစ်သွားရမည်ဖြစ်ပါကြောင်း၊ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို တင်းကျပ်စွာထိန်းချုပ်သုံးစွဲသွားရမည်ဖြစ်ပါကြောင်း၊ ခေါင်းစဉ်ပြောင်း သုံးစွဲခြင်းမျိုး ကွယ်ပျောက်သွားရန် တိတိကျကျစနစ်ချပြီး စိစစ်ရမည်ဖြစ်ပြီး နိုင်ငံခြားချေးငွေများကို ယခုထက်ပိုမို၍ အဆင့်ဆင့်တင်းကျပ်စိစစ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းက** အဓိကလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍတွင် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ စသည့် လူသားအရင်းအမြစ်များကို ပိုမိုမွေးထုတ်ရန် လိုအပ်နေသည့်အတွက် လူသားအရင်းအမြစ် မွေးထုတ်ရေးစီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်း၊ လုပ်ငန်းစီမံကိန်းများသတ်မှတ်ရာတွင် နေရာဒေသအကျယ်အဝန်း၊ လူဦးရေထူထပ်မှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် ဝေးလံခေါင်းပါးမှုများကို အခြေမခံသင့်ပါကြောင်း၊ တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တည်ဆောက်သည့်နေရာတွင် ပြည်သူလူထု၏ ယုံကြည်မှုရရှိရန် လိုအပ်ပါကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လူတိုင်း သက်တမ်းစေ့နေနိုင်ပြီး ရောဂါဘယကင်းဝေးရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ကြရာတွင် ကောင်းမွန်သည့် မူဝါဒ၊ မျှတသည့် စီမံကိန်း၊ တာဝန်ယူ တာဝန်ခံ၊ တာဝန်သိမှုတို့ဖြင့် အားလုံးပေါင်းစည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက** ဝန်ထမ်းဖွဲ့စည်းပုံများကို ကျစ်လျစ်စွာ ခန့်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဝန်ထမ်းများကို



ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာ နေလင်း။

တိကျသည့် လစာတစ်ရပ်တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကျစ်လျစ်သည့် ဝန်ထမ်းဖွဲ့စည်းပုံဖြင့် သွားမှသာ ထိုက်တန်သည့် လုပ်ခလစာ (သို့မဟုတ်) မိမိဘာသာရပ်တည်နိုင်သည့် အနေအထားကို ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထိုက်တန်သည့်လစာပေးနိုင်မှသာ quality ကိုရရှိမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက** ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်သည့် အချိန်ကာလတွင် တင်ဒါစနစ်များကို စနစ်တကျစီမံခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ပါက ပြည်သူ့ငွေများကို အလေအလွင့်မရှိ သုံးစွဲနိုင်မည်ဖြစ်သည့်အပြင် ဈေးကွက်အရလည်း ကောင်းမွန်သော ယှဉ်ပြိုင်မှုများကို ဖြစ်ထွန်းလာစေပြီး အရည်အသွေးပါ ပိုမိုမြင့်လာစေမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရက စီမံကိန်းလုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ရာတွင် အမှန်တကယ် လိုအပ်၊ မလိုအပ်နှင့် အမှန်တကယ်လိုအပ်ခဲ့လျှင် အမှန်တကယ် သုံး၊ မသုံး စိစစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကောင်းမွန်မှန်ကန်သော တင်ဒါစနစ်ကို လက်တွေ့ကျကျ စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ပြည်သူနှင့် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေများကို မှန်ကန်စွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းပြီးဆုံးကြောင်းနှင့် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းကို မတ် ၅ ရက်နှင့် ၆ ရက်တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်းသိရသည်။ **(သတင်းစဉ်)**




# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီးငယ်ရွယ်များ၏ ခေါင်းဆောင်မှုသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် Action Aids (မြန်မာ)တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးငယ်ရွယ်များ၏ ခေါင်းဆောင်မှု သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မေစိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။ အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီးငယ် ၆၀ တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

**✪ ကျန်းမာရေးကဏ္ဍ**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ခရိုင်ခွဲဆေးရုံအတွင်း ရောဂါအမျိုးအစားအလိုက် ဆေးဝါးကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အစည်းအဝေးခန်း၌ ခရိုင်ခွဲဆေးရုံမှ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ရွှေ့ပြောင်းအလုပ်သမားများအား ဆေးဝါးကုသပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ ဆောင်ရွက်ပေးနေမှုနှင့် Health Volunteers များ အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် Samut Sakom ခရိုင် ပြည်နယ်အုပ်ချုပ်ရေးမှူး Acting Pol.Lt. Arthit Boonyasophat က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိပြီး အဆိုပါ ဝန်ကြီးဌာနဧည့်ခန်းမ၌ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Gen. Tanasak Patimpragorn နှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့်အတူ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံနယ်စပ်ဒေသများတွင်သာမက ဗဟိုအဆင့်အထိ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေးအတွက် ဗီဇာကင်းလွတ်ခွင့် ဆောင်ရွက်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် Wat Prayun Wongsawat ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်



နိုင်ငံခြားရေးဝန်ကြီး H.E.Gen. Tanasak Patimpragorn က Kempinski Hotel ၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## အရည်အချင်းစစ်စာမေးပွဲ Aptis Test ရမှတ်များနှင့်အဆင့်တူညီသော IELTS Band Score များကို ထုတ်ယူနိုင်ကြောင်းကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ပထမအသုတ် လူတွေ့စာမေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ စုစုပေါင်း ၁၃၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ပါသည်။ လူတွေ့ဖြေဆိုသူများအနက် နိုင်ငံခြားတက္ကသိုလ်များသို့ လျှောက်ထားရာတွင် အသုံးပြုနိုင်ရန် Aptis Test ရမှတ်များနှင့် အဆင့်တူညီသော IELTS Band Score များကို ထုတ်ယူလိုသူများသည် ဗြိတိသျှကောင်စီ Exam Centre သို့ သွားရောက်၍လည်းကောင်း၊ eiei.mon@mm.britishcouncil.org သို့ ဆက်သွယ်၍သော်လည်းကောင်း မတ် ၂ ရက်မှ စတင်ထုတ်ယူနိုင်သည်။

ပညာတော်သင်ဆုနှင့် သက်ဆိုင်သော ကြေညာချက်များကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.myanmar-education.edu.mm တွင် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ **(ပညာရေးဝန်ကြီးဌာန)**

### MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း ၂၈-၂-၂၀၁၅

- ၅း၀၀ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့ နှလုံးသား" (အပိုင်း-၁၂၃)
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၂း၁၀ Healthy Life (ကလေးငယ်များ စကားပြောနောက်ကျခြင်း)
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ဟန်ဆောင်ကာမူပို(အပိုင်း-၂)]
- ၃း၄၅ Fashion Week [မိုးကုတ်ပေါက်ပေါက် (Hongkong)](Part-2)
- ၄း၁၀ Kid's Show
- ၄း၂၅ LG Innofest 2015
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ နှလုံးသား" (အပိုင်း-၁၂၄)
- ၁း၃၀ Spain Laliga (Almeria Vs Deprtivo La) (Live)
- ၄း၁၀ Education Talk (မြန်မာစာအရေးအသားနှင့် ကွန်ပျူတာနည်းပညာ)

## ရခိုင်ပြည်နယ်နှင့် နိုင်ငံတော်ဓာတ်အားပေးစနစ်ချိတ်ဆက်ကာ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ ရခိုင်ပြည်နယ်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**



လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ကျောက်ဖြူမြို့ရှိ GAS Engine များမှ ရခိုင်ပြည်နယ်နှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့ရှိ ဂုန်းချိန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ကျောက်ဖြူမြို့ GAS Engine များမှ ရခိုင်ပြည်နယ်နှင့် နိုင်ငံတော် ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ မြန်မာနိုင်ငံ၌ တည်ဆောက်ပြီးစီးသည့် ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၄၄ ရုံဖြစ်ပြီး၊ စုစုပေါင်း စက်တပ်ဆင်အား ၄၇၁၄ မဂ္ဂါဝပ်ရှိပါကြောင်း၊ ဓာတ်အားစနစ် ထုတ်လုပ်ဖြန့်ဖြူးမှုမှာ ၂၀၁၄ ခုနှစ် အတွင်း အများဆုံး ၂၂၃၂ မဂ္ဂါဝပ်အထိရှိပါကြောင်း။

၂၀၁၀-၂၀၁၁ ခုနှစ်က အိမ်ထောင်စုပေါင်း (၂ ဒသမ ၄၂)သန်း အတွက်သာ လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့ပြီး ယခု၂၀၁၅ ခုနှစ်တွင် အိမ်ထောင်စုပေါင်း (၃ ဒသမ ၁၅ )သန်း အထိ ဓာတ်အားပေးထားနိုင်သည့်အတွက် (၃၄ ဒသမ ၆) ရာခိုင်နှုန်းခန့် ဓာတ်အား သုံးစွဲလာနိုင်ပြီဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားမရသေးသည့် ပြည်သူ (၆၅ ဒသမ ၄) ရာခိုင်နှုန်းဖြစ်သည့် ကျန်အိမ်ထောင်စုပေါင်း (၆ ဒသမ ၁၃) သန်းကို ဓာတ်အား ဆက်သွယ်ဖြန့်ဖြူး ပေးနိုင်ရန်အတွက် လက်ရှိ ဆောင်ရွက်မှုနှုန်း၏ သုံးဆ တိုးမြှင့်ပြီး ဆောင်ရွက်မည်ဆိုပါက အချိန် (၁၂) နှစ်ခန့် ဆက်တိုက် ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း စွမ်းအင်အရင်းအမြစ် အမျိုးမျိုးဖြစ်သည့် ရေအား၊ သဘာဝဓာတ်ငွေ့၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ကျောက်မီးသွေးစသည့် ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်နေ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က ရခိုင်ပြည်နယ်နှင့် နိုင်ငံတော် ဓာတ်အားပေးစနစ် ချိတ်ဆက်ကာ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်တွင် မဟာဓာတ်အားလိုင်းမချိတ်ဆက်နိုင်သေးမီ ကာလ တစ်လျှောက်လုံး ဒီဇယ်ဆီမီးစက်များမှ လျှပ်စစ်ဓာတ်အားခ တစ်ယူနစ်လျှင် အနည်းဆုံး ငွေကျပ် ၄၅၀ ခန့်ပေးပြီး သုံးစွဲနေခဲ့ရသည်ကို နိုင်ငံတော်အစိုးရအနေဖြင့် ဖြစ်နိုင်သမျှ အမြန်ဆုံးနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ ပထမအဆင့်တွင် ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့စတင်သုံးစွဲနိုင်သည်နှင့် ဓာတ်အားအမြန်ထုတ်လုပ်နိုင်ရန် ကျောက်ဖြူတွင် (၄ ဒသမ ၄) မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်စက်များ ငှားရမ်းပေးပြီး၊ ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင်ဒေသများကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်က စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်နှင့် အနီးဆုံးဖြစ်သည့် ဥသျှစ်ပင်ဓာတ်အားခွဲရုံမှ တစ်ဆင့် တောင်ကုတ်-မအီ-ကျောက်ဖြူတို့ကို မဟာဓာတ်အားလိုင်းများ သွယ်တန်းတည်ဆောက်ပြီး ဓာတ်အားစနစ်နှင့် ချိတ်ဆက်ပေးရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စုစုပေါင်း (၄၀၈ ဒသမ ၂၅) မိုင်ကို တည်ဆောက်ရာတွင် ရခိုင်ရိုးမကို ဖြတ်ကျော်တည်ဆောက်ရခြင်း ဖြစ်သည့်အတွက် ပစ္စည်းများ လုပ်ငန်းခွင်ရောက်ရှိရန် သယ်ယူပို့ဆောင်ရေး အခက်အခဲများအပြင် မိုးများသည့်ဒေသဖြစ်သည့်အတွက် လိုင်းတည်ဆောက်ရေးဝန်ထမ်းများ မိုးထဲရေထဲတွင် ဇွဲနပဲကြီးစွာ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယင်းကြိုးပမ်းချက် ရလဒ်အဖြစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် တောင်ကုတ်၊ သံတွဲ၊ ငပလီ၊ အမ်း၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးမြို့များကို ဓာတ်အားပေးစနစ်မှ ဓာတ်အားဖြင့် စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ဝန်း လျှပ်စစ်ဓာတ်အားပေးနိုင်ရေး စီမံကိန်းများအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၀၂ ဒသမ ၄၃၉) သန်းနှင့် ပြည်တွင်းငွေကျပ် (၈၈ ဒသမ ၅၀၈) ဘီလီယံ သုံးစွဲခဲ့ရပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရေး၊ စိုက်ပျိုးရေးအခြေခံ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထူထောင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်နိုင်ရေးတို့ကို အဓိကအလေးထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အနှံ့အပြားတွင်လည်း လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းရေးအတွက် ရခိုင်ပြည်နယ်အပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်၍ ပြည်သူလူထု၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍ အားလုံးမှာ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာတော့မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လျှပ်စစ်ဓာတ်အား ပို့လွှတ်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရနှင့်အတူ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများက တစ်စိတ်တစ်ဝမ်း၊ တစ်သားတည်း အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လွင်နှင့် Zeya & Associates Co,..Ltd Managing Director ဦးဇေယျာသူရမွန်တို့က လျှပ်စစ်ဓာတ်အားပေး စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ဓါတ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက GAS Engine အား စတင်မောင်းနှင်ပေးကာ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် လျှပ်စစ်ဓာတ်အားပေး စက်ရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း စီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ လက်ရှိဓာတ်အားစနစ်ဖြင့် သံတွဲမြို့၊ ငပလီမြို့၊ တောင်ကုတ်မြို့၊ အမ်းမြို့၊ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့များကို မီးလင်းစေခဲ့ပြီး ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ဓာတ်အားစနစ်ဖြင့် ဆက်လက်မီးလင်းနိုင်ရန်အတွက် မင်းပြား၊ မဒေးကျွန်း၊ ပေါက်တော၊ မြေပုံ၊ မအီ၊ ဂွ၊ တပ်တောင်၊ ကမ်းထောင့်ကြီး စသည့်မြို့များကို ဓာတ်အားစနစ်ဖြင့် ဆက်လက်မီးလင်းနိုင်စေရန် ဆောင်ရွက်နေကြောင်း၊ အလားတူ ဓာတ်အားစနစ်ဖြင့် ဆက်လက်မီးလင်းနိုင်မည့် မြို့များအဖြစ် ကျိန္တလီမြို့နယ်ခွဲ၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင် မြို့နယ်၊ မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲများကို လျှပ်စစ်မီးရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေကို အရှုံးခံပြီးတော့မှ အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲခြင်းမဟုတ်

ဦးပိုက်ထွေး

# ပြန်ကြားရေးဝန်ကြီးဌာနက တခြားကဏ္ဍမှာ လိုအပ်ချက်အရ စိုက်ပေးရပေမယ့် သတင်းစာမှာ အမြတ်ရရှိပါတယ်။ အဲဒီအတွက် ကြိုဆိုပါတယ်

ဦးဖုန်းမြင့်အောင်

အမေး၊ အရေး
မင်းမင်းဇော်(သတင်းစဉ်)
ဟန်နီဝင်း(သတင်းစဉ်)
ဓာတ်ပုံ - ရွှေကိုလေး

**၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နိုင်ငံတော်အတွက် အမြတ်ငွေ ၄ ဘီလီယံကျော်ရရှိမည်ဟု ခန့်မှန်းထားသည်။ ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေ ၃ ဒသမ ၅ ဘီလီယံကျော်ရရှိခဲ့သည်ဟုလည်း သိရှိရသည်။ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးအခြေအနေအရ လိုငွေပြနေသည့် ၃၀ ဒသမ ၁၉၄ ဘီလီယံကျော်မှာ ဦးစီးဌာနများ၏ ရုံးအသုံးစရိတ်များဖြစ်သည်ဟု ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးအခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားခဲ့ပြီးဖြစ်သည်။**

**နိုင်ငံပိုင်မီဒီယာများ အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏မူနှင့်အခြေခံသဘော အပါအဝင် စီမံကိန်းလုပ်ငန်းများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးလျက်ရှိရာ ပြည်သူ့ကိုယ်စားလှယ်များ၏ သုံးသပ်ချက်အမြင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့၏ စကားသံများကို ဖော်ပြလိုက်ပါသည်။**


ဒုတိယဝန်ကြီး ဦးပိုက်ထွေး


ဦးဖုန်းမြင့်အောင်


ဒေါ်ခင်ဝိုင်းကြည်


ဒေါ်စန္ဒာမင်း

**ဒေါ်စန္ဒာမင်း**
**ဇမ္ဗူသီရိမြို့နယ်မဲဆန္ဒနယ်**

နိုင်ငံပိုင်မီဒီယာတွေ အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ်ပြောင်းလဲတာကို ဝမ်းသာစွာကြိုဆိုပါတယ်။ တချို့နိုင်ငံတွေမှာလည်း အစိုးရကနေ ပြည်သူလူထုအတွက် ဖော်ပြချင်တဲ့ ကိစ္စတွေ ပေါ်လစီတွေကိုတော့ အစိုးရကနေဦးစီးပြီး ထုတ်ဝေနေတဲ့ သတင်းစာတွေရှိပါတယ်။ ဒါမျိုးတွေလည်း ရှိသင့်သေးတယ်လို့လည်း ထင်ပါတယ်။ အခုအခါမှာ ပုဂ္ဂလိကပိုင်သတင်းစာတွေ ထွက်နေတာလည်း အများကြီးရှိပါတယ်။ သူတို့တွေအနေနဲ့ မီဒီယာလွတ်လပ်ခွင့် အပြည့်အဝနဲ့ ရေးသားနေတယ်လို့လည်း ထင်ပါတယ်။ ဒါပေမယ့် တချို့သတင်းတွေ မှားနေတယ်ဆိုတာလည်း ကျွန်မတို့ သိပါတယ်။ အခုနိုင်ငံတော်က ဖော်ပြနေတဲ့ ပေါ်လစီတွေ နိုင်ငံတော်ရဲ့ ရပ်တည်ချက်မျိုးတွေကိုတော့ ပြောင်းလဲမသွားစေချင်ဘူးလို့ ပြောချင်ပါတယ်။

**ဦးဖုန်းမြင့်အောင်**
**ရန်ကုန်တိုင်းဒေသကြီး**
**မဲဆန္ဒနယ်အမှတ်(၃)**

ကျွန်တော်လေ့လာကြည့်လိုက်တော့ ပြန်ကြားရေးဝန်ကြီးဌာနက သတင်းစာမှာ အမြတ်ရှိတာတွေ့ရပါတယ်။ အစိုးရပိုင်သတင်းစာ မထုတ်သင့်ဘူးလို့ ပြောနေကြတာတွေ ရှိပါတယ်။ ဒါပေမယ့် အစိုးရပိုင်သတင်းစာကမြတ်နေတယ်။ **ပြန်ကြားရေးဝန်ကြီးဌာနက တခြားကဏ္ဍမှာ လိုအပ်ချက်အရ စိုက်ပေးရပေမယ့် သတင်းစာမှာ အမြတ်ရရှိပါတယ်။ အဲဒီအတွက် ကြိုဆိုပါတယ်။** ငွေရေးကြေးရေးကဏ္ဍတွေ ကိစ္စတွေမှာ အစိုးရက လုပ်တာထက်စာရင် အများပြည်သူဝန်ဆောင်မှုအနေနဲ့ လုပ်တာပိုကောင်းပါတယ်။ စိတ်ဝင်စားတဲ့သူတွေအနေနဲ့လည်း ရှယ်ယာပါတာမျိုးလေးလုပ်လို့ ရသွားတာပေါ့။ ခေတ်စနစ်တွေကလည်း ပြောင်းသွားပြီ။ မီဒီယာခေတ်ကို ရောက်နေပြီဆိုတော့ ဝန်ဆောင်မှုကို ပိုပြီးတော့ကောင်းအောင် လွတ်လွတ်လပ်လပ်လုပ်နိုင်အောင် အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ်လုပ်တာ ခေတ်စနစ်နဲ့လည်း လျော်ညီပါတယ်။ အခုက ပုဂ္ဂလိကသတင်းစာတွေမှာ ရှုံးနေတာရှိတယ်။ ဒါပေမယ့် အစိုးရသတင်းစာက မြတ်နေတယ်။ နိုင်ငံတော်အတွက်လည်း ရရှိတဲ့အမြတ်ထဲကနေ နိုင်ငံတော်ကို ပြန်သွင်းနိုင်တယ်။ ဒါမျိုးလေးတွေကို ပြည်သူတွေသိရှိအောင် Hightlight လုပ်သင့်တယ်။ အစိုးရသတင်းစာက ရှုံးနေရင်တော့ ကျွန်တော်တို့ကလည်း ထောက်ပြရမယ်။ ပြည်သူ့ဘဏ္ဍာငွေနဲ့ အရှုံးပြနေရင်တော့ ထောက်ပြရမှာပေါ့။

အစိုးရပေါ်လစီပါတဲ့ သတင်းကို သတင်းစာတစ်ခုက ထုတ်ပြန်ရမှာပါ။ အစိုးရသတင်း ထုတ်ပြန်ချက်တွေကို ပုဂ္ဂလိကသတင်းစာကနေ ယူရတာကျတော့လည်း သိပ်ပြီး reliable မဖြစ်ဘူး။ ပြည်သူတွေအတွက် refer လုပ်မယ်ဆိုရင် အစိုးရပိုင်သတင်းစာကို refer လုပ်လို့ရတယ်။ အဲဒါတွေအတွက် သတင်းစာကထုတ်ပေးသင့်တယ်။ အကယ်၍ အစိုးရသတင်းစာတွေ ရှုံးနေမယ်ဆိုရင် ကြော်ငြာတွေမထည့်ဘဲနဲ့ အစိုးရသတင်းသာသီးသန့်ထုတ်သင့်တယ်။ ဒါပေမယ့် အစိုးရသတင်းစာက မြတ်နေတဲ့အတွက် ဒီအတိုင်းပဲဆက်သွားရမယ်။ မြန်မာနိုင်ငံမှာ digital media က ဒီလောက်မဖွံ့ဖြိုးသေးဘူး။ ဒီတော့ ပုံနှိပ်မီဒီယာကိုပဲ အားကိုးနေရဦးမှာပါ။ ဒါကြောင့် အစိုးရသတင်းတွေကို ထုတ်ပြန်ပေးမယ့် ပုံနှိပ်မီဒီယာက ရှိသင့်တယ်။

**ဒေါ်ခင်ဝိုင်းကြည်**
**ရန်ကုန်တိုင်းဒေသကြီး**
**မဲဆန္ဒနယ်အမှတ်(၁)**

ကျွန်မတို့နိုင်ငံက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သွားတာဖြစ်တယ်။ နိုင်ငံတကာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သွားတယ်။ လိုအပ်သလို ဥပဒေတွေ ပြဌာန်းပေးရမယ်လို့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပါတယ်။ လက်ရှိမှာ မီဒီယာတွေရဲ့ အခန်းကဏ္ဍက အရေးကြီးလာတယ်။ မီဒီယာတွေ အမျိုးမျိုးရှိတဲ့အထဲမှာ အများပြည်သူဝန်ဆောင်မှုမီဒီယာကိုလည်း ကြိုဆိုပါတယ်။ ပြည်သူအတွက် ရည်ရွယ်တဲ့ မီဒီယာတွေကို ကြိုဆိုပါတယ်။ မီဒီယာကို လက်ကိုင်တုတ်လုပ်ပြီး အသုံးချမယ်ဆိုရင်တော့ တစ်မျိုးပေါ့။ အဲလိုမဟုတ်ဘဲ ပြည်သူလူထုအတွက် အသိပညာ၊ ဗဟုသုတ၊ capacity တိုးပွားအောင် ဆောင်ရွက်တာဆိုရင် ကြိုဆိုပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲရာမှာလည်း အားနည်းချက်တွေ အားသာချက်တွေရှိမှာပါ။ ဘယ်နေရာမှာဖြစ်ဖြစ် အားနည်းချက်၊ အားသာချက်ဆိုတာရှိပါတယ်။

**ဦးပိုက်ထွေး**
**ဒုတိယဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

ပြည်ထောင်စု လွှတ်တော်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းရဲ့မူနဲ့ အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းတွေနဲ့စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်တွေက မနေ့ကနဲ့ ဒီနေ့မှာဆွေးနွေးခဲ့ကြပါတယ်။ မနေ့က ဆွေးနွေးတဲ့အထဲမှာ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ပတ်သက်ပြီးဆွေးနွေးသွားတာရှိပါတယ်။ အဲဒါ ဘာလဲဆိုတော့ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေကို အများပြည်သူဝန်ဆောင်မှုသတင်းစာအဖြစ် ပြောင်းလဲအကောင်အထည်ဖော်ရန် ဆိုတဲ့အချက် ပါရှိတဲ့အကြောင်း၊ အများပြည်သူဝန်ဆောင်မှုသတင်းစာအဖြစ် ပြောင်းလဲအကောင်အထည်ဖော်တဲ့အခါ နိုင်ငံတော်က အရှုံးခံပြီး ပြောင်းလဲရမယ်ဆိုတဲ့ အချက်ကို စဉ်းစားသင့်ကြောင်းဆိုပြီး ဆွေးနွေးသွားတာတွေ့ရပါတယ်။ တကယ်တော့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာကို ထုတ်ဝေနေတဲ့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဟာ အရှုံးမရှိခဲ့ပါဘူး။ ဒီမိုကရေစီအစိုးရသစ်လက်ထက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ နှစ်အလိုက် အကျိုးအမြတ်တွေရရှိခဲ့ပါတယ်။ ဒါတွေကို သိအောင် ချပ်တင်ပြရမယ်ဆိုရင် **၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေမပါ အမြတ်ငွေကျပ် ၆၃၁၅ သန်းရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေမပါ အမြတ်ငွေကျပ် ၆၉၂၇ သန်းရရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ အမြတ်ငွေကျပ် ၆၅၄၄ သန်းနဲ့ ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေနုတ်ပြီး သန်း ၃၅၀၀ ကျော်၊ အခု ၂၀၁၄-၂၀၁၅ ဒီဇင်ဘာလကုန်ထိ အမြတ်ငွေကျပ်သန်း ခြောက်ထောင်ကျော် ရရှိနေပြီး နှစ်ကုန်ပါက ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေနုတ်ပြီး အမြတ်ငွေ သန်း ၄၀၀၀ ကျော်ရမယ်လို့ ခန့်မှန်းထားပါတယ်။** သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ အရှုံးမရှိတဲ့အကြောင်း ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်အနေနဲ့ ပြန်ကြားရေးဝန်ကြီး ဌာနရဲ့ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေ ပြည်ထောင်စုလွှတ်တော်မှာ လာရှင်းတဲ့ အချိန်တုန်းကလည်း ရှင်းလင်းတင်ပြခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ပြီးခဲ့တဲ့လွှတ်တော်အစည်းအဝေးတစ်ခုမှာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အရှုံးမရှိကြောင်းကို ကျွန်တော်ကိန်းဂဏန်းတွေနဲ့တကွ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ထို့အတူသတင်းစာမှာလည်း အရှုံးမရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း **ဦးခိုင်မောင်ရည်အနေနဲ့ ဘယ်ဌာန၊ ဘယ်အချက်အလက်တွေကနေ ကိုးကားပြီး ဆွေးနွေးတယ်ဆိုတာမသိပါဘူး။ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေကို အရှုံးခံပြီးတော့မှ အများပြည်သူ ဝန်ဆောင်မှုမီဒီယာအဖြစ်ပြောင်းလဲမှာ မဟုတ်ပါဘူး။** ကျွန်တော်တို့ ယနေ့ထုတ်နေတဲ့ သတင်းစာတွေဟာလည်း ရှုံးနေတာမဟုတ်ဘဲ ခုနက ကျွန်တော် တင်ပြခဲ့သလို အမြတ်တွေရရှိနေတာဖြစ်တဲ့အကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအပေါ်မှာ စေတနာဖြင့် ထောက်ပြဆွေးနွေးတာကို ဝမ်းသာအားရလက်ခံကြိုဆိုပါတယ်။ ဒါပေမယ့် တချို့ဆွေးနွေးချက်တွေဟာ မှန်မှန်ကန်ကန်နဲ့ တိတိကျကျဖြစ်ဖို့ လိုပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးကို ရှေးရှုပြီး အပြုသဘောဆောင်သင့်တာပေါ့ဗျာ။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ကတော့ ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပေးတဲ့ အခုလာမယ့် မတ်လ ၅ ရက်နဲ့ ၆ ရက်နေ့မှာ ဦးခိုင်မောင်ရည် ဆွေးနွေးတာနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုအတွက် ဆောင်ရွက်မယ့်စီမံကိန်းက မြန်မာ့အသံကို ပိုမိုကြည်လင်ပြီးပြတ်သားစွာ နားဆင်နိုင်ဖို့ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာရှိစေဖို့ အက်ဖ်အမ်တွေ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီဘတ်ဂျက်မှာ အက်ဖ်အမ် ၂၅ ရုံတိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှာ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်တွေကို Analogue စနစ်ကနေ DVB -T2 စနစ်ကို ပြောင်းလဲဆောင်ရွက်နေတာရှိပါတယ်။ ဒီဘတ်ဂျက်မှာတော့ DVB-T2 စက်မြို့ ၅၀ မှာ တိုးချဲ့ဆောင်ရွက်သွားပါမယ်။ DVB- T2 တိုးချဲ့ဆောင်ရွက်ပြီးသွားပြီဆိုရင် ပြည်သူလူထုအနေနဲ့ မြန်မာ့အသံမှာ ထုတ်လွှင့်နေတဲ့ရုပ်သံလိုင်းအပြင် အခြား MRTV-4၊ Channel-7 အစရှိတဲ့ ရုပ်သံလိုင်း ၁၄၊ ၁၅ လိုင်းလောက်ကို အခမဲ့ကြည့်ရှုနိုင်တော့မှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာ သတင်းစာတွေအနေနဲ့ ပြည်သူလူထုလက်ဝယ်ကို အချိန်မီရောက်ရှိဖို့နဲ့ ကျေးလက်ဒေသထိ သတင်းစာတွေဖြန့်ဝေနိုင်ဖို့အတွက် ဒီနှစ်မှာ ရခိုင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမှာ သတင်းစာတိုက်တွေ တည်ဆောက်ပါမယ်။ ပြည်သူလူထုအနေနဲ့ သတင်းစာတွေကို အချိန်မီဖတ်ရှုနိုင်ဖို့နဲ့ သတင်းစာအရည်အသွေး ကောင်းမွန်စွာဖတ်ရှုနိုင်ဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ စာကြည့်တိုက်အနေနဲ့ ဒီနှစ်မှာ တစ်နိုင်ငံလုံး စာကြည့်တိုက် ၂၀၀ အတွက် စာကြည့်တိုက် တစ်တိုက်ကို ကျပ်သိန်း ၂၀ နှုန်းထောက်ပံ့ဆောင်ရွက်သွားဖို့ရှိကြောင်း ပြောကြားလိုပါတယ်။

## ရွှေ့တန်းရောက် တပ်မတော်သားများအတွက် ငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၇**

လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများ၊ မှီခိုသူမိသားစုများနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမဌ်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်အဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များတက်ရောက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှ အလှူရှင်အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များ၏ လှူဒါန်းငွေများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ စည်ပင်သာယာရေးဝန်ကြီးနှင့် မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းတို့က လက်ခံရယူခဲ့ကြသည်။ ယင်းနောက် ဝန်ကြီးချုပ်က အလှူရှင်များအား ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယနေ့ မန္တလေးတိုင်းဒေသကြီးမှ ဒုတိယအကြိမ်အဖြစ် လှူဒါန်းသည့် အလှူငွေစုစုပေါင်းမှာ ကျပ် ၆၀၆ သိန်းဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# မြန်မာ-ထိုင်း ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွေ့အကြုံနှင့် မူဘောင်များဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ထိုင်းနိုင်ငံ စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr.Supant Mongkolsuthree၊ မြန်မာ-ထိုင်း စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Panitarn Pavarolavidya တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွေ့အကြုံနှင့် မူဘောင်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ထိုင်းနိုင်ငံသံရုံးရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးသတင်းစင်တာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမာလာမျိုးညွန့်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အခန်းကဏ္ဍ၊ နိုင်ငံတွင်း၌ ပြည်ပရင်းနှီးမြှုပ်နှံမှု လာရောက်လုပ်ကိုင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် ကဏ္ဍများကို တင်ပြသည်။

ယင်းနောက် ထိုင်း-မြန်မာစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr.Panitarn Pavarolavidya ဦးဆောင်၍ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော ကုမ္ပဏီမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံအတွင်း၌ လက်ရှိ ၎င်းတို့လုပ်ကိုင်နေသော စီးပွားရေးအခြေအနေများနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံစီးပွားရေးကုမ္ပဏီများမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

အဆိုပါ ထိုင်းနိုင်ငံ စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးဆောင်သော ထိုင်းနိုင်ငံစီးပွားရေးကုမ္ပဏီ ၁၈ ခုတို့မှ ကိုယ်စားလှယ်များသည် မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာကြသည်။ **(ခင်ချိုဝင်း)**



# အူရီဒူးမြန်မာက တင်ဆက်သည့် ထာဝရတွဲလက်များ ဇာတ်လမ်းတိုကို ရုပ်မြင်သံကြားများတွင် ထုတ်လွှင့်ပြသမည်

အူရီဒူးမြန်မာ၏ မြန်ဆန်သော 3G အင်တာနက်အကြောင်း မိုဘိုင်းဖုန်းသုံးစွဲသူများ ပိုမိုသိစေရန်အတွက် ဇာတ်လမ်းတိုများကို ရုပ်မြင်သံကြားများတွင်ပြသလျက်ရှိရာ ဒုတိယဇာတ်လမ်းဖြစ်သည့် "ထာဝရတွဲလက်များ" ဇာတ်လမ်းတိုကို မကြာမီ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထုတ်လွှင့်ပြီးသွားသည့် ပထမဇာတ်လမ်းတွဲဖြစ်သည့် "သိရှိခံစားအချစ်စစ်စွမ်းအား" အမည်ရှိ ရုပ်သံဇာတ်လမ်းကို MRTV, MRTV-4, MWD, MWD Docu, MWD, 5 Network, Skynet Channel ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသလျက်ရှိသည်။ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ကျရောက်ခဲ့သော ချစ်သူများနေ့မှစတင်၍ တင်ဆက်နေခြင်းဖြစ်ပြီး အူရီဒူး၏ မြန်နှုန်းမြင့် 3G အင်တာနက်ကို အသုံးပြု၍ အချစ်စစ်တစ်ခုကို ရှာဖွေတွေ့ရှိသူ ချစ်သူနှစ်ဦး၏ ဇာတ်လမ်းတိုသုံးခုအနက်က ပထမဆုံး "ဆုံတွေ့ခြင်း" ကို ထုတ်လွှင့်တင်ဆက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်လမ်းတွဲသည် ငယ်ရွယ်နုပျိုသော လူငယ်လေးနှစ်ဦးဖြစ်သည့် ကိုထက်နှင့် မသီရိတို့၏ အင်တာနက်ကြောင့် ပေါက်ဖွားလာသော အချစ်စစ်တစ်ခုအကြောင်းပေါ်တွင် ဇာတ်အိမ်တည်ထားခြင်းဖြစ်သည်။ ဇာတ်လမ်းထဲတွင် မျက်နှာသစ် သရုပ်ဆောင်ကလေးများ၏ အနုပညာအရည်အသွေးကို မျက်ဝါးထင်ထင် မြင်တွေ့ရမည်ဖြစ်ပြီး မြန်မာပြည်၏ အလှပဆုံးသော ရှုခင်းများ အသာယာဆုံးနေရာများကိုလည်း နောက်လာမည့် ဇာတ်လမ်းတိုများတွင် ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

ကြော်ငြာဇာတ်လမ်းတွင် ပါဝင်သည့် ကိုထက်နှင့် မသီရိတို့၏ အချစ်ဇာတ်လမ်းသည် အူရီဒူး၏ မြန်နှုန်းမြင့် 3G အင်တာနက်ကို အသုံးပြု၍ Viber, Facebook, Video Calling များ အသုံးပြုခြင်းဖြင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး အချစ်ဇာတ်လမ်း၏ ရသကိုလည်း တစ်ခန်းတစ်ကဏ္ဍအနေဖြင့် ပေးစွမ်းနိုင်စေမှာဖြစ်သည်ဟု အူရီဒူးမြန်မာ၏ လူမှုဆက်ဆံရေးနှင့် ပြန်ကြားရေး အကြီးတန်းမန်နေဂျာ မသီရိကြာညိုက ပြောသည်။ **(၀၀၂)**

# သတ်မှတ်ယာဉ်မောင်းလိုင်စင်မဟုတ်ဘဲ မောင်းနှင်မှုများလာခြင်းကြောင့် လိုင်စင်ပိတ်သိမ်းအရေးယူရန် ညှိနှိုင်းနေဟုဆို

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ယခုရက်ပိုင်းအတွင်း အချို့သော ယာဉ်မောင်းများသည် သတ်မှတ်ယာဉ်မောင်းလိုင်စင်မဟုတ်ဘဲ မောင်းနှင်နေကြသည်ကို စစ်ဆေးတွေ့ရှိမှုများပြားလာခြင်းကြောင့် ကာလတစ်ခု သတ်မှတ်၍ ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းအရေးယူရန် ညှိနှိုင်းနေကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံး(ရန်ကုန်)တွင် ယနေ့ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သတင်းရရှိသည်။

"လောလောဆယ်တော့ ကညနနဲ့ ညှိနှိုင်းဆွေးနွေးနေတယ်။ ဒါဟာလည်း အမှုအခင်းတွေ ဖြစ်ပွားမှု လျော့ကျစေဖို့ ဖြစ်ပါတယ်" ဟု ဒုတိယရဲမှူးကြီး လင်းထွဋ်က ထုတ်ဖော်ပြောကြားသည်။ ကိုယ်ပိုင်ယာဉ်များတွင် "ခ" ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်နိုင်သော်လည်း တက္ကစီယာဉ်အဖြစ် မောင်းနှင်လုပ်ကိုင်မည်ဖြစ်ပါက အနိမ့်ဆုံး"ဃ" ယာဉ်မောင်းလိုင်စင်ရှိထားရန် လိုအပ်သော်လည်း အချို့သော ယာဉ်မောင်းများသည် ကိုယ်ပိုင်ယာဉ်သာ မောင်းနှင်ခွင့်ရှိသော ယာဉ်မောင်းလိုင်စင်မျိုးဖြင့် တက္ကစီယာဉ်များ မောင်းနှင်ခြင်း၊ အခြားသော မိမိယာဉ်မောင်းလိုင်စင်၏ သတ်မှတ်ချက်ထက်ကျော်လွန်သော ယာဉ်မောင်းနှင်မှုများ ရှိလာခဲ့ကြောင်း သိရသည်။

ထိုသို့သော သတ်မှတ်လိုင်စင်မဟုတ်ဘဲ မောင်းနှင်မှုကို အရေးယူရန် ၁၉၆၂ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ ၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေ အပိုဒ် (၆၀)ပါ ပြဋ္ဌာန်းချက်တွင် အမြင့်ဆုံးပြစ်ဒဏ်မှာ ဒဏ်ငွေ ၁၅၀၀ ကျပ်သာဖြစ်သည့်အတွက် ထိရောက်သည့် အရေးယူမှုမျိုးဖြစ်စေရန် ယင်းကဲ့သို့ ဆွေးနွေးနေကြကြောင်း သိရသည်။

"ဒါဟာလည်း ဖြစ်သင့်တဲ့ ကိစ္စပါပဲ။ ဒဏ်ငွေ ၁၅၀၀ ဆိုတာတော့ လွယ်လွယ်ကူကူနဲ့ ပေးဆောင်နိုင်တာဖြစ်လို့ ချိုးဖောက်ဖို့ဝန်လေးမှာ မဟုတ်ဘူး။ လိုင်စင်ပိတ်မယ်ဆိုရင်တော့ လိုက်နာမှု အားကောင်းလာနိုင်မယ်။ သတ်မှတ်လိုင်စင်မဟုတ်ဘဲ မောင်းတာက အဲဒီယာဉ်မောင်းရဲ့ ကိုင်ထားတဲ့ လိုင်စင်သက်က နုတော့ အတွေ့အကြုံလည်း အားနည်းတယ်။ အတွေ့အကြုံအားနည်းတော့ ယာဉ်အန္တရာယ်ကြုံဖို့ အခွင့်လမ်းများတယ်"ဟု ယာဉ်မောင်းသင်တန်း ဖွင့်လှစ်သင်ကြားနေသော နည်းပြတစ်ဦးက ပြောသည်။ ခရီးသည်တင်ယာဉ်ကြီးများ မောင်းနှင်နိုင်သော "င" ယာဉ်မောင်းလိုင်စင်ပင်လျှင် အဆင့်ဆင့်ဖြေဆိုလုပ်ကိုင်ရသည့်အတွက် ယာဉ်မောင်းနှင်မှု သက်တမ်းရင့်ကာ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသော အနေထားမျိုးဖြစ်ကြောင်း သိရသည်။ ထိုသတ်မှတ်လိုင်စင်မဟုတ်ဘဲ ကုန်သေတ္တာတင်ယာဉ်ကြီးကို မောင်းနှင်ခဲ့သည့်အတွက် မဟာဗန္ဓုလတံတား အဆင်းတွင် ယာဉ်တိုက်မှုတစ်ခု လွန်ခဲ့သော ၂၀၁၄ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သည့် သာဓကလည်းရှိဖူးကြောင်း သိရသည်။

"လမ်းအသုံးပြုသူခရီးသွားပြည်သူတွေအတွက် လုံခြုံမှုရှိအောင် ဆောင်ရွက်ပေးတဲ့အစီအစဉ်လည်း ဖြစ်ပါတယ်။ နည်းဥပဒေအရ ကညနရဲ့ အမိန့်ကြော်ငြာစာထွက်တာနဲ့ ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ဒုတိယရဲမှူး မျိုးအောင်မြင့်က ဆိုခဲ့သည်။ ထိုသတ်မှတ်ယာဉ်မောင်းလိုင်စင်မဟုတ်ဘဲ မောင်းနှင်မှုအပါအဝင် အမျိုးအစားငါးမျိုးအတွက် ယာဉ်မောင်းလိုင်စင်ကို ကာလတစ်ခု သတ်မှတ်ပိတ်သိမ်းရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဆွေးနွေးနေပြီး လက်ရှိအမျိုးအစား ၁၄ မျိုးကို လိုင်စင်ပိတ်သိမ်းအရေးယူလျက်ရှိကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

# တုတ်ဖြင့်ရိုက်၍ သေနတ်လုရန်ကြိုးစားသူအား ခုံပစ်ခတ်ရာမှ ထိမှန်သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် နမ့်ဆလပ်-သိန်းနီကားလမ်းတွင် သောင်းကျန်းသူအဖွဲ့များက နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ဆောင်ရွက်လေ့ရှိသဖြင့် ကားလမ်းလုံခြုံရေးအတွက် လှည့်ကင်းဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၅ နာရီခွဲခန့်က နမ့်ဆလပ်မြို့၏ အနောက်ဘက် သုံးမိုင်ခွဲခန့်အကွာ ကားလမ်း၏ မြောက်ဘက်ခြမ်း၌ နယ်မြေရှင်းလင်းဆောင်ရွက်နေစဉ် ရော်ဘာခြံရှိ တဲအတွင်းမှ အသက်(၃၂)နှစ်ခန့်ရှိ အရပ်ဝတ်ဖြင့် အမျိုးသားတစ်ဦး ပြေးထွက်လာပြီး ရှေ့ဆုံးမှ လှည့်ကင်းဆောင်ရွက်နေသော စစ်သည်အား တုတ်ဖြင့် ရိုက်နှက်၍ သေနတ်အား လုယူရန် ကြိုးစားခဲ့သည်။

ထို့ကြောင့် ၎င်းစစ်သည်က သေနတ်လုယူရန် ကြိုးစားသူအား ပြန်လည်ခုခံ၍ ၎င်းကိုင်ဆောင်သည့် သေနတ်ဖြင့် တစ်ချက်ပစ်ခဲ့ရာ အဆိုပါအမျိုးသား၏ ရင်ဘတ်သို့ ထိမှန်သေဆုံးခဲ့သည်။ သေဆုံးသူနေထိုင်ရာ တဲအတွင်းမှ ဒိုးပစ်လောင်ချာပို့ကျည်တစ်တောင့် တွေ့ရှိရပြီး ဖြစ်စဉ်နေရာနှင့် အနီးဆုံးဖြစ်သော တန့်ဆော်ရွာအပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ရွာသူကြီးများနှင့် ရွာသားများအား မေးမြန်းစိစစ်ချက်အရ အဆိုပါအမျိုးသားသည် ၎င်းတို့ရွာသားမဟုတ်ကြောင်း၊ အနီးပတ်ဝန်းကျင်၌လည်း ဆွေမျိုးတော်စပ်သူ မရှိကြောင်း၊ ယခင်ကလည်း ၎င်းအား မြင်တွေ့ဖူးခြင်းမရှိကြောင်းနှင့် ၎င်းရော်ဘာခြံရှိ လူမနေသောအစောင့်တဲသို့ လွန်ခဲ့သော သုံးရက်ခန့်က မြောက်ဘက်အရပ်မှ လာရောက်နေထိုင်သည်ကို တွေ့ရှိရကြောင်း စုံစမ်းသိရှိရသည်။

ထို့နောက် သေဆုံးသူအမျိုးသားအား ဖြစ်စဉ်ဖြစ်ပွားသည့်နေရာအနီး၌ ရပ်ရွာဓလေ့ထုံးစံနှင့်အညီ ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**





# လောက်ကိုင်မြို့တွင်း လုံခြုံရေးဆောင်ရွက်စဉ် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

လောက်ကိုင်မြို့တွင်း တပ်မတော်စစ်ကြောင်းများက လုံခြုံရေးဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီခွဲခန့်တွင် ရွှေစင်မြို့သစ် ရပ်ကွက်(၃)အဝိုင်း၌ မသင်္ကာဖွယ်ရာ အရပ်သား သုံးဦးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ တာဇင်ကျိုင်းကျေးရွာနေ လီဆင်း၀ (၂၆)နှစ်(ဘ) ဦးလီဖျင်ချန်၊ ချိန်ရီ (၂၇)နှစ်(ဘ) ဦးချိန်ဝင်ဆင်းနှင့် ဝူကွန်းဟိုင်(၂၄)နှစ် (ဘ)ဦးဝူလျှောက်ဝါတို့အား အိုက်စ်အမှုန့်ဂရမ် ၃၅၀၊ အက်ဖက်တမင်းအဖြူမှုန့် ဂရမ် ၄၅၀၀ ပါ တစ်ထုပ်၊ တစ်ကီလိုဂရမ်ပါ တစ်ထုပ်၊ သုံးဂရမ်ပါ တစ်ထုပ်နှင့် WY စာတမ်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၁၅၅၀ (စုစုပေါင်းကာလတန်ဖိုးကျပ် ၁၃၂ သိန်းခန့်)နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် တပ်မတော်စစ်ကြောင်းများက အဆောက်အအုံတစ်လုံးကို ဝင်ရောက်ရှင်းလင်းခဲ့ရာ ယင်းအဆောက်အအုံအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၁၂၀၀ (ကာလတန်ဖိုးကျပ် ၁၈ သိန်းခန့်) ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသော တရားခံများနှင့် မူးယစ်ဆေးဝါးများကို လောက်ကိုင်မြို့ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သို့ စနစ်တကျအပ်နှံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီရှင်သန်ရေးလိုလားသူ ဒေသခံပြည်သူများ လမ်းလျှောက်ဆန္ဒထုတ်ဖော်



**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၇**

စဉ့်ကိုင်မြို့နယ်တွင် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီရှင်သန်ရေးလိုလားသူ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူ ၇၀၀ ခန့်သည် ခွင့်ပြုချက်ရယူကာ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီရှင်သန်ရေးလိုလားသူ ဒေသခံ လမ်းလျှောက်ဆန္ဒထုတ်ဖော်သူ ပြည်သူများသည် "ဒီမိုကရေစီရှင်သန်ခိုင်မာရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးဖော်ဆောင်မှု" ကြွေးကြော်သံများ ကြွေးကြော်ကာ "တည်ငြိမ်အေးချမ်းမှုဖျက်ဆီးသူ ဒို့ရန်သူ၊ လက်နက်နဲ့ ငြိမ်းချမ်းရေးအမြန်ဆုံးလဲလှယ်ပေး၊ တည်ငြိမ်အေးချမ်း ဒီမိုကရေစီပန်း ပွင့်လန်းဝေဖြာပြည်သာယာ၊ ဒီမိုကရေစီဖြောင့်ဖြူးရေး ဥပဒေကိုလေးစားလိုက်နာပါ၊ တရားဥပဒေစိုးမိုးမှုရရှိရန် တည်ငြိမ်အေးချမ်းဖို့လိုသည်" စသည့်ပိုစတာများကိုင်ဆောင်ပြီး မြို့လယ်အဝိုင်းတောင်ဘက် တစ်ဖာလုံခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း စတင်လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့သည်။ ထိုမှတစ်ဆင့် မြို့လယ်လမ်းအတိုင်း မြို့တွင်းသို့ ဝင်ရောက်ကာ မြို့မရပ်ကွက်၊ ရန်နိုင်ရပ်ကွက် လမ်းများမှ ရွှေကျီးနားကွင်းသို့ ဝင်ရောက်ခဲ့ပြီး ကြွေးကြော်သံများ ကြွေးကြော်ကာ နံနက် ၉ နာရီတွင် ငြိမ်းချမ်းစွာ လူစုခွဲခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီရှင်သန်ခိုင်မာရေး ဆန္ဒထုတ်ဖော်

**စဉ့်ကူး ဖေဖော်ဝါရီ ၂၇**

စဉ့်ကူးမြို့နယ်မှ ပြည်သူ ၉၀၀ ကျော်တို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီရှင်သန်ခိုင်မာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှုဖော်ဆောင်ရေးတို့အတွက် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီခွဲမှစတင်၍ စုရပ်ဖြစ်သော ရတနာသိဒ်တံတားအသွား မြို့သစ်အမှတ် (၅)လမ်းတာရိုးမှ မြို့နယ်အားကစားကွင်း (ဟစ်တိုင်ကွင်း)သို့ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ တရားဝင် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ပြီး စဉ့်ကူးမြို့နယ် ကျေးရွာအုပ်စုများမှ ပြည်သူများနှင့် စဉ့်ကူးမြို့ရပ်ကွက်ပြည်သူများက စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။ ဆန္ဒထုတ်ဖော်ကြသူများသည် မြို့နယ်အားကစားကွင်း (ဟစ်တိုင်ကွင်း)သို့ စုရုံးရောက်ရှိကြကာ နံနက် ၉ နာရီခွဲတွင် စာတမ်းဖတ်ကြားခြင်းများ ပြုလုပ်ကြပြီး ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။ **(ဝင်းမောင်)**

# ကျေးရွာချင်းဆက် မြေသားလမ်းသစ် ဖောက်လုပ်

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၂၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး အဆင့် မြင့်မားလာရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဦးစီးဌာန ရန်ပုံငွေကျပ် ၁၉ ဒသမ ၅ သန်း ကုန်ကျခံ၍ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ သဲကုန်းတန်းနှင့် တော်လန်းကျေးရွာချင်းဆက် မြေသားလမ်းသစ် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ **ကျော်မြင့်သူ(ကျေးလက်)**

# နိုင်ငံခြားသားခရီးသွားဧည့်သည်၏ မေ့ကျန်ပစ္စည်း ပြန်လည်ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးမှ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီက ထွက်ခွာလာသည့် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် အမြန်ရထား၌ ရထားလုံခြုံရေးလိုက်ရဲဒုတပ်ကြပ်တင့်လွင်က အထက်တန်းတွဲ(၂) ခုံအမှတ် A-10 တွင် စီးနင်းလိုက်ပါလာသည့် နိုင်ငံခြားသားခရီးသွား အမျိုးသားတစ်ဦး သာစည်ဘူတာသို့ ရထားဆိုက်ရောက်စဉ် ရထားပေါ်မှ ဆင်းသွားပြီး (Tamrac) စာတန်းပါ (Olympus) အမျိုးအစား အနက်ရောင်ကင်မရာ တစ်လုံး၊ Olympus အမျိုးအစား မှန်ဘီလူးတစ်ခု ကျန်နေခဲ့၍ သိမ်းဆည်းထားကြောင်း၊ ပျဉ်းမနားတပ်စုတွင် အပ်နှံသွားမည်ဖြစ်ကြောင်း သာစည်ရထားရဲစခန်းမှူး ရဲအုပ်ဖော်ထွန်းထံ သတင်းပို့ခဲ့သည်။

စခန်းမှူး ရဲအုပ်ဖော်ထွန်းက ပိုင်ရှင်နိုင်ငံခြားသား ခရီးသည်အား သာစည်မြို့ပေါ်ရှိ မွန်းလိုက်တည်းခိုခန်းတွင် တည်းခိုနေကြောင်း သတင်းရရှိ၍ စုံစမ်းခဲ့ရာ ဩစတြေးလျနိုင်ငံသား အသက် (၅၅)နှစ်ရှိ မစ္စတာ ပန်ကာရွှန်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ရွှေညောင်သို့ သွားမည်ဖြစ်ကြောင်း သိရပြီး အသိသက်သေများရှေ့တွင် ခရီးသွားဧည့်သည်အား ပစ္စည်းများကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

“ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ”
“ International Women's Day ”
“ လူသားအားလုံး တိုးတက်ဖို့ အမျိုးသမီးများစွမ်းရည်မြင့်တင်လို့ ပုံဖော်ကြပါစို့ ”
“ Empowering Women, Empowering Humanity: Picture it ”
နေပြည်တော် ၈.၃.၂၀၁၅

# နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ရုံးအဆောက်အအုံသစ်ဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကျင်ခိုင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ရုံးသစ်အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ရုံး အဆောက်အအုံသစ်ကမ္ပည်းမော်ကွန်းအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကျင်ခိုင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ရုံး အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(ရွှေကူကွိုလ်)**

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က ကဏ္ဍအလိုက် လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ အဖွဲ့ချုပ်၏ သုံးသပ်အကြံပြုချက်များကို ဆွေးနွေးတင်ပြခဲ့သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းသင်းမြက သဘာပတိအဖြစ်ဆောင်ရွက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းက ရှေ့လုပ်ငန်းစဉ်(၉)ရပ်အား ရှင်းလင်းတင်ပြခြင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ၂၀၁၅ ခုနှစ်အတွင်း ခရိုင်အလိုက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ တင်ပြပြီးနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ပညာသင်ဆုချီးမြှင့်သည့် ပညာသင်ထောက်ပံ့ငွေ ကျပ်လေးသိန်းအား ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်နေ ရန်ကုန်နည်းပညာတက္ကသိုလ် တတိယနှစ် (B Tech) Civil ကျောင်းသူ မယွန်းပွင့်ဖြူသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များ၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**

ကုသိုလ်လည်းရ
ဝမ်းလည်းဝ
ကျသင့်အခွန်
တို့ကျေပွန်

HOME GALAXY Interior Mall
Manufacturing Korea UPVC Windows & Doors



The Best Windows
Weather Proof Water Proof
The quality products

UPVC Window & Door များကို ကိုရီးယားနိုင်ငံမှ နည်းပညာအသစ်ဖြင့် ... ကိုရီးယားနည်းပညာ အတိုင်း ထုတ် လုပ်ထားပါသည်။ ... UV Coated ... 
• ကိုရီးယား ABS Moulding Door အမျိုးမျိုး၊
• ကိုရီးယား UPVC Window & Door ဆိုင်းအမျိုးမျိုးတို့ကို မိမိစိတ်တိုင်းကျ Order မှာယူနိုင်ပါသည်။

Showroom (1) : Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon, Myanmar
Showroom (2) : No.15, Corner of Pyay Road & Wek Zar Nyi Naung St, 9 miles, Yangon, Myanmar.
Tel - 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513, 01-664675, 01-663309

'စာမေးပွဲကြီးအတွက် ရမှတ်ကောင်းပြီး အခြေခံ ကောင်းစေမည်'
ဦးရဲမင်းပိုင် (သချာ) နွေသင်ရိုးကုန်
၈ တန်း(တိုင်းစစ်)ဘာသာစုံ 9:00 စမည်၊ 12:00 ကျောင်းဆင်းမည်။
၉တန်း၊၁၀တန်း(သိပ္ပံ၊ဝိပ္ပံ)ဘာသာစုံ 12:30 စမည်၊ 3:30 ကျောင်းဆင်းမည်။
သင်တန်းအားလုံး မတ်လဆန်း ၈,မည်
၁၆၅(ပထပ်)၊ဆိပ်ကမ်းသာလမ်း(အလယ်)၊ကျောက်တံတားမြို့နယ်။ဖုန်း ၀၉ ၇၃၁ ၆၁၁၄၀

# MB ဘီစကွတ်စက်ရုံ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

အင်းစိန်မြို့နယ် ရွှေပြည်သာ စက်မှုဇုန်(၃)တွင် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် MB ဘီစကွတ်စက်ရုံဝင်းအတွင်းရှိ ဆီသိုလှောင်ကန်ထဲသို့ ဆီဘောက်ဆာ ၁၀ ဘီးယာဉ် ဆီဖြည့်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် ရွှေပြည်သာ စက်မှုဇုန်(၃) ဒညင်းကုန်းရပ်ကွက် မင်းကြီးမဟာမင်းခေါင်လမ်းရှိ ပိုင်ရှင် ဦးကြည်မြင့်၊ မန်နေဂျာ ဦးညီညီမောင် ဦးစီးလုပ်ကိုင်သော MB ဘီစကွတ်စက်ရုံတွင် ဂါလန် ၁၃၅၀ ဆံ့ ဒီဇယ်ဆီသိုလှောင်ကန်အတွင်းသို့ ဆီဘောက်ဆာကား 4B. . . . ၁၀ ဘီးယာဉ် ဆီဖြည့်ရာမှ စတင်မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ အနီးရှိ စက်ရုံဝန်ထမ်းများနှင့် အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ စသည့်မြို့နယ်များမှ မီးသတ်ယာဉ် ၁၃ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ ရေသယ်ယာဉ်လေးစီး လာရောက်ငြှိမ်းသတ်ခဲ့ကြပြီး စက်ရုံဝန်ထမ်းများ၊ မီးသတ်ကားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီခန့်တွင် မီးငြိမ်းသွားပြီးနောက် ဒီဇယ်ဆီဂါလန် ၁၀၀ ခန့် ဆုံးရှုံးခဲ့ပြီး မီးငြှိမ်းသတ်သူ သီဟအောင် (၃၂) နှစ် စက်ရုံပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းသည် ဝဲယာလက်မီးလောင်ဒဏ်ရာ၊ ဝဲယာခြေသလုံး မီးလောင်ဒဏ်ရာ၊ မျက်နှာအပူလောင်ဒဏ်ရာများ ရရှိခဲ့ပြီး အင်းစိန်ဆေးရုံ အမျိုးသားခွဲစိတ်ဆောင်တွင် အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် တက်ရောက်ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ ဒုတိုင်းဦးစီးမှူး ဦးသော်တာ၊ မြို့နယ်မီးသတ်ဦးစီးမှူး စခန်းမှူး၊ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်း၊ စခန်းမှူး ဒုရဲမှူး မျိုးမြင့်ကြိုင်၊ ဒညင်းကုန်းရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မီးလောင်မှုကြောင့် စက်ရုံမန်နေဂျာ ဦးညီညီမောင်အား အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(မြင့်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုလဲမြို့နယ် ရွာထပ်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ရွာထပ်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၄ ရက် ည ၈ နာရီခွဲက မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ပုလဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါ ကျေးရွာနေ ဒေါ်အမာ (၅၈)နှစ်၏ နွားစာတဲနှင့်တွဲလျက် မီးဖိုခန်းရှိ မီးဖိုမီးကွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မီးလောင်မှုကြောင့် လူနေအိမ်နှစ်လုံး၊ နွားစာတဲသုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မီးဖိုမီးကွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် စမ်းကြီးကျေးရွာတွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မိကျောင်းရဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်သုံးစီး၊ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါကျေးရွာနေ ဒေါ်ပြုံးစိန် (၄၄)နှစ်၏နေအိမ် မီးဖိုမီးကွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မီးလောင်မှုကြောင့် ဒေါ်ပြုံးစိန်၏ (၄×၃) ပင် နေအိမ်ပါ လူနေအိမ်လေးလုံး၊ မြေပဲ တင်း ၁၉၀ နှင့် နှမ်း တင်း ၂၁၀ မီးလောင်ဆုံးရှုံးကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ဟိုပုံးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၉၀ နှင့် ဘိန်းစိမ်း ၁၈ ဒသမ ၅၁၆၅ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်က ဟိုပုံးမြို့နယ် ဖာလိုင်းရွာဘုန်းကြီးကျောင်းအနီး ဟိုပုံး-တောင်ကြီးသွားကားလမ်းတွင်ဟိုပုံးမှ တောင်ကြီးသို့ ခွန်မောင်ဖြူ(ခ)မောင်ဖြူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၄၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများရောင်းချပေးသူ ဟိုပုံးမြို့နယ် ဖက်ရမ်းအုပ်စု ဟိုဆင်းကျေးရွာနေ မပြုံး၏ နေအိမ်အားရှာဖွေရာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး မနန်းပွဲ(ခ)မပွဲ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိသော်လည်း နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၂၀ နှင့် ဘိန်းစိမ်း ၁၈ ဒသမ ၅၁၆၅ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် မနန်းပွဲ(ခ)မပွဲ၏ နေအိမ်မှ ပြန်လည်ထွက်ခွာလာစဉ် ဟိုပုံးမြို့နယ် လွယ်ပိုးတုတ်ကျေးရွာ BNA ကုန်းစခန်းအောက်အနီးတွင် မပြုံး မောင်းနှင်လာသည့်ယာဉ်အမှတ် 3G/ နံပါတ်ပါ CRV အမျိုးအစား အဖြူရောင် မော်တော်ယာဉ်အား တွေ့ရှိ၍ စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ မော်တော်ယာဉ်ရှေ့ဘီး ထိမှန်၍ ရပ်တန့်သွားပြီး မပြုံးမှာ ချောက်အတွင်း ထွက်ပြေးလွတ်မြောက်သွားသဖြင့် မော်တော်ယာဉ်အား စစ်ဆေးရာ မူးယစ်ဆေးဝါးများ မတွေ့ရှိရဘဲ ယာဉ်ကိုသာ သိမ်းဆည်းရမိခဲ့သည်။ ခွန်မောင်ဖြူ(ခ)မောင်ဖြူ (၂၄)နှစ်၊ မနန်းပွဲ(ခ)မပွဲ(ဖမ်းမမိသေး) (၄၅) နှစ်နှင့် မပြုံး (၅၀)နှစ် (ဖမ်းမမိသေး) တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ ရွာငံမြို့၊ ဈေးတန်း(တောင်ပိုင်း)ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ်(ဈ-၃၄၈) ဦးတင်မောင်ဦး နေအိမ်တွင် ပါတီရုံးချုပ်တည်ရှိသော ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၂-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ**



**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E&P) သည် ကမ်းနီးရေတိမ်ပိုင်းတွင် ၃၂ လက်မပိုက်လိုင်း စစ်ဆေးခြင်းလုပ်ငန်းအား Supporting Vessel "MV PACIFIC RAPIER (Call Sign:9V5943) ဖြင့် အောက်ဖော်ပြပါ Coordinate များတွင် ၂၃-၂-၂၀၁၅ ရက်မှ ၂-၃-၂၀၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါ လုပ်ငန်းများဆောင်ရွက်ရန် ကျန်ရှိနေသဖြင့် ၃-၃-၂၀၁၅ ရက်မှ ၁၅-၃-၂၀၁၅ ရက်အထိ ဆက်လက်သတ်တမ်းတိုးမြှင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| (A) | 19° 28' 43.76"N | 93° 27' 22.50" E |
| (B) | 19° 28' 18.72"N | 93° 28' 50.22" E |
| (C) | 19° 26' 23.92"N | 93° 31' 06.67" E |
| (D) | 19° 25' 10.97"N | 93° 29' 26.57" E |
| (E) | 19° 26' 22.08"N | 93° 28' 15.74" E |
| (F) | 19° 26' 44.67"N | 93° 26' 55.96" E |

၂။ အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားကြောင်း သိရသည်။

**(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းများသိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နောင်တရားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၄ ရက်က နောင်တရားမြို့နယ် ဘန့်ပြင်ကျေးရွာအုပ်စု ကန့်ကော်ပင်ကျေးရွာနေ ထွန်းလှ၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ခြေအိတ်အတွင်းမှ ပလတ်စတစ်ဖြင့်ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂ ပြားနှင့် နေအိမ်ခုတင်အောက် စီးကရက်ဘူးခွံအတွင်းမှ ပလတ်စတစ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၃၂ ပြား သိမ်းဆည်းရမိသဖြင့် ထွန်းလှ(၃၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု (၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၅ ရက်က အမရပူရမြို့နယ် ရွှေကြက်ယက် မထသဂိတ်တွင် မန္တလေးဘက်မှ မြစ်ကြီးနားသို့ ထွက်ခွာမည့် ခရီးသည်တင်ယာဉ်အား ရှာဖွေရာ ထိုင်ခုံအမှတ် (၂၀)တွင် လိုက်ပါလာသူ မအေးလူ၏ ထိုင်ခုံအပေါ် ဘောက်ရှိ လက်ဆွဲအိတ်အတွင်းမှ ဂျပ်ဖာစက္ကူဘူးဖြင့်ထည့်လျက် ဘိန်းဖြူဆပ်ပြာခွက် ၁၀ ခွက် (ဘိန်းဖြူ အလေးချိန် သုည ဒသမ ၁၂ ကီလို) သိမ်းဆည်းရမိသဖြင့် မအေးလူ (၅၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်က တောင်ကြီး-ဇလဲသွားကားလမ်း ဇလဲကျေးရွာ မိုင်တိုင်အမှတ် (၁၀/၂)တွင် ဇလဲကျေးရွာဘက်မှ တောင်ကြီးဘက်သို့ အောင်မျိုးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အနွေးထည်အင်္ကျီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ သိမ်းဆည်းရမိသဖြင့် အောင်မျိုး(၃၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ အလားတူပင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၉ ပြားအား သိမ်းဆည်းရမိသဖြင့် လူမွှေး (ခ) ဝဏ္ဏလင်း(၃၃)နှစ်နှင့် ဂျူကိုဇင်သူ (၂၇)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**လူမွှေး(ခ)ဝဏ္ဏလင်းနှင့် ဂျူကိုဇင်သူတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**(မူးယစ်ဗဟို)**

## ပဲခူးမြို့တွင်းပြေးယာဉ်နောက်လိုက်များ ကလေးအရွယ်သာဖြစ်နေပြီး ခရီးသည်ခေါ်ယူမှုကြမ်းတမ်းနေ

**ပဲခူး ဖေဖော်ဝါရီ ၂၇**

ပဲခူးမြို့တွင်း ပြေးဆွဲလျက်ရှိသော ခွေးဘီးလူးယာဉ်ငယ်များနှင့် သုံးဘီးဆိုင်ကယ်များတွင် ယာဉ်နောက်လိုက်တို့မှာ အသက်အရွယ်အားဖြင့် အလွန်ငယ်ရွယ်သည့် ကလေးအရွယ်သာဖြစ်နေကြသလို သူ့ထက်ငါ ကိုယ့်ကားခရီးသည်ရရှိရေးအတွက် အတင်းဆွဲခေါ်နေကြသဖြင့် မြင်ရသူများကလည်း အမြင်မတင့်တယ်သလို ခရီးသွားများမှာလည်း စိတ်အနှောင့်အယှက်ဖြစ်နေကြကြောင်း၊ တချို့ငယ်ရွယ်သူ အမျိုးသမီးများဆိုလျှင် အရှက်ရစေသည်အထိ ကြုံတွေ့ကြရကြောင်း ခရီးသွားတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ အရုပ်ဆိုးအကျည်းတန်သည့် အပြုအမူများနှင့် အရွယ်မရောက်သေးသည့် ကလေးအရွယ် ယာဉ်နောက်လိုက်များ မရှိစေရန် သက်ဆိုင်သူများကစိစစ်ဆောင်ရွက်နိုင်သင့်ကြောင်း အဆိုပါခရီးသွားကပြောသည်။ **(၅၈၇)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးရွာချင်းဆက် လမ်းဖောက်လုပ်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ရေပူ-ထီးဖိုးကိန်-ဒညင်းကုန်း-နောင်မြလွဲ-ရွာဟောင်း-ကဇိုင်းကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်း ၉ မိုင်၊ ကွန်ကရစ်တံတားပေ ၁၀၀၊ ရေပြွန်ပေ ၃၀ အားငွေကျပ် ၁၆၇ ဒသမ ၁၃ သန်းဖြင့် ဘန်းသိန်း ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများအား ဖေဖော်ဝါရီ ၂၁ ရက်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးတို့ ကွင်းဆင်းစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

အဆိုပါလမ်းအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး မတ်လ ဒုတိယပတ်အတွင်း ပြီးစီးမည်ဖြစ်ပြီး အဆိုပါလမ်းပြီးစီးပါက ကျေးရွာအတွင်းရှိ ကျေးလက်နေပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

**ကျေးလက်ဦးစီး**

# ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆယ်ဇင်း၌ စွန့်ပစ် သံတိုသံစများမှ အသေးစား စက်မှုလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်ရောင်းချ



**ဖားကန့် ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းဒေသတွင် စွန့်ပစ်သံတိုသံစများမှ အသေးစား စက်မှုထုတ်ကုန်အဖြစ် တစ်နိုင်တစ်ပိုင် ထုတ်လုပ်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဆယ်ဇင်းဒေသတွင် အများစုမှာ တစ်နိုင်တစ်ပိုင် ရွှေတူးဖော်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြသဖြင့် စက်မှုလုပ်ငန်းသုံး ပစ္စည်းများကို အသုံးပြုသူများပြားလာသောကြောင့် အသေးစားစက်မှုထုတ်ကုန်ပစ္စည်းများကို ဒေသတွင် စွန့်ပစ်ထားကြသည့် သံတို သံစများမှ ထုတ်ကုန်ပစ္စည်းအဖြစ် တိုက်ရိုက် ထုတ်လုပ်ရောင်းချမှုများရှိလာကြသည်။

စွန့်ပစ် သံတိုသံစများကို အရည်ကျိုပြီး ရွှေတူးဖော်ရေးလုပ်ငန်းတွင် အသုံးပြုကြသော မှုန်အိုး၊ ရေခရု၊ နော်ဇယ်ခေါင်း၊ ဘီလူးခေါင်း၊ ပိုက်ဆက်၊ ဖလမ်းများနှင့် မီးဖိုချောင်သုံး ဒယ်အိုးအမျိုးမျိုး၊ ရေနွေးအိုး၊ ထမင်းပေါင်းအိုး၊ သတ္တုမီးကြွေနှင့် ငရုတ်ဆုံ အစရှိသည်တို့ကို ပုံသွန်းလောင်း ထုတ်လုပ်လာကြသည်။

"အရင်တုန်းက ဒီဒေသမှာရှိတဲ့ ရွှေမှော်အသီးသီးက သုံးမရလို့ စွန့်ပစ်ထားတဲ့ သတ္တုနဲ့ သံတိုသံစတွေကို ရေလမ်း၊ ကားလမ်းများဖြင့် မန္တလေး၊ မုံရွာမြို့ကြီးတွေမှာရှိတဲ့ သတ္တုနဲ့ သံတိုသံစ အဝယ်ဒိုင်တွေဆီကို ရောင်းချခဲ့ကြပါတယ်။ ရွှေတွင်းသုံး စက်အပိုပစ္စည်းတွေကိုလည်း အဲ့ဒီမြို့ကြီးတွေကနေ တစ်ဆင့်မှာယူပြီး သုံးစွဲခဲ့ကြရတာပါ။

"အခုအခါမှာတော့ ဒေသတွင်းမှာပဲ စွန့်ပစ်ထားတဲ့ သတ္တုနဲ့ သံတိုသံစတွေကို စက်အရံပစ္စည်းတွေနဲ့ မီးဖိုချောင်သုံး ပစ္စည်းတွေအဖြစ် တစ်နိုင်တစ်ပိုင် ထုတ်လုပ်ရောင်းချနေပါတယ်။ သုံးစွဲသူတွေလည်း မြို့ကြီးတွေကနေ တစ်ဆင့်မှာယူရမယ့်အစား ကျွန်တော်တို့ဆီမှာ ချက်ချင်းစိတ်တိုင်းကျ မှာယူရနိုင်တဲ့အတွက် အချိန်တိုအတွင်းမှာ အလုပ်ဖြစ်ပြီး အချိန်နှောင့်နှေးကြန့်ကြာမှု မရှိတော့ပါဘူး။

"ဝယ်ယူအားပေးကြတဲ့ သူတွေအတွက် အကောင်းဆုံးနဲ့ စိတ်တိုင်းအကျဆုံးဖြစ်အောင် ဆောင်ရွက်ပေးပြီး လိုအပ်ရင်လိုအပ်သလို ကိုယ်တိုင်သွားရောက်တပ်ဆင်ပေးတာမို့ အမှားအယွင်း မရှိဘူး။ ငွေကုန်ကြေးကျသက်သာသလို အချိန်လည်းမကုန်တော့ဘူး။ လုပ်ငန်းကလည်း ပိုမိုတွင်ကျယ်လာပါမယ်။

"ကျွန်တော်တို့ ဒီလုပ်ငန်းကို လုပ်ကိုင်လာတာ လေးနှစ်နီးပါ ရှိပါပြီ။ နေ့စဉ် လုပ်သားအင်အား ၁၅ဦးနဲ့ ရက်သတ္တပတ်ကို တစ်ကြိမ် အရည်ကျိုပုံလောင်းပြီး ကျန်ရက်တွေမှာ နေ့စဉ်ကုန်ချောပစ္စည်းဖြစ်အောင် ပြုလုပ်ပါတယ်။ ထုတ်လုပ်ပြီးပစ္စည်းတွေကိုလည်း ဆယ်ဇင်းဒေသအရောင်းဆိုင်တွေ ကချင်ပြည်နယ်အတွင်းရှိ ဟောင်ပါး၊ တာမခန်၊ ဖားကန့် စတဲ့နေရာတွေမှာရှိတဲ့ အရောင်းဆိုင်တွေဆီကို ပို့ဆောင်သလို တိုက်ရိုက်မှာယူတဲ့ သုံးစွဲသူတွေဆီကိုလည်း လုပ်ငန်းခွင်အရောက် ပို့ဆောင်ပေးပြီး စနစ်တကျတပ်ဆင်ပေးတယ်။ အသုံးပြုနည်းတွေကို ရှင်းလင်းသင်ပြပေးတယ်။ ဝယ်ယူသုံးစွဲသူတွေ စိတ်ကျေနပ်မှုရှိအောင် ဝန်ဆောင်မှုအနေနဲ့ ဆောင်ရွက်ပေးပါတယ်"ဟု ဆယ်ဇင်းဒေသ ကေသုံးလုံး သတ္တုနှင့် သံရည်ကျိုလုပ်ငန်း လုပ်ကိုင်သူ ဦးကျော်ကျော်နှင့် ဦးအောင်လှိုင်တို့က ပြောပြသည်။

ဆယ်ဇင်းဒေသတွင် စွန့်ပစ်သံတိုသံစများမှ အသေးစားစက်မှုထုတ်ကုန်အဖြစ် တစ်နိုင်တစ်ပိုင် ထုတ်လုပ်ရောင်းချသူမှာ ကေသုံးလုံးနှင့် စွမ်းထက် (သတ္တုနှင့်သံရည်ကျိုလုပ်ငန်း) တို့ဖြစ်ကြောင်း သိရသည်။ **(၀၅၈)**



## အတ္ထုပ္ပတ္တိ

***၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ်အလေးအနက် ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။***

# ပန်းချီဦးအုန်းလွင်

ခဲ သိန်းဖေမြင့်



ပီကင်းမြို့တွင် ကျင်းပသော အာရှနှင့် ပက်ဆီဖစ်ဒေသ ငြိမ်းချမ်းရေးကွန်ဖရင့်သို့ မြန်မာပြည်မှ သခင်ကိုယ်တော်မှိုင်း၊ ရွှေဥဒေါင်းစသူတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့စေလွှတ်ရာ ယင်းကိုယ်စားလှယ်အဖွဲ့တွင် ပန်းချီဆရာဦးအုန်းလွင်ပါဝင်လေသည်။

ဦးအုန်းလွင်သည် ထင်ရှားသော ပန်းချီဆရာကြီးတစ်ဦးဖြစ်ရုံမက တရုတ်မြန်မာမိတ်ဆွေဖြစ် အသင်းအမှုဆောင်တစ်ယောက်လည်းဖြစ်လေရာ တရုတ်မြန်မာမိတ်ဆွေဖြစ်အသင်းက စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဦးအုန်းလွင်အား ဂုဏ်ပြုနှုတ်ဆက်ပွဲတစ်ရပ်ကျင်းပခဲ့လျက် ယဉ်ကျေးမှုဝန်ကြီးဦးထွန်းဖေနှင့်ပန်းချီဆရာများ၊ စာနယ်ဇင်းကိုယ်စားလှယ်များ၊ စာရေးဆရာများ စသည်တို့တက်ရောက်ကြလေ၏။

ဦးအုန်းလွင်အားလူပုဂ္ဂိုလ်တစ်ဦးအနေဖြင့်နှင့်လည်းကောင်း၊ ပန်းချီဆရာတစ်ဦးအနေနှင့်လည်းကောင်း၊ ငြိမ်းချမ်းရေး ချစ်မြတ်နိုးသူ တစ်ဦးအနေနှင့်လည်းကောင်း ယဉ်ကျေးမှု ဝန်ကြီးဦးထွန်းဖေ၊ ပန်းချီသမဂ္ဂဥက္ကဋ္ဌ ဦးခင်မောင်၊ ကာတွန်းဦးဘဂျမ်းနှင့် စာရေးဆရာဇဝနတို့က လေ့လာ ချီးကျူးစကားပြောဆိုကြလေသည်။ ကျွန်တော့်မှာ သခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဆရာပီမိုးနင်း၊ ဇာတ်ဆရာ ဦးဖိုးစိန်စသော ထင်ရှားသည့် ယဉ်ကျေးမှုခေါင်းဆောင်များကို ကိုယ်တွေ့လေ့လာကာ သရုပ်ဖော်ရေးသားခဲ့ဖူးသည်ဖြစ်ရာ ပန်းချီလောကတွင် ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးအုန်းလွင်အကြောင်းကိုလည်း လေ့လာရေးသားလိုသည်မှာကြာပါပြီ။ ပိုင်းခြားဝေဖန်၍ ချီးကျူးပြလိုသည်မှာ ကြာပါပြီ။ အဆိုပါတရုတ်မြန်မာမိတ်ဆွေဖြစ်အသင်း၏ ဂုဏ်ပြုနှုတ်ဆက်ပွဲတွင်မှ အခါအခွင့်ရပါတော့သည်။

(၁)

ဦးအုန်းလွင်နှင့်ကျွန်တော်ပထမဆုံး ပညာချင်းဆက်စပ်ရင်းနှီးကြသည်မှာ လွန်ခဲ့သော ၁၅ နှစ်ကျော်လောက်က-ဖြစ်ပါသည်။ ကျွန်တော်က ကာလကတ္တားတက္ကသိုလ်မှာ စာသင်နေရင်း တက်ဘုန်းကြီးဝတ္ထုကိုရေး၍ ရန်ကုန်ရှိ ကိုနုထံသို့ ပို့လိုက်၏။ ကိုနုသည် တည်းဖြတ်ခြင်း၊ ပုံနှိပ်ထုတ်ဝေရေးစီစဉ်ခြင်းစသည်များကို တာဝန်ယူဆောင်ရွက်၏။ အဖုံးကို ပန်းချီဆရာဦးအုန်းလွင်အား ဆွဲစေ၏။ ဦးအုန်းလွင်ရေးခြယ်လိုက်သော မျက်နှာဖုံးမှာ မြာနှစ်ပွေက မော့ဖူးသည်ကို စီးကရက်ခဲလျက် ကြာမျက်လုံးများဖြင့် ရွှင်ပြုံးစွာစိုက်ကြည့်နေသော ခမ္မကထိကအကျော် ဆရာတော် ဦးသုခဇ၏ ပုံဖြစ်လေသည်။

ကျွန်တော့်ဝတ္ထုအနုပညာဖြင့် သရုပ်ဖော်ပေးလိုက်သော ဦးသုခဇကို ဦးအုန်းလွင်က ပန်းချီပညာဖြင့် ထပ်တူမျှဖြစ်အောင် သရုပ်ဖော်ပေးနိုင်လေ၏။ ထို့ကြောင့်လည်း ကျွန်တော့်ဝတ္ထုက ထိမိကျော်ကြားသလို သူ့ပန်းချီကလည်း ထိမိကျော်ကြားခဲ့ပေသည်။

သို့ကလို ပညာချင်းဆက်စပ်ရင်းနှီးကြသော်လည်း လူချင်းရင်းနှီးခွင့် တော်တော်နှင့်မရခဲ့ကြပေ။ စစ်မဖြစ်မီအချိန်များက ဦးအုန်းလွင်နှင့်လူကိုယ်တိုင် အကြိမ်ကြိမ်တွေ့ကြ၏။ သူ့အိမ်သို့ပင် ရောက်ခဲ့ဖူး၏။ သို့ရာတွင် မေးတစ်ခွန်း။ ပြောတစ်ခွန်းသာ။ လူချင်းကမရင်းနှီးခဲ့ကြ။ စစ်အပြီးလည်း ထိုနည်းနှင်နှင်ပင်။

၁၉၅၀ ခုနှစ်တွင် ဗိုလ်လက်ျာ၊ ဦးသိန်းဟန်(ဇော်ဂျီ)၊ ဦးဝန်(မင်းသုဝဏ်)၊ ကျွန်တော်စသော ပန်းချီဝါသနာပါသူများ၊ ပန်းချီပညာအားပေးလိုသူများနှင့် ဦးငွေကိုင်၊ ဦးစံဝင်း၊ ဦးအုန်းလွင်စသော ပန်းချီဆရာများစုပေါင်းကာ ဗဟိုပန်းချီကောင်စီဟု ဖွဲ့စည်းကြလေသည်။

ပန်းချီပြပွဲ ကျင်းပခြင်း၊ ပန်းချီဗိမာန်ဖွင့်ခြင်း၊ အောက်ဒိုး(အပြင်ထွက်) ပန်းချီဆွဲကြခြင်း စသည်တို့ကား ဗဟိုပန်းချီကောင်စီ၏ လုပ်ငန်းများတည်း။ ဤတွင်ဦးအုန်းလွင်နှင့်လူချင်းရင်းနှီးခွင့်ရလေသည်။ ၎င်းနောက် တရုတ်မြန်မာမိတ်ဆွေဖြစ်အသင်းတည်ထောင်ကြသောအခါ ဦးအုန်းလွင်သည် အမှုဆောင်လူကြီးတစ်ယောက်အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့လေရာ ပို၍ရင်းနှီးဆက်ဆံခွင့်ရခဲ့ပါသည်။

(၂)

ဦးအုန်းလွင်သည် ချစ်နှစ်သက်ဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်သည်။ သူ၏အမူအရာ ပြောဟန်ဆိုဟန်ကလေးများမှာ ချစ်နှစ်သက်ဖွယ်ဖြစ်သည်။ အနေအထိုင် အဝတ်အစား သန့်ပြန့်သပ်ရပ်သည်။ ပိုးဝတ်ဝတ်၊ ချည်ဝတ်ဝတ် သန့်ပြန့်သပ်ရပ်သည်ပင်။ သူ့အားဖိုသီဖတ်သီ ညစ်ညစ်ပတ်ပတ်ဖြင့် မတွေ့ရ။ ပန်းချီဆရာမို့ အဝတ်မှာလည်းကောင်း၊ လက်မှာလည်းကောင်း၊ ဆေးစက်ကလေးများ အစွန်းကလေးများတွေ့ရလိမ့်မည် မထင်နှင့်။ ဦးအုန်းလွင်သည် တမင်ဘုမကျ၊ တမင်ဂွမတော။ ဘုကောင်ခွဆောင်မျိုးမဟုတ်။ မြုံစိစိလည်းမဟုတ်။ ပွင့်လင်းမှုတော့ရှိသည်။ ပြောစရာရှိလျှင် မဆိုင်းမတွပြောတတ်သည်။

သူ၏ဉာဏ်သည်လျင်မြန်ထက်မြက်ရုံမက နက်နဲသည်။ သူ၏ဟာသမှာ ညစ်ညမ်းမှုနှင့်ထိခိုက်နစ်နာစေမှုများမှ ကင်းစင်ကာ လူတကာနာလိုသော ဟာသမျိုးဖြစ်သည်။

သူသည်စကားဝိုင်းများ၌ ငေးနားထောင်ရအောင် အပြောကောင်းသူဖြစ်သည်။ အကြောင်းအရာတစ်ခုခုကိုစွတစ်ရပ်ရပ်ကို ကွက်ကွက်ကွင်းကွင်းဖော်ပြနိုင်ရုံမက နားထောင်သူအား အရသာစုံဖြင့် လှုပ်ရှားသွားအောင် ပြောနိုင်သည်။ ဥပမာ ကြမ်းပိုးကြောင့် အိပ်ပျက်ကြောင်း ပြောတော့မည်ဆိုလျှင် နားထောင်သူမှာ စိတ်ညစ်လာအောင် ခေါင်းနားပန်းကြီးလာအောင် သရုပ်ဖော်နိုင်သည်။ ခြင်ကိုက်၍ ခြင်လိုက်ရိုက်ပုံ၊ ဖမ်းပုံကို ပြောလျှင် ကျားလိုက်ဖမ်းပုံကိုပြောတာ နားထောင်ရသလိုပင် စိတ်ဝင်စားစေသည်။

ဦးအုန်းလွင်သည် အင်္ဂလိပ်စာ မြန်မာစာ နှံ့စပ်စွာဖတ်သူတစ်ယောက်လည်းဖြစ်သည်။ မြန်မာထဲ၌ စာဖတ်နှံ့စပ်သူရှားရာ ဦးအုန်းလွင်သည် အရှားထဲက တစ်ယောက်ဖြစ်ပေ၏။

ကျွန်တော်သည် ဇာတ်ဆရာဦးဖိုးစိန်အကြောင်းကို မြန်မာ့အလင်းတွင် အပတ်စဉ်ရေးသားခဲ့၏။ ရေးနေစဉ်တစ်နေ့သော် ဦးအုန်းလွင်နှင့်တွေ့ကြရာ ဦးဖိုးစိန်၏ အဆိုအက အပြထူးချွန်ပုံများကို ဆွေးနွေးမိကြလေသည်။

ဦးအုန်းလွင်က ဦးဖိုးစိန်၏ သီချင်းများအရသာရှိပုံ၊ အဆိုပိုင်ပုံ၊ အဟဲကောင်းပုံ၊ အာဝဇ္ဇန်းရွှင်ပုံစသည်များကို သူကြားဖူး၍ မှတ်မိစွဲမြဲနေသော သီချင်းများသီဆို၍ပြောပြလေသည်။ "ခုကာလပေါ်တဲ့ မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လားဆိုတာမျိုးဟာ မဆန်းလှပါဘူး။ ဖိုးစိန်ထွင်ခဲ့တာကြာလှပေါ့" ဟုပြောကာ ကုသဇာတ် ဆင်ကဲဖို့မယ် ဇာတ်တို့မှ သီချင်းများကို ကောက်ဆိုပြလေသည်။

များသောအားဖြင့် သုခုမပညာသည်တို့သည် တစ်ကိုယ်တည်းလွတ်လပ်စွာ ကိုယ့်ကလောင်၊ ကိုယ့်စုတ်နှင့် တကုပ်ကုပ် အလုပ်လုပ်နေကြ၍ အသင်းအပင်းအစုအဝေးများတွင် တက်ကြွစွာဆောင်ရွက်လိုစိတ်မရှိကြချေ။ အသင်းအပင်း စည်းမျဉ်းနယ်နိမိတ်တွင်းသို့လည်း မဝင်လိုကြချေ။ အစည်းအဝေးရှိလျှင် မှန်မှန်မတက်ကြချေ။

ဦးအုန်းလွင်က ခြွင်းချက်ဖြစ်၏။ အသင်းအပင်း စည်းမျဉ်းနယ်နိမိတ်တွင် ဝင်ဆံ့၏။ အသင်းအပင်းတာဝန်များကို စိတ်ပါလက်ပါဆောင်ရွက်၏။ ဗဟိုပန်းချီ ကောင်စီနှင့် တရုတ်မြန်မာမိတ်ဆွေဖြစ်အသင်း အမှုဆောင်အစည်းအဝေးများတွင် မှန်ကန်စွာတက်ရောက်၏။ ပန်းချီပြပွဲများလုပ်ကြရာ ဦးအုန်းလွင်သည် ကိုယ်တိုင်ခေါင်းစည်းရေး၊ ကိုယ်တိုင်သံရိုက်၊ ကိုယ်တိုင်ကားချိတ်သည်အထိ စိတ်ပါလက်ပါလုပ် ကိုင်ဆောင်ရွက်လေသည်။

ဤကား ဦးအုန်းလွင်နှင့်ပတ်သက်၍ ကျွန်တော့်ကိုယ်တွေ့များတည်း။

တရုတ်မြန်မာမိတ်ဆွေဖြစ်အသင်း၏ ချီးကျူးနှုတ်ဆက်ပွဲတွင် ဇဝနနှင့်ဦးဘဂျမ်းတို့၏ ထုတ်ဖော်ပြောဆိုချက်များအရ သိရပြန်သည်မှာ ဦးအုန်းလွင်သည် စစ်မဖြစ်မီကရော စစ်ပြီးမှာရော ဆောင်းပါးအများအပြား ရေးခဲ့ရာ ထိပ်သီးစာရေးဆရာအရည်အချင်းများနှင့်ပြည့်နေသည်ဆို၏။

**ဆက်လက်ဖော်ပြပါမည်။**

(၁၉၅၂ ခုနှစ် နိုဝင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း အတွဲ ၆၊ အမှတ် ၆၆ မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)


**ကန့်ကွက်နိုင်ပါသည်**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇ ရှေ့)၊ မြေကွက်အမှတ်(၇၈၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၇၈၅/ခ)၊ ရှခင်းသာမြို့ပတ်လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်အေးအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်အေး(ဖခင်)နှင့် ဒေါ်စိန်အေး(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဒေါ်စန္ဒာ[၁၂/အစန(နိုင်)၀၃၇၂၂၀]၊ ၂။ဒေါ်ခင်ခင်အေး[၁၂/သကတ(နိုင်)၀၅၅၄၁၁]၊ ၃။ဦးဌေးအောင်[၁၂/ သကတ(နိုင်)၁၁၄၀၀၁]၊ ၄။ဦးစိုးလှိုင်[၁၂/သကတ(နိုင်)၁၁၄၀၀၂]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၄၆၂/၂၀၁၂) (၇၃၂/၂၀၁၄)ရသူ ဦးအောင်သိန်း(ခ)မယ်ခါ[၁၂/သကတ(နိုင်)၁၂၇၆၈၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ် ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါကဌာန၏ လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပစ္စည်းအစုံဖြင့်**

**စားသောက်ဆိုင်ရောင်းမည်။**

**ဆက်သွယ်ရန် -၀၉-၅၀၁၃၀၁၂**




**ရေးဖြေစာမေးပွဲရက်ကြော်ငြာခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် ခေါ်ယူခဲ့သော ရာထူးများအတွက် ရေးဖြေစာမေးပွဲအား ၇-၃-၂၀၁၅ရက်တွင် ရုံးအမှတ်(၅၂)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)၌ နံနက် ၁၀း၀၀နာရီမှ ၁၃း၀၀နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဖြေဆိုခွင့်ကတ်ပြားများအား ၆-၃-၂၀၁၅ရက်တွင် မိမိလျှောက်ထားသည့် ရုံးအမှတ်(၃)၊ စီမံရေးရာဌာနခွဲ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၌ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

**ဝန်ထမ်းအလိုရှိသည်**

၁။ အင်ဂျင်နီယာ (၂)ဦး
BE,B.Tech/AGTI (CIVIL)လုပ်ငန်းအတွေ့အကြုံ (၅)နှစ်၊ အသက်(၄၀)အောက် အမျိုးသားဝန်ထမ်း
၂။ ဂိုဒေါင်မှူး (၂)ဦး
ဘွဲ့ရ၊ အသက်(၄၀)အောက်၊ ဂိုဒေါင်စာရင်းဇယားများ ထိန်းသိမ်းခြင်းနှင့် ကွန်ပျူတာအခြေခံ ရှိရမည်။ အမျိုးသားဝန်ထမ်း
၃။ အငယ်တန်းစာရင်းကိုင် (၂)ဦး
B.Com, LCCI Level III, DA အသက်(၃၀)အောက်၊ စာရင်းပိုင်းအတွေ့အကြုံ(၂)နှစ်၊ ကွန်ပျူတာကျွမ်းကျင်ရမည်။ အမျိုးသမီးဝန်ထမ်း
၄။ အငယ်တန်းရုံးစာရေး (၂)ဦး
ဘွဲ့ရ၊ ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်၊ အသက်(၂၅)အောက် အမျိုးသား/အမျိုးသမီးဝန်ထမ်း
၅။ ရုံးအကူ (၂)ဦး
အခြေခံပညာအထက်တန်း၊ အသက်(၂၅)အောက်၊ ကွန်ပျူတာအခြေခံတတ်သူဦးစား ပေးမည်။ အမျိုးသားဝန်ထမ်း
၆။ ယာဉ်မောင်း (၂)ဦး
လုပ်ငန်းအတွေ့အကြုံ(၂)နှစ်၊ အသက်(၃၀)အောက်၊ လှိုင်မြို့နယ်နေသူ ဦးစားပေးမည်။
၇။ ၁၂ဘီး/၂၂ဘီး ယာဉ်မောင်း (၂)ဦး
ယာဉ်မောင်းလိုင်စင်(၅)နှစ်၊ မြို့တွင်း/နယ်အဝေးမောင်း အတွေ့အကြုံရှိရမည်။ အသက် (၃၅)နှစ် အောက်ဖြစ်ရမည်။

အထက်ပါရာထူး စိတ်ဝင်စားသူသည် CV Form၊ ပညာအရည်အချင်းဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ဓာတ်ပုံ(၂)ပုံ မျှော်မှန်းလစာနှင့်အတူ (၂)ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။
International Green Land Trading Co;Ltd အမှတ်(၇)၊ ပိတောက်လမ်းသွယ်(၂)၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၁-၅၃၁၃၀၄၊ ၀၁-၅၃၁၃၀၅

**အတွေးအမြင်ဆောင်းပါး**

# ပြောင်းလဲဖွဲ့စည်းသင့်တာ ကြာခဲ့ပါပြီ

à ပြည်သူတစ်ဦး

"မထသ" လို့စာရေးသူ ရေးသားတင်ပြလိုက်တာနဲ့ စီးပွားရေးမြို့တော်ရန်ကုန်နေ ပြည်သူအားလုံး နိစ္စဓူဝ အားကိုးအသုံးပြုခရီးသွားလာနေသော ယာဉ်လိုင်းအသီးသီးအား စီမံအုပ်ချုပ်နေသော အဖွဲ့အစည်းတစ်ခုဆိုတာ အားလုံးသိရှိပြီးသားဖြစ်ပါသည်။ ဖော်ပြပါ အဖွဲ့အစည်းကြီးမှာ ၁၉၅၉ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်ကပင် ယာဉ်လိုင်းများအား ယုန်၊ ဆင်၊ ကြံ့၊ ပုဇွန်၊ နဂါး၊ လက်ရုံး၊ ရွက်လှေအစရှိသော တံဆိပ်များတပ်ဆင်ပြေးဆွဲရာမှ စတင်သန္ဓေတည်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှစ၍ "မထသ"(မြို့တွင်း)အဖြစ် စနစ်တကျပြောင်းလဲဖွဲ့စည်း၍ ဝန်ဆောင်မှုပေးခဲ့သည်မှာ ယနေ့ထိပင်ဖြစ်ပါသည်။

၁၉၉၀ ခုနှစ်နှောင်းပိုင်းမှစတင်၍ တိုးတက်များပြားလာသော လူဦးရေနှင့်ပြောင်းလဲကျင့်သုံးလာသော နိုင်ငံ၏ စီးပွားရေးစနစ်လိုအပ်ချက်အရ ခရိုင်ယာဉ်လိုင်းများ၊ ပါရမီ၊ ရွှေညော်သည်၊ သန်မြန်သူ၊ ငြိမ်းချမ်းရေး၊ မေတ္တာလှိုင်း အစ ရှိသော အမည်နာမအမျိုးမျိုးတပ်ဆင်ထားသော ယာဉ်လိုင်းများဖြင့်လည်း ခရီးသွားပြည်သူများအပေါ် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပါရမီယာဉ်လိုင်းမှလွဲ၍ ယာဉ်လိုင်းအသီးသီးတွင် ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံ၍ယာဉ်များ ဝယ်ယူဝင်ရောက်လိုင်းပြေးဆွဲသည့် လုပ်ငန်းအားဆောင်ရွက်နေသော ပုဂ္ဂလိကယာဉ်ပိုင်ရှင်များသည် နေ့စဉ်ပြေးဆွဲပေးရသည့် ခရီးလမ်းကြောင်းအလိုက် များသောအားဖြင့် အမှန်တကယ်မရရှိနိုင်သော တစ်ခေါက်ဝင်ငွေစံနှုန်းအပေါ် အခြေခံ၍ စီမံခန့်ခွဲမှုစရိတ် နှစ်ရာခိုင်နှုန်းနှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၏ ဖွံ့ဖြိုးရေးစရိတ်ဟုဆိုကာ တစ်ရာခိုင်နှုန်းပါ နေ့စဉ်ထည့်သွင်းကောက်ခံနေရသည်။ မထသခရိုင်နှင့် ယာဉ်လိုင်းအသီးသီးသို့ နေ့စဉ် ယာဉ်တစ်စီးဝင်ငွေမှ သုံးရာခိုင်နှုန်းပေးသွင်းနေရသည့်အပြင် တရားမဝင်ဂိတ်ကြေးနှင့် လမ်းကြေးများပါ ပေးနေရသောကြောင့် ယာဉ်ကြီး တစ်စီးဝယ်ယူ၍ ရင်းနှီးမြှုပ်နှံထားသော ယာဉ်ပိုင်ရှင် တစ်ဦးအနေဖြင့် ယာဉ်ချွတ်ယွင်းမှုမရှိဘဲ သတ်မှတ် ခေါက်ရေအတိုင်း ပုံမှန်ဝန်ဆောင်မှုပေးနိုင်ပါက တစ်နေ့လျှင် ကျပ် ၇၅၀၀ ခန့်မှ ကျပ် ၁၂၀၀၀ ခန့် အထိ ပေးသွင်းရသဖြင့် တစ်နှစ်လျှင် မထသနှင့် သက်ဆိုင်ရာ ယာဉ်လိုင်းအသီးသီးအား ငွေကျပ်နှစ်ဆယ့်ငါးသိန်းမှ သိန်းလေးဆယ်ခန့် ပေးသွင်းနေရကြောင်း ယာဉ်ပိုင်ရှင်များထံမှ ကြားသိနေရသည်။ လက်ရှိယာဉ်လိုင်းအတွင်း (City Bus) ယာဉ်ကြီးတစ်စီးတန်ဖိုး၏ ၁၅ရာခိုင်နှုန်းခန့်အား စီမံခန့်ခွဲမှုစရိတ်အဖြစ် နှစ်စဉ်ပေးသွင်းနေရခြင်းသည် လွန်စွာများပြားသည့် ပမာဏဖြစ်သည်ဟုဆိုလျှင် မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။ စီမံခန့်ခွဲမှုစရိတ်များ တိုးမြှင့်ကောက်ခံ၍ ရုံးဝန်ထမ်းနှင့် ယာဉ်လိုင်းဝန်ထမ်း ထောင်ချီခန့်ထားသော်လည်း ဝန်ဆောင်မှုအပိုင်းနှင့် စည်းကမ်းထိန်းသိမ်းရေးအပိုင်းတွင် မည်မျှတိုးတက်လာသည်ကို ကြံ့ခိုင်မှု မပြည့်စုံ၊ မိုးယိုပြီး ဥပဓိရုပ်မကောင်းသည့် ယာဉ်ကြီးများဖြင့် ယနေ့တိုင် ဝန်ဆောင်မှုပေးနေသည့်အပြင် စည်းကမ်းထိန်းသိမ်းရေးအပိုင်းတွင်လည်း မြို့တွင်းတွင် ကွန်ကရစ်ကပ်တုံးများချ၍ ခရီးသည်ယာဉ်များသာ အသုံးပြုသွားလာရန် ယာဉ်လမ်းကြောင်းသတ်မှတ်ပေးရသည့် အခြေအနေများက သက်သေပြလျက်ရှိသည်။

> **ယာဉ်ပိုင်ရှင်တစ်ဦးအနေဖြင့် ယာဉ်ချွတ်ယွင်းချက်မရှိဘဲ သတ်မှတ်ခေါက်ရေအတိုင်း ပုံမှန်ဝန်ဆောင်မှုပေးနိုင်ပါက တစ်နေ့လျှင် ကျပ် ၇၅၀၀ ခန့်မှ ကျပ် ၁၂၀၀၀ ခန့်. . . .**

နိုင်ငံတော်အနေဖြင့်လည်း တစ်နိုင်ငံလုံးလူဦးရေ၏ ၁၀ရာခိုင်နှုန်းခန့် နေထိုင်သော ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ၂-၁၂-၂၀၀၉ ရက်နေ့တွင် မထသ(ဗဟို)အား ဖွဲ့စည်းတာဝန်ပေးအပ်၍သော်လည်းကောင်း၊ ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေး အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အား ၇-၁-၂၀၁၃ရက်နေ့တွင် ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်၍သော်လည်းကောင်း ခရီးသွားပြည်သူများ၏ ဝန်ဆောင်မှုလုပ်ငန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။

ရွှေရတုတိုင်ခဲ့ပြီဖြစ်သော မထသ(မြို့တွင်း)သည် ခရီးသွားပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား ခေတ်ကာလနှင့်လျော်ညီစွာ ထူးခြားကောင်းမွန်သည့် ဝန်ဆောင်မှုများဖြင့် ပြည်သူအား ပေးဆပ်ရန်လုံလောက်သော အချိန်ကာလအား ပိုင်ဆိုင်ခဲ့သော်လည်း ယနေ့တိုင် မြို့တော်နေပြည်သူများအပေါ် သိသာထင်ရှားစွာ ဝန်ဆောင်မှုမပေးနိုင်သည့်အပြင် ယာဉ်လိုင်းများအား စီမံအုပ်ချုပ်သော မထသ(ဗဟို)၊ မထသ(မြို့တွင်း)၊ ပါရမီနှင့် ခရိုင်ယာဉ်လိုင်းများမှ တာဝန်ရှိသူအသီးသီးမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအပေါ် ခေတ်နှင့်လျော်ညီစွာ စီမံခန့်ခွဲမှု မပြုလုပ်နိုင်ခြင်းကြောင့် ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှုနှင့် ယာဉ်တိမ်းမှောက်မှုဖြစ်ပေါ်သည့် ရာခိုင်နှုန်းများမြင့်တက်လာပြီး တိုင်းပြည်အတွက် တန်ဖိုးမဖြတ်နိုင်သော သားကောင်း သမီးကောင်းရတနာများပင် အခါအားလျော်စွာ အသက်ဆုံးရှုံးမှု၊ ကိုယ်အင်္ဂါချို့ယွင်းမှုများ ဖြစ်ပေါ်နေသလို ဆက်လက်၍လည်း အသက်အန္တရာယ်ကြုံတွေ့ရနိုင်သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။

စာရေးသူ၏ ၂၀၁၃ခုနှစ် မတ်လအတွင်း ရေးသားဖော်ပြခဲ့သော " မြို့တော်နေပြည်သူများ ယုံကြည်ကိုးစားရသော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုစနစ်ဖြစ်စေချင်" ဟူသည့် နိုင်ငံ့အကျိုးပြုဆောင်းပါးတွင် မထသအဖွဲ့အစည်းအား ခေတ်ကာလနှင့်လျော်ညီသော အမည်နာမများဖြင့်(ဥပမာ) အများပိုင်သယ်ယူပို့ဆောင်ရေးကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်း၍ ပြည်သူအား ဝန်ဆောင်မှုပေးသင့်ပါကြောင်း ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

ယခုရက်ပိုင်းအတွင်း သတင်းစာစောင်နှင့် မီဒီယာများတွင် မထသအား အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပါကြောင်း၊ ပြောင်းလဲဖွဲ့စည်းရာတွင် အစိုးရအဖွဲ့မှ တိုက်ရိုက်ခန့်နှင့် တာဝန်ထမ်းဆောင်ဆဲ မထသလက်ကျန်များ၊ ယာဉ်ပိုင်ရှင်ကိုယ်စားလှယ်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များပါ ထည့်သွင်းဖွဲ့စည်းရန် ကြိုတင်နမိတ်ပေးသတင်းအကြောင်းအရာများအားလည်း ရေးသားဖော်ပြနေသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အကြီးအကဲ သမ္မတကြီးကိုယ်တိုင် ၁၈-၁- ၂၀၁၅ ရက်နေ့ နေပြည်တော်ရှိ သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အုပ်ချုပ်ရေးယန္တရား၊ အုပ်ချုပ်ရေးစီမံခန့်ခွဲမှု၊ ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုကောင်းမွန်ရန် ဖျက်သိမ်းသင့်သည့်ဌာနများကို ဖျက်သိမ်းခြင်း၊ ပူးပေါင်းဖွဲ့စည်းသင့်သည့်ဌာနများကို ပူးပေါင်းဖွဲ့စည်းပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား စေတနာထားလုပ်ဆောင်ရန်နှင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားအတွက် အပြည့်အဝ ဝန်ဆောင်မှုပေးရန် လမ်းညွှန်မိန့်ကြားခဲ့ပြီးလည်း ဖြစ်ပါသည်။

မည့်သည့်ပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းသည်ဖြစ်စေ ရွှေရတုတိုင်အောင် ပြည်သူအပေါ် ကျေနပ်အားရဖွယ်ကောင်းသောဝန်ဆောင်မှုများဖြင့် မပေးဆပ်နိုင်ခဲ့သော မထသအား အမည်နာမပြောင်းလဲဖွဲ့စည်းခြင်းမျိုး မဟုတ်ဘဲ အသွင်သဏ္ဍာန်ရော အနှစ်သာရပါ အမှန်တကယ် ပြောင်းလဲပြီး အာဆီယံဒေသတွင်းသာမက နိုင်ငံတကာမှ ပြည်သူများ ရင်းနှီးကျွမ်းဝင်နေသော သယ်ယူပို့ဆောင်ရေးစနစ်မျိုးအား မြို့တော်ရန်ကုန်နေပြည်သူများ အိပ်မက်ရုံသာမက အမှန်တကယ်လက်တွေ့ကျကျ ထိတွေ့ခံစားနေနိုင်အောင် စနစ်တကျ စဉ်းစဉ်းစားစား အချိန်ယူ၍ ပြောင်းလဲဖွဲ့စည်းသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

အဆင့်ဆင့်သော မထသဝန်ထမ်းများအနေဖြင့် ပြောင်းလဲဖွဲ့စည်းမည့် အများပိုင်ကုမ္ပဏီတွင် ပြောင်းလဲခန့်အပ်တာဝန်ပေးခံရပါက ခေတ်အဆက်ဆက် ချို့ယွင်းအားနည်းခဲ့သော စီမံအုပ်ချုပ်မှု၊ အဂတိတရား မကင်းရှင်းသော ဝန်ဆောင်မှုများအား သံယောဇဉ်ဖြတ်၍ နိုင်ငံတော်မှ ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်နေသော ဒီမိုကရေစီလမ်းစဉ်အား ပိုမိုပီပြင်စေရန်နှင့် မြို့တော်နေပြည်သူများအတွက် ခေတ်မီကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ် ပေါ်ထွန်းလာစေရန် အထူးအလေးထား ပေးဆပ်ဆောင်ရွက်သွားသင့်ပါကြောင်းနှင့် မကြာမီပေါ်ပေါက်လာမည်ဟု ယုံကြည်ရသည့် အများပိုင်သယ်ယူပို့ဆောင်ရေး(အသင်း)ကုမ္ပဏီ အစရှိသဖြင့် ပြောင်းလဲဖွဲ့စည်းမှုအား ကြိုဆိုပါကြောင်း မွန်မြတ်သောစိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။

မြန်မာမြတ်စျယ်ရီ Travels & Tours Co.,Ltd
ကိုရီးယားခရီး (ဧပြီသင်္ကြန် ၁၅-၂၂)
5* 4* 3* Hotel (အပြီးအစီး)
ကိုရီးယားအခြေစိုက်မြန်မာကိုယ်ပိုင်ရုံးခွဲ
(၅ရက်/၄ည)- $1290 (၈ရက်/၇ည)- $1890
အမှတ်(၁၂၂/၁၂၄)၊ ကျိုက္ကဆံလမ်းနှင့်လမ်း(၁၅၀)ထောင့်၊ တာမွေ။
01-551240, 09-73160843, 09-5003647

City FM မှ ထုတ်လွှင့်လျှက်ရှိသော သင်္ကြန်ခရီးစဉ်များ
* ဟိုင်းကြီးကျွန်း-ကျောက်ကလပ်-မော်တင်စွန်း-ငွေဆောင်ကမ်းခြေ
* တောင်ကြီး-အင်းလေး-ကလော-ပင်းတယ-မွေတော်ကက္ကူ-ထန်စမ်းဂူ
* မန္တလေး-မင်းကွန်း-...
* မန်းရွှေစက်တော်-ပုဂံ-ညောင်ဦး-ပဒုမ္မာ(သီဟိုဠ်ရှင်)-ပုပ္ပါး
* အလောင်းတော်ကဿပ-မန္တလေး(ပြင်ဦးလွင်)-စစ်ကိုင်း-မုံရွာ-မင်းကွန်း
အဆင့်မြင့်ဟိုတယ်တည်း။ စားသောက်ဆိုင်စား။ အဆင့်မြင့်စရိတ်ငြိမ်း

ကွန်ဒိုရောင်းမည်
စိန်ရတနာအဆင့်မြင့်ကွန်ဒို၊ 1500 sqf , 1-MB, 2-BR
အဆင့်မြင့်ပြင်ဆင်ပြီး 3AC ၊ ရေပူရေအေး၊ Lift ပါ ၊ ၂၄ နာရီ လုံခြုံရေး၊
ကားပါကင်နေရာကောင်း၊ စိတ်ငြိမ်ရပ်ကွက်အတွင်း ၊ PISM ကျောင်း၊
ရန်ကုန်အင်းစိန်လမ်းမအနီး၊ အောင်မြေသာစည် အိမ်ရာ၊ ကမာရွတ်။
3300 - သိန်း (ညှိနှိုင်း)
Ph : 09-5166702, 09-31056676, 09-259196474

ပြောင့်စင်းလှပစိတ်တိုင်းကျရမည်...
ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝကျွတ်စေရ
Ph: 09-73048685
■ ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
■ ဗယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ

မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၁၇၅/၂၀၀၉) အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း
ဦးကျော်မိုးနိုင် (၁၂/ဥကမ(နိုင်)၁၈၁၃၉၅)ကိုင်ဆောင်သူမှ ဒေါ်ထက်ထက်လွင် (၁၂/ရကန(နိုင်)၀၀၂၈၂၄)ကိုင်ဆောင်သူသို့ ပေးအပ်ထားသည့် မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၁၇၅/၂၀၀၉)အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးကျော်မိုးနိုင် (၁၂/ဥကမ(နိုင်)၁၈၁၃၉၅)

ပိုင်ရှင်ကိုယ်တိုင်(ရောင်းရန်/ငှားရန်)
(၁) သာကေတစက်မှုဇုန်ရှိ-တန်ချိန်(၁၅၀၀)သိုလှောင်နိုင်/ထုပ်ပိုးမှုပြုလုပ်နိုင်သော အအေးခန်းစက်ရုံ (ငှားရန်)
(၂) ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းပေါ်ရှိ ပထမထပ်-အကျယ်အဝန်း(ပေ၆၀× ပေ၅၀× အမြင့်၁၆ပေ)တိုက်ခန်းအသစ် (ငှားရန်)
(၃) ဆရာစံလမ်း၊ ပုလဲကွန်ဒို မြေညီထပ်(၃ ခန်းတွဲ)-(ရောင်းရန်)
ဆက်သွယ်ရန်ဖုန်း-၂၅၁၅၁၀၊ ၂၅၁၅၀၉၊ ၀၉-၅၁၅၆၅၈၀၊ ၀၉-၅၁၁၉၀၃၇



# ကျေးလက်နေပြည်သူများ စက်အငှားသုံးဘဝမှ စက်ပိုင်ဘဝသို့ရောက်ရှိရန် သမဝါယမက အကောင်အထည်ဖော်နေသည့် အရစ်ကျငွေချေစနစ်

လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်ရာ သမဝါယမဝန်ကြီးဌာနသည် အသင်းသားတောင်သူလယ်သမားများ တစ်ဦးချင်း ကြိုက်နှစ်သက်သော ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချနိုင်ရန် အကျိုးအမြတ်အဓိကဦးမတည်၊ အသင်းသားတောင်သူလယ်သမားများ စိတ်ကြိုက်အရည်အသွေးကောင်းမွန်သည့် လယ်ယာသုံးစက်ကိရိယာများရရှိရေးကို အဓိကဦးတည်ဆောင်ရွက်လျက်ရှိသည်။ ဖေဖော်ဝါရီ ၂၀ ရက်ထိ သမဝါယမက တိုင်းဒေသကြီး/ပြည်နယ်များသို့ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာ အရေအတွက် ၁၆၆၆၄ စီး (တန်ဖိုးကျပ် ၁၃၅၂၈ ဒသမ ၅၂၅၅ သန်း)နှင့် ကိုရီးယားသမ္မတနိုင်ငံ Daedong Co., Ltd. လုပ် လယ်ယာသုံးစက်ကိရိယာ ၄၃၄ စီး (တန်ဖိုးကျပ် ၁၀၄၇၀ ဒသမ ၀၁၅၂ သန်း) စုစုပေါင်း လယ်ယာသုံးစက်ကိရိယာ ၁၇၀၉၈ စီး (တန်ဖိုးကျပ် ၂၃၉၉၈ ဒသမ ၅၄၀၇ သန်း) အရစ်ကျငွေချေစနစ်ဖြင့်ပံ့ပိုး ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့သည်များအနက်မှ တန်ဖိုးကျပ် ၃၃၁ ဒသမ ၅၇၆၀ သန်းရှိ စက်ကိရိယာ ၁၂၈၈ စီးကို အသင်းသား တောင်သူလယ်သမားများက သတ်မှတ်ကာလအတွင်း ငွေအပြေအကျေပေးဆပ်ခဲ့ပြီးဖြစ်၍ စက်ငှားသုံးဘဝမှ စက်ပိုင်ဘဝသို့ ပြောင်းလဲတိုးတက်လာခဲ့ပြီဖြစ်ကြောင်းသိရသည်။ အရည်အသွေးကောင်းမွန်သည့် Daedong လယ်ယာသုံးစက်ကိရိယာများကို တိုင်းဒေသကြီး / ပြည်နယ်အသီးသီးရှိ အသင်းသားတောင်သူ လယ်သမားများသို့ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သမဝါယမကဏ္ဍမှ လယ်ယာသုံး/လုပ်ငန်းသုံးစက်ပစ္စည်းအရစ်ကျရောင်းချမှုဇယား**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | Hire Purchase စနစ်ဖြင့် ရောင်းချပေးပြီးသော ပစ္စည်း/တန်ဖိုး | | ငွေအပြေအကျေပေးဆပ်ပြီး ကိုယ်ပိုင်ဖြစ်လာသည့် စက်ကိရိယာ | |
|---|---|---|---|---|---|
| | | စက်ပစ္စည်း အရေအတွက် | တန်ဖိုး (ကျပ်သန်း) | စက်ပစ္စည်း အရေအတွက် | တန်ဖိုး (ကျပ်သန်း) |
| ၁ | နေပြည်တော် | ၄၆၅ | ၈၉၃. ၈၃၈၂ | | |
| ၂ | ကရင် | ၁၅ | ၁၀၇. ၉၈၂၀ | | |
| ၃ | စစ်ကိုင်း | ၁၃၈၀ | ၈၁၄၁. ၈၈၉၃ | | |
| ၄ | တနင်္သာရီ | ၁၂၂ | ၅၀. ၆၂၈၀ | | |
| ၅ | ပဲခူး | ၈၅၈ | ၁၇၁၅. ၄၇၀၀ | ၃၀ | ၅၉. ၁၀၀၀ |
| ၆ | မကွေး | ၄၄၇ | ၁၀၅၇. ၉၅၉၀ | | |
| ၇ | မန္တလေး | ၃၂၂ | ၃၆၀၅. ၅၇၁၀ | ၁၀၉ | ၁၃၂. ၇၂၅၀ |
| ၈ | မွန် | ၄၈၂ | ၅၆၆. ၆၃၆၇ | ၃၆၀ | ၅၇. ၃၁၁၀ |
| ၉ | ရခိုင် | ၅၃ | ၃၅၁. ၂၀၀၀ | | |
| ၁၀ | ရန်ကုန် | ၃၈၄၁ | ၃၃၉၃. ၀၁၂ | ၆၈၃ | ၅၇. ၆၂၅၀ |
| ၁၁ | ရှမ်း | ၁၄၆၆ | ၂၄၃၃. ၃၄၀၀ | ၁ | ၄. ၀၀၀၀ |
| ၁၂ | ဧရာဝတီ | ၇၆၄၇ | ၁၆၈၁. ၀၁၄၅ | ၁၀၅ | ၂၀. ၈၁၅၀ |
| | စုစုပေါင်း | ၁၇၀၉၈ | ၂၃၉၉၈. ၅၄၀၇ | ၁၂၈၈ | ၃၃၁. ၅၇၆၀ |

**သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန**

# ချောက်မြို့နယ်ပြည်သူ့ဈေးကြီးတွင် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

**ချောက် ဖေဖော်ဝါရီ ၂၇**

ဆောင်းအကုန်နွေအကူး ခြောက်သွေ့ပူပြင်းသောရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ပြည်သူတို့၏ အသက်အိုးအိမ်များ မီးဘေးအန္တရာယ်မကျရောက်စေရေး၊ မီးလောင်မှုဖြစ်ပွားပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရေးအတွက် ကြိုတင်ပူးပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၅ရက်နံနက် ၁၁ နာရီက ချောက်မြို့ ပြည်သူ့ဈေးတွင် ကျင်းပခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်နှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရဲထွေးအောင်တို့က ဇာတ်တိုက်လေ့ကျင့်မည့်လုပ်ငန်းများကိုမြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှု ကော်မတီဝင်များ၊ ဈေးမိ ဈေးဖနှင့် ဈေးရုံအလိုက်ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့သည်။

သတ်မှတ်ချိန် ၁၁ နာရီတွင် မီးသတ်ယာဉ်များနှင့်တပ်ဖွဲ့ဝင်များသည် သတ်မှတ်နေရာများသို့ ရောက်ရှိနေရာယူခြင်း၊ မီးငြိမ်းသတ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ပြည်သူ့ဈေးတွင် ဆိုင်ခန်းပေါင်း ၁၂၀၀ ကျော်ရှိ၍ အကျယ်အဝန်းပေ ၃၀၀ ပတ်လည်ခန့်ရှိကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေကန် လေးကန် ရေနုတ်ရေလိုင်း သုံးလိုင်း၊ ဒိုင်းရှင်း မီးသတ်အင်အား ၁၇ ဦးထားရှိ၍ အလေးထားဆောင်ရွက်လျက်ရှိကြောင်း အမှုဆောင်အရာရှိ ဦးထင်အောင်က ပြောကြားခဲ့သည်။

ယခုကဲ့သို့ မီးငြိမ်းသတ်ရေးကို ဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်၍ မီးလောင်မှုများ ဖြစ်ပွားလာပါက အလျင်အမြန် မီးငြိမ်းသတ်နိုင်ရေးကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့နှင့်လူမှုရေးအဖွဲ့ဖြစ်သည့် မနောဖြူလူမှုရေးအသင်းမှ အင်းအားများစုစည်း၍ မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီမှ လမ်းညွှန်မှုကိုခံယူ ဆောင်ရွက်ခဲ့ကြောင်းဎင်းက ဆက်လက်ပြောသည်။ **ဦးဝင်းငွေး(ချောက်)**

# ရဲတပ်ဖွဲ့မှူး နှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြို့မိ မြို့ဖများ တွေ့ဆုံပွဲ တောင်တွင်းကြီး၌ကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးဟန်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်ချိုဦးနှင့် မြို့မရဲစခန်းပိုင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက မြို့မရဲစခန်းရဲရိပ်သာ၌ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက ၂၀၁၄ခုနှစ် မှ ၂၀၁၅ခုနှစ်ဖေဖော်ဝါရီ ၂၄ ရက်အထိ မှုခင်းများဖြစ်ပွားမှုအခြေအနေ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ၊ လူကုန်ကူးမှု မဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းနှင့်စည်းကမ်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပြေးလေးပြေးစသည်မှုခင်းများဖော်ထုတ်ရာတွင်မသင်္ကာသူများကို အမြန်ဆုံးသတင်းပေးပို့သွားရေးကိုပြောကြားခဲ့သည်။

ထို့ပြင် ဒေသခံပြည်သူများ၏ လုံခြုံရေးအတွက်လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့်ဆောင်ရွက်လုပ်ကိုင်နေမှုတို့ကို ပြည်သူများမှ ပူးပေါင်းပါဝင်မှုကြောင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ အောင်မြင်ရေးအတွက်ပူးပေါင်းဆောင်ရွက်ပေးရေးတို့ကို ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

# ညောင်ပင်ကြီးစုကျေးရွာ လမ်းအား ကတ္တရာခင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ကောင်စီလမ်းနှင့် တော်ဝင် ရတနာလမ်းအားဆက်သွယ်သည့် ညောင်ပင်ကြီးစုကျေးရွာအပြင်လမ်းအား ကျေးရွာနေပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊စီးပွားရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲအဆင်ပြေစွာ သွားလာနိုင်ရန်အတွက် မြေသားလမ်းမှ အကျယ်၁၈ပေရှိ လမ်းအရှည်ပေ ၅၂၀၀ထိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂ ရက်မှစ၍ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဆုထက်လှိုင်)**

ချို သင်္ကြန်မှာ ချိုနဲ့အတူ ခရီးသွားရအောင်..ချိုနဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့?
မိတ်ဆောင်း/သစ် များအတွက် အထူးစေတနာထုထိုလ်ထူ၍ *ဗုဒ္ဓဂါယာအခမဲ့လိုက်ပါခွင့်ကံစမ်းမဲ*
Restaurant,Hotel,VIP Tour Express - SCANIA ကားသစ်ကြီးများဖြင့် Mar-26 Apr-12/13/17
သင်္ကြန်ခရီးစဉ်များအားလုံး 50% Discounts အားလုံးစရိတ်ငြိမ်း
တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–မွေတော်ကက္ကူ–ထမ့်စမ်း
(ကုံလုံဆရာတော်၏ထူးခြားဖြစ်စဉ်ဖူးမျှော်ရန်) ၄ည/၅ရက် ယခင် 320000 ယခု 160000
မန္တလေး–စစ်ကိုင်း–ပြင်ဦးလွင်–ပုဂံ–ပုပ္ပါး(စွယ်တော်လေးဆူပြည့်ငါးပြည့်အထူး)
(ညပိုင်း Dinner စားရင်း ဖျော်ဖြေမှုပါ။) ၄ည/၅ရက် ယခင် 320000 ယခု 160000
အလောင်းတော်–မန္တလေး–စစ်ကိုင်း–မုံရွာ
**မုံရွာ ဝင်းယူနတီ ဟိုတယ်တွင် (၂)ညအိပ်** ၄ည/၅ရက် ယခင် 340000 ယခု 180000
ရွှေလီ–မူဆယ်–ဗန်မော်–ဝမ်းတိန်–မန္တလေး–ပြင်ဦးလွင်
မူဆယ်/ရွှေလီ/မန္တလေး 3 Stars Hotel တွင်(၁)ညစီအိပ်မည်။၅ည/၆ရက် 280000
၂၀၁၅ သင်္ကြန်အတွက် သီးသန့်အဆင့်မြင့် စရိတ်ငြိမ်း ခရီးစဉ်အားလုံး ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ်(၅၄)၊ Orange Center ဘေး၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း။ အိမ်တိုင်ရာရောက်လက်မှတ်ဝန်ဆောင်မှု
Ph: 09-420073607, 09-73211079, 09-31013761




ချို ဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့
ချိုနဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့? မိတ်ဆောင်း/သစ် များအတွက်
မြတ်သောဒါန/မြတ်သောစေတနာ/မြတ်ဗုဒ္ဓအဆူဆူပွင့်ရာ မဇ္ဈိမဒေသသို့ ချို နဲ့အတူ ခရီးသွားကြပါစို့.....
ဖွား-ပွင့်-ဟော-စံ လေးဌာန အထူးသီးသန့်ခရီးစဉ် VIPအထူး
(၇)ညအိပ်/(၈)ရက်ခရီးစဉ်–တစ်ဦးလျှင် (၈၅၀၀၀၀/–) Mar-15
(၁၄)ညအိပ်/(၁၅)ရက်ခရီးစဉ်–သင်္ကြန်အထူး(၉၅၀၀၀၀/–) Apr-5
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ကုမ္ပဏီအဖွဲ့အစည်းနှင့် မိသားစုများအတွက် သီးသန့်ခရီးစဉ်နှင့် ကားမျိုးစုံငှား စီစဉ်ပေးသည်။
အမှတ်(၅၄)၊ဝေဇယန္တာလမ်း၊ Orange Center ဘေး၊ သင်္ဃန်းကျွန်း။ အိမ်တိုင်ရာရောက်လက်မှတ်ဝန်ဆောင်မှု
Ph: 09-420073607, 09-31013761, 09-49250637

ချို 09-420073607 09-73211079 09-49250637
Car Rental, Sale & Services
ခရီးစဉ် တမျိုးမျိုး တချိန်ပိုင်းနှင့် ဖော်ဒယ်အဖြင့် ကားသစ် မျိုးစုံ
လချုပ်/နှစ်ချုပ် ဖြင့်
ရောင်း/ဝယ်/ငှားရန် ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

သင့်ကြောင့်
မီးမလောင်ပါစေနဲ့

ရှာပါ ဖွေပါ findmyanmar
Find
www.findmyanmar.com
သင့်ရဲ့ စိတ်ကူးထဲက အိမ်တစ်လုံးကို ရှာဖွေနိုင်မည့် အကောင်းဆုံး Website
Golden Hexagon Media Group
Call Us : 01 - 2304318 , 09 - 43185047

အင်းစိန်တိုက်ပွဲသည် အစိုးရရုံးစိုက်ရာ ရန်ကုန်နှင့် အလွန်နီးကပ်စွာတည်ရှိနေသဖြင့် သေရေးရှင်ရေးတမျှ အရေးကြီးသော တိုက်ပွဲ ဖြစ်သည်။ ယနေ့ဆိုလျှင် နှစ်ပေါင်း (၆၅)နှစ်တိုင်ခဲ့ပြီဖြစ်သည်။ မျိုးဆက်သစ်လူငယ်တို့အဖို့ အင်းစိန်တိုက်ပွဲသည် အလွန်လှမ်းဝေးသွားပြီဖြစ်သည်။ ထို့ကြောင့် စာဖတ်သူများအတွက် ကျွန်တော်တို့ အကောင်းဆုံး ကြိုးစားထုတ်ဝေလိုက်ပါသည်။
အင်းစိန်တိုက်ပွဲ
လှသောင်း (Dip in B.Dh)
ဖြန့်ချိရေး–မိုးကျော်သူစာပေ၊ ၀၁–၃၈၄၂၁၉၊ ၀၉–၂၅၄၉၀၀၃၃၁

– ကျန်းမာရေးဆောင်းပါး –

# သတိပြုကာကွယ် ပဋိဇီဝဆေး ယဉ်ပါးမှုအန္တရာယ်

ခ ဒေါက်တာဖြိုးသူအောင်(မွေး/ကု)

ယနေ့ကမ္ဘာပေါ်တွင် ပဋိဇီဝဆေးကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနေကြပါသည်။ လူထုဆေးပညာတွင်သာမက တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးပညာတွင်လည်း တွင်တွင်ကျယ်ကျယ် အသုံးပြုလျက် ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နောက်ဆုံးထွက်ရှိသည့် ပဋိဇီဝဆေးများကို ဈေးကွက်တွင် အလွယ်တကူ ရရှိနိုင်ပေသည်။

နေမကောင်းဖြစ်ပါက ဆေးခန်းသွားပြီး ဆရာဝန်ဆီ ပြသရန် ဝန်လေးတတ်သည်မှာ လူ့မနောပင်ဖြစ်တော့သည်။ လမ်းဘေးမှ ဆေးဆိုင်မှာ အလွယ်တကူပင် ဝယ်ယူတတ်ကြသည်။ ဆေးသက်တမ်းလည်းမကြည့်၊ မည်သည့်ဆေး ပေးလိုက်မှန်း မသိကြဘဲ မနက် တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ အိပ်ရာဝင်ခါနီးတစ်ကြိမ်သောက် ဆိုပြီးသာသိကြ၏။ ကိစ္စများမြောင်လူတို့ဘောင်တွင် စားဝတ်နေရေးအတွက် လုံးပန်းနေကြရင်း ပဋိဇီဝဆေး၏ ခုခံနိုင်စွမ်းအား များပြားလာမှုကို သတိမပြုမိကြပေ။

စာရေးသူသည် ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်၌ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ Faculty of Veterinary Medicine တွင် ပဋိဇီဝဆေးခုခံနိုင်မှုနှင့်ပတ်သက်၍ တိရစ္ဆာန် ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးဘာသာဖြင့် မဟာဘွဲ့ရရှိခဲ့ပါသည်။

ထို့ကြောင့် ပြည်သူများ ပဋိဇီဝဆေး ခုခံနိုင်မှုနှင့်ပတ်သက်၍ သိရှိစေရန်အတွက် ရေးသားတင်ပြလိုက်ရပါသည်။ ဗိုင်းရပ်(စ်)ပိုး၊ ဗက်တီးရီးယားပိုးနှင့် သန်ကောင်ပိုးတို့ကြောင့် တိရစ္ဆာန်များအပါအဝင် လူတို့တွင် အမျိုးမျိုးသောရောဂါများ ဖြစ်ပေါ်တတ်၏။ ဗိုင်းရပ်(စ်)ပိုးကြောင့်ဖြစ်သော ရောဂါကို ဆေးသောက်ခြင်းဖြင့် မကုသနိုင်သော်လည်း ဘက်တီးရီးယားပိုးကြောင့် ရောဂါများ ဖြစ်ပေါ်ခဲ့ပါက ပဋိဇီဝဆေးဝါးကို အသုံးပြုနိုင်ပါသည်။

ထို့ကြောင့် ပဋိဇီဝဆေးသည် လက်နက်ကြီးသဖွယ်ဖြစ်နေတော့သည်။ ဆရာဝန်၏ ညွှန်ကြားချက်ကို လွဲမှားစွာသောက်သုံးခြင်း၊ ဆေးပတ်လည်အောင် သောက်သုံးမှုမရှိခြင်းတို့ကြောင့် ပဋိဇီဝဆေးယဉ်ပါးမှု ဖြစ်စေသလို ပဋိဇီဝဆေးကြွင်းဆေးကျန်များသည် လူတို့စားသုံးသော အသား၊ ငါး၊ နို့နှင့် ဥတို့မှတစ်ဆင့် ပဋိဇီဝဆေး ယဉ်ပါးခြင်းဖြစ်စေနိုင်ပါသည်။ ပဋိဇီဝဆေးကို ခုခံနိုင်သည့် မျိုးရိုးဗီဇသည် ရေထဲမှတစ်ဆင့်၊ မွေးမြူရေးတိရစ္ဆာန်များမှတစ်ဆင့်နှင့် ရှားပါးစွာပင် မြေကြီးမှတစ်ဆင့် ကူးစက်တတ်ပေသည်။

ထို့အတူပင် တိရစ္ဆာန်မွေးမြူသူများသည်လည်း လွန်ခဲ့သည့် နှစ်များစွာကပင် စွဲမှတ်နေကြသည်မှာ ပဋိဇီဝဆေးကို ကုသဖို့ထက် ကာကွယ်ရန်အတွက် အများဆုံးအသုံးပြုကြသည်။ မွေးမြူရေးခြံများတွင် ပဋိဇီဝဆေးအသုံးမပြုနှင့်ဟု ဆိုလိုခြင်းမဟုတ်ပါ။ မွေးမြူရေးနယ်ပယ်၌ ပဋိဇီဝဆေးကို ကုသမှုပေးသော ပမာဏထက် တိရစ္ဆာန်များကို လျှော့ကျွေးသောအခါ တိရစ္ဆာန်များ၏ အသားထွက်မှုပမာဏ မြင့်တက်လာသည်ဟု နားလည်ထားကြသော်လည်း မွေးမြူသူများမှာ နားလည်မှု လွဲမှားခြင်းကြောင့်လည်းကောင်း၊ မိမိခြံသို့ ရောဂါဝင်ရောက်ခြင်းကို စိုးရိမ်သည့်အတွက်ကြောင့်လည်းကောင်း၊ ပဋိဇီဝဆေးကို ရေ၌ဖြစ်စေ အစာထဲ၌ဖြစ်စေ လိုသည်ထက်ပို၍ အသုံးပြုမှုကြောင့် ပဋိဇီဝဆေးခုခံနိုင်မှုများ တိရစ္ဆာန်များ၏ကိုယ်တွင် ဖြစ်ပေါ်လာပြီး ပဋိဇီဝဆေး အကြွင်းအကျန်များသည် လူတို့စားသုံးသော အသားမှတဆင့် လူသားတို့ကိုယ်ထဲသို့ ရောက်ရှိလာသည်။

ထို့ကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် မွေးမြူရေးခြံများ၌ ပဋိဇီဝဆေးများ အသုံးပြုမှုကို ပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်း၊ အသား၊ ငါး၊ နို့နှင့် ဥမှတစ်ဆင့် ပဋိဇီဝဆေးကြွင်းဆေးကျန်များ ဝင်ရောက်မှု မရှိစေရန်အတွက် ပဋိဇီဝဆေးပေးထားသည့် တိရစ္ဆာန်များကို ကန့်သတ်ရက်ထားပြီးမှသာ ရောင်းချစေခြင်း၊ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ အသုံးပြုခွင့်မရှိသည့် မွေးမြူရေးသုံး ပဋိဇီဝဆေးဝါးများကို စစ်ဆေးခြင်းနှင့် တင်ပို့ရောင်းချမှုကို တားမြစ်ခြင်းတို့ကို ပြည်သူလူထုသို့ ပဋိဇီဝဆေးယဉ်ပါးမှု မဖြစ်ပေါ်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ဈေးကွက်တွင် ရောင်းချလျက်ရှိသည့် အသား၊ ငါး၊နို့နှင့် ဥတို့ကို နမူနာပစ္စည်းများရယူပြီး တိရစ္ဆာန်ရောဂါ စစ်ဆေးရေးဓာတ်ခွဲခန်းများ၌ ပဋိဇီဝဆေးကြွင်း ဆေးကျန်များပါရှိမှု ရှိ/မရှိကို စစ်ဆေးပေးလျက်ရှိပါသည်။



ဆေးယဉ်ပါးမှုဆိုသည်မှာ ပြီးခဲ့သည့်အကြိမ်က သောက်လိုက်သည့် ပဋိဇီဝဆေး၏ အာနိသင်အစွမ်းကို ခံနိုင်ရည်ရှိလာပြီး ဆေးဘယ်လောက်သောက်သောက် ရောဂါမပျောက်တော့ပေ။ ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း သောက်တဲ့သူက ရှားသည်။ စာရေးသူလည်း ရံဖန်ရံခါ ဆေးသောက်ရန် မေ့တတ်၏။ နောက်ပြီး ဆေးပတ်လည်အောင်မသောက်။ ခံစားနေရသည့် ဝေဒနာ သက်သာလျှင် ဆေးကို မသောက်တော့ဘဲ ဆရာဝန်ပေးလိုက်သည့် ပလတ်စတစ်အိတ်အတိုင်း ပစ်ထားတတ်သည်။ ထို့ကြောင့် ပဋိဇီဝဆေးခုခံနိုင်မှုသည် တဖြည်းဖြည်းကြီးထွားလာသည်။

ပဋိဇီဝဆေးကို ခုခံနိုင်သော မျိုးရိုးဗီဇသည်လည်း လက်ဆင့်ကမ်းတတ်သော သဘောရှိသည့်အတွက် နှစ်များစွာကပင် တဖြည်းဖြည်းပြောင်းလဲလာ၍ နောက်ဆုံးပေါ် မျိုးဆက် ဗက်တီးရီးယားများ ပေါ်ထွက်လာပါသည်။ နောက်ဆုံးပေါ်မျိုးဆက် ဗက်တီးရီးယားများကို နှိမ်နင်းနိုင်သည့် ပဋိဇီဝဆေးများကို ကုမ္ပဏီများက အပြိုင်အဆိုင် ထုတ်လုပ်ပြီး ရောင်းချကြ၏။ စာဖတ်သူများ နားလည်အောင်ရှင်းပြရလျှင် ပဋိဇီဝဆေးမှာ ဗက်တီးရီးယားပိုးကို သတ်သည့် ဆေးနှင့် ဗက်တီးရီးယားပိုး ဆက်လက်မပွားအောင် ပြုလုပ်သည့် ပဋိဇီဝဆေးဆိုပြီး နှစ်မျိုးရှိသည်။ ကျွန်တော်တို့ ခံစားရတာ သက်သာပြီဟု ဆေးဖြတ်လိုက်ချိန်တွင် တချို့ ဘက်တီးရီးယားပိုးများမှာ ကျွန်တော်တို့ ခန္ဓာကိုယ်ထဲတွင် ကျန်ရှိနေတတ်၏။ ထို့ကြောင့် ဘက်တီးရီးယားပိုးများသည် ပျော်ပျော်ပါးပါးပင် ပဋိဇီဝဆေးယဉ်ပါးခြင်းဖြစ်လာသည်။

ဆေးယဉ်ပါးခြင်းတွင် သာမန်ရောဂါဖြစ်သူများတွင် မသိသာဘဲ ငှက်ဖျားရောဂါသည်များ၊ တီဘီရောဂါသည်များ၊ ခုခံအားကျဆင်းသည့်ရောဂါ HIV/AIDS ရောဂါသည်များ၊

**စာမျက်နှာ ၂၁ သို့**

မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်
(သင်တန်းများကိုလက်ခံပြီ) **နွေရာသီဂူရှူးသင်တန်း** (သင်တန်းများကိုလက်ခံပြီ)
(၄-၃-၂၀၁၅)(ဗုဒ္ဓဟူးနေ့)တွင် သင်တန်းစတင်ဖွင့်လှစ်မည်။
သင်တန်းအချိန် – (၁) နံနက်(၇း၀၀)နာရီမှ (၉း၀၀)နာရီထိ
– (၂) နံနက်(၉း၃၀)နာရီမှ (၁၁း၃၀)နာရီအထိ
– (၃) မွန်းလွဲ(၂း၀၀)နာရီမှ (၄း၀၀)နာရီအထိ
နေရာ – မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်၊ ပဒုမ္မာဂူရှူးအားကစားခန်းမ၊ ဘားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
စုံစမ်းရန် – နေ့စဉ် နံနက်(၉း၀၀)နာရီမှ ညနေ(၄း၃၀)နာရီအထိ
Ph : 0943068702 , 09 73045136 , 09 73177457

GREAT English Language Centre
Ground fl. 184, 40th street, Kyauktada,
Daw Khin Thida M.A.(English) YU
(Cert. RELC, S'pore, UK, US)
(Ex.Uni.teacher, Ex. ISY ESL teacher)
(095105306, 09260247532)
IELTS(found.)12 – 2 pm, Mon,Tue (12Jan)
IELTS (adv)1-3 Pm Sat, Sun (12 Jan)
8-10 am Sat, Sun (7 March)
Four-skill (basic)-8-9:30am Tue, Wed
*SummerYoung learners* ( 9 March – 27 May)
3-5 pm (regular) (Sat, Sun)
9:30 -11:30 am Mon, Tue, Wed
2:00 – 4:00 pm Mon, Tue, Wed




**အမည်မှန်**
မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံ(မူလွန်ကျောင်း)၊ ပဉ္စမတန်းမှ(ဘ)ဦးဖန်လပ်ဒီးဆာရီး၏သား မောင်ဖုန်ဇီရမ်၏ အမည်မှန်မှာ မောင်ဒါနီးလီဖြစ်ပါသည်။

**ပြင်ဆင်ဖတ်ရှုပါရန်**
၅-၂-၂၀၁၅ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၅) ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် မြောက်ဥက္ကလာပမြို့နယ်၊ ဦးမျိုးဇော်ဝင်း[၁၂/ဥကမ(နိုင်) ၁၇၄၁၇၅]အစား [၁၂/ဥကမ(နိုင်)၁၇၄၁၇၇]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပြည်ထဲရေးဝန်ကြီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့ဝင်များ အသုံးပြုရန် တူညီဝတ်စုံ ပိတ်စ(ခဲ/ဖြူ/နက်ပြာ)များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၃-၃-၂၀၁၅ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၉-၃-၂၀၁၅ရက်
၄။ ကုမ္ပဏီ၏အချက်အလက်တင်ပြရန် နောက်ဆုံးရက် - ၁၁-၃-၂၀၁၅ရက်
၅။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၂-၃-၂၀၁၅/နံနက် ၁၀နာရီ
၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၊ ရုံးအမှတ်(၃၈)တွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၄၁၁၃၁၄၊ ၀၉-၄၁၀၀၁၆၈၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
တင်ဒါစိစစ်ရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

စာမျက်နှာ ၂၀ မှ

ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များတွင် အလွန်အရေးကြီးပြီး အသက်သေဆုံးနိုင်သည်အထိ ဖြစ်တတ်ပါသည်။ ဆေးယဉ်ပါးသော တီဘီရောဂါကို မြန်မာနိုင်ငံတွင် တီဘီရောဂါဖြစ်ပွားသူ လူ ၁၀ ယောက်လျှင် တစ်ယောက်တွေ့ရသည်ဟု သိရပါသည်။

အရှေ့တောင်အာရှ နိုင်ငံများ၌ တတိယမျိုးဆက်ဖြစ်သည့် Cephalosporins ပဋိဇီဝဆေး၏ ဆေးယဉ်ပါးမှုမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ တင်ပြချက်အရ E.coli တွင် ပဋိဇီဝဆေးယဉ်ပါးမှုသည် ၆၈ ရာခိုင်နှုန်း၊ Klebsiella တွင် ပဋိဇီဝဆေးယဉ်ပါးမှုသည် ရှစ်ရာခိုင်နှုန်း၊ Staph တွင် ပဋိဇီဝဆေးယဉ်ပါးမှုသည် ၂၆ ရာခိုင်နှုန်းနှင့် Gonorrhea တွင် ပဋိဇီဝဆေးပါးမှုသည် ငါးရာခိုင်နှုန်း အသီးသီးရှိသည်ဟု သုတေသန မှတ်တမ်းများအရ သိရသည်။ ခေတ်မီတိုးတက်သည့် အမေရိကန်ပြည်ထောင်စုပင် တခြားနိုင်ငံသို့ သွားရောက်ပြီး ဝမ်းလျှောရောဂါဖြစ်ခဲ့သော အမေရိကန်ခရီးသွား ၃၀၀၀၀ မှ ၈၀၀၀၀ တွင် ပဋိဇီဝဆေးယဉ်ပါးမှုကိုတွေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် ပဋိဇီဝဆေးယဉ်ပါးမှု မဖြစ်စေရန် သိထားသင့်သောအချက်များကို ဝေမျှရလျှင်

- အနာသိလျှင် ဆေးရှိသည်ဆိုသကဲ့သို့ နေမကောင်းဖြစ်လျှင် ပဋိဇီဝဆေးကို လိုအပ်မှသာ သောက်သုံးပါ။
- နာမကျန်းဖြစ်ခဲ့ပါက ဘက်တီးရီးယားပိုးကို စစ်ဆေးပြီး တိကျသည့်ပဋိဇီဝဆေးကို သောက်ပါ။
- ပဋိဇီဝဆေးကို မှန်မှန်ကန်ကန် ဆရာဝန်၏ ညွှန်ကြားချက်အတိုင်းသောက်ပါ။
- ဆေးပတ်လည်အောင်သောက်ပါ။
- သက်သာပြီဟု ယူဆပြီး ဆေးသောက်ခြင်းကို ရပ်မပစ်ပါနှင့်။
- မိမိကျန်ရှိနေသည့် ဆေးကို သိမ်းထားပြီး တခြားသူများ နာမကျန်းဖြစ်သောအခါ ဆေးသောက်ရန် မျှဝေခြင်း မပြုပါနှင့်။
- ကျန်ရှိနေသည့်ဆေးဝါးများကို ဆက်လက်သိမ်းထားခြင်းမလုပ်ရန် အကောင်းဆုံးဖြစ်သည်။
- ဆရာဝန်ထံပြသမှုမခံယူဘဲ မိမိဘာသာ ပဋိဇီဝဆေးကို မသောက်သုံးသင့်ပါ။
- ပဋိဇီဝဆေးများ၌ ဘေးထွက်ဆိုးကျိုး Side Effect ရှိသည်ကို သတိပြုပါ။
- ဝယ်ယူလာသည့် သား၊ ငါးများကို ရေဖြင့်ပြောင်စင်အောင်ဆေးကြောပြီး ဘက်တီးရီးယားပိုးများသည် အပူချိန်မြင့်မြင့်တွင် အသက်မရှင်နိုင်သည့်အတွက် ကျက်အောင် ကြော်လှော်ချက်ပြုတ်ပါ။

အချုပ်ဆိုရသော် ပဋိဇီဝဆေးယဉ်ပါးမှု ဖြစ်ခဲ့လျှင် ဆေးကုသမှုပေးသောအခါ နှောင့်နှေးကြန့်ကြာတတ်ပြီး ဆေးရုံတွင် အချိန်ကြာကြာ ဆေးကုသမှုခံယူရသောကြောင့် အချိန်ကုန်၍ ဆေးကုသမှုစရိတ်များ ပိုမိုကုန်ကျလာကာ ပြည်သူလူထု၏ မိသားစုဝင်ငွေလျော့ကျလာစေနိုင်ပါသည်။ ထို့ကြောင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများသည် တာဝန်ကျရာဒေသများတွင် ဝန်ကြီးဌာန၏ မူဝါဒဖြစ်သော စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ကျေးလက်နေပြည်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အဓိကထား၍ ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုကဲ့သို့ ပြည်သူလူထု ကျန်းမာပျော်ရွှင်၍ တစ်ဦးချင်းဝင်ငွေတိုးတက်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပြည်သူလူထုသို့ ကျန်းမာရေးအသိပညာများကို ဝေငှရင်း တဖြည်းဖြည်းကျယ်ပြန့်လာသော ပဋိဇီဝဆေးယဉ်ပါးမှုကိုသတိပြုကာကွယ်ကြပါစို့။ ။

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်လှစ်



**ပဲခူး ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲမှ လုံခြုံရေးဆိုင်ရာ ဗဟုသုတများကို ပို့ချပေးသည့် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ ဒုတိယတိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းစိန်၊ ဦးစီး(ပထမတန်း) ဒုတိယရဲမှူးကြီး အောင်ဆန်းဝင်းနှင့် ပဲခူးခရိုင်၊ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးများ၊ ဦး-ရေး-ထောက်-မှူခင်း ရဲမှူးဦးစီးတာဝန်ခံများ၊ တိုင်းဒေသကြီး၊ ခရိုင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သတင်းမီဒီယာသမားများတက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းစိန်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်နှင့် ရဲတပ်ဖွဲ့ ပူးပေါင်းလုပ်ဆောင်ရမည့် လုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းသင်တန်းတွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ ၂၀၁၅ ခုနှစ် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာ စသည်တို့ သင်ကြားပို့ချပြီး ဖေဖော်ဝါရီ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

# ရမည်းသင်းတောင်သူများအတွက် လဲသီးရောင်းခြင်းဖြင့်ဝင်ငွေရ

**ရမည်းသင်း ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိကျေးလက်ဒေသများတွင် ယခုလရာသီ တောင်သူများ ပေါင်းမသင် မြေမဆွရဘဲ လဲသီးရောင်းခြင်းဖြင့် ဝင်ငွေရကြကြောင်း သိရသည်။

ကျေးလက်ဒေသများတွင် လဲပင်များကို ခြံစည်းရိုးများ၊ လယ်ယာ၊ ကန်သင်းများတွင် အများအားဖြင့် လဲပင်များစိုက်ပျိုးပြီး သုံးနှစ်၊ လေးနှစ်သားအရွယ်တွင် လဲသီးရရှိသည်ဟု သိရသည်။

ယင်းလဲပင်ပျိုများ လဲသီးစတင်သီးချိန်တွင် လဲသီးတစ်တင်း၊ နှစ်တင်းထွက်ရှိပြီး လဲပင်အပင်ကြီးထွားလာသည်နှင့်အမျှ လဲသီးနှုန်းပိုကာ လဲတစ်ပင်လျှင် ငါးတင်းမှ ၁၅ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

လဲအပုမျိုးနှင့် လဲအရှည်မျိုးဟူ၍ လဲနှစ်မျိုးရှိရာ လဲအပုမျိုးမှာ ထွက်နှုန်းကောင်း၊ သီးနှုန်းပိုသည်ဖြစ်သော်လည်း ရောင်းရသော ဈေးနှုန်းမှာ အတူတူဖြစ်သည်။ လဲပင်များမှာ ၁၀ နှစ်၊ ၁၅ နှစ် ဝန်းကျင်အထိရှင်သန်နိုင်ပြီး လဲပင်များ ပိုးထိုး ပိုးကျပါက အပင်သေနိုင်သည်။

လဲပင်များ ပိုးထိုး ပိုးကျပါက လဲပင်၏ ပိုးပေါက်အတွင်းသို့ ပရုတ်လုံးထည့်ပေးခြင်းဖြင့် ပိုးထိုး ပိုးကျခြင်းကို ကာကွယ်ကုစားနိုင်သည်ဟု သိရသည်။

ယခုနှစ်တွင် ရာသီဥတုအနေအထားအရ လဲပင်များ လဲသီးနှုန်းနည်းသော်လည်း ယနေ့ လဲသီးခြောက်တစ်တင်းလျှင် ငွေကျပ် ၃၀၀၀ ရောင်းရသည်။ လဲသီးခြောက်တစ်တင်း ခွဲပါက လဲ လေး၊ ငါးပိဿာဝန်းကျင်ထွက်ရှိပြီး လဲတစ်ပိဿာလျှင် ငွေကျပ်၁၀၀၀ ရောင်းရသည်။ ထို့အပြင် လဲပင်များပွင့်ဖူးဝင်ချိန်တွင်လည်း လဲပွဲစားများမှ ပင်ပြတ်စနစ်ဖြင့် ဝယ်သောကြောင့် ဝင်ငွေရရှိကာ တောင်သူများအတွက် ပေါင်းမသင် မြေမဆွ နှစ်စဉ်ဝင်ငွေရသော သီးနှံဖြစ်သဖြင့် လဲပင်များတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ဒေသခံတောင်သူတစ်ဦးကပြောသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**


## ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့ မေတ္တာချုပ်စေတီ ထီးတော်တင်ပူဇော်ပွဲဖိတ်ကြားခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ အောင်ချမ်းသာရပ်ကွက်၊ မိုင်းဝီး၊ လွယ်ဟွမ် ပရဟိတ၊ ဒက္ခိဏာရုံကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒစရိယ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် အောင်ပန်းမြို့ ကျောက်နွားတောင်ဆရာတော် ဦးဥက္ကံသ တို့၏ ဦးဆောင်မှုဖြင့် အမှတ်(၁၆)၊ စစ်ဆင်ရေးနှင့်ကွပ်ကဲမှုဌာနချုပ် ဗိုလ်မှူးချုပ် နေဝင်းအောင်-ဇနီး ဒေါ်ကြည်ပြာထွန်းမိသားစု၊ စစ်သည်များနှင့် ဌာနဆိုင်ရာများ ၊ရပ်မိရပ်ဖ၊ မြို့မိမြို့ဖများတို့ စုပေါင်း၍ လှူဒါန်းတည်ထားကိုးကွယ်အပ်သော မေတ္တာချုပ်စေတီတော်အား ထီးတော်တင်ပူဇော်ပွဲကို (၁၃၇၆ခုနှစ်၊ တပေါင်းလပြည့်နေ့)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

ဖြစ်မြောက်ရေးကော်မတီ

## စစ်ကိုင်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

စစ်ကိုင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို သခင်မြပန်းခြံအနီး၊ ကမ်းနားလမ်း၊ အလုံမြို့နယ်ရှိ ဝက်(စ်)တင်ပက်ရှုဘီခန်းမ၌ ၂၀၁၅ ခုနှစ်၊ မတ်လ ၇ရက်(စနေနေ့) ၉နာရီမှ ၁၁နာရီအထိ ကျင်းပမည်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ရန်ကုန်မြို့ရှိစစ်ကိုင်းမြို့နယ်သူ/သားများ၏ သားသမီးများသည် အောက်ပါပုဂ္ဂိုလ်များထံ အောင်လက်မှတ်မိတ္တူများနှင့် ၄-၃-၂၀၁၅ရက်နောက်ဆုံးထား၍စာရင်းပေးသွင်းရန်ဖြစ်ပါသည်။ စစ်ကိုင်းမြို့၌နေထိုင်၍ ၂၀၁၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို (၄)ဘာသာနှင့်အထက်အောင်မြင်သူများအားလည်း ဆုချီးမြှင့်ရန်ရှိပါ သဖြင့် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ရန်အကြောင်းကြားပါသည်။

ရန်ကုန်မြို့၌နေထိုင်သော စစ်ကိုင်းအသင်း(ရန်ကုန်)အသင်းဝင် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်အကြောင်းကြားကြရန်ဖြစ်ပါသည်။

အခမ်းအနားသို့ အသင်းဝင်များနှင့် နယ်သူနယ်သားများအားလုံးသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဆက်သွယ်ရန်-ဒေါ်အေးအေးမြင့်(ဒု-ဥက္ကဋ္ဌ)-၀၁-၅၄၉၁၂၉၊ ဗိုလ်မှူးသန်းမြင့်-ငြိမ်း(အတွင်းရေးမှူး) - ၀၁-၅၆၉၉၃၀၊ ဒေါ်မြင့်မြင့်သောင်း(တွဲဖက်အတွင်းရေးမှူး)-၀၉-၅၀၂၁၁၁၀၊ ဒေါ်မြင့်မြင့်စန်း(ဘဏ္ဍာရေးမှူး)-၀၁-၅၀၃၇၅၉၊ ဒေါ်လွင်လွင်(စည်းရုံးရေးမှူး)-၀၁-၆၈၇၈၆၅၊ ဒေါ်ခင်ဖြူဖြူဌေး(စာရင်းစစ်)-၀၁-၅၀၄၀၂၁။

## ကား မျိုးစုံ

(Alphard/Crown/MarkII/အနိတတုံ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။

Ph : 09795549249, 095418126

## အမည်ပြောင်း

အဖ ဦးဘေဒါနဒီ[၅/တမန(နိုင်)၀၃၁၇၄၆]၏သားဖြစ်သူ မောင်ဂန်ဂါရမ်း[၅/တမန(နိုင်)၀၅၂၄၄၂]အား ဘီကာရမ်းဟုပြောင်းလဲခေါ်ဆို ပါရန်။

မောင်ဘီကာရမ်း

## Job Vacancy

(Hanvico Myanmar) Bedding and Linens Trading

Hanvico Myanmar Company is looking for below dynamic staff;

**1. Sale Executive** **1 Post**

- To lead family bedding and linens sale
- Able for travelling
- 1 Year experience in sale
- English Speaking
- Education : Graduate

**2. Sale Executive** **2 Post**

- For Hotel Bedding & Linens sale
- Able for Travelling
- 1 Year experience in sale
- English speaking
- Education : Graduate

Age :20-35

Salary : Basic salary+sale bonus

If Interest please sent CV to email: **hanvicomyanmar@gmail.com**

**Ph: 09-401602895**

## စာစီစာကုံး ကို ကိုယ်တိုင် တွေးတတ် ရေးတတ် လိုသူများအတွက်

ပညာမိုး

အလယ်တန်း နှင့် အထက်တန်း ဆင့်

မြန်မာစာ

ဒေါက်တာမိုးဟိန်းဇော်(မြန်မာစာ)

စာစီစာကုံးသင်တန်း

ဖုန်း - ၀၁ ၂၀၂၂၁၃၊ ၀၉ ၅၁၈၀၁၄၁

သင်တန်းသားလက်ခံပြီ

၂၃၊ (6.D) ၊ လှည်းတန်းလမ်းမ၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊
တနင်္လာ၊ အင်္ဂါ - နံနက် ၉ - ၁၀း၃၀ မတ်လ (၁၆ ရက်) စမည်

၄၆၊ (ပထမထပ်)၊ ပညာဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊သိမ်ဖြူတင်းနစ်ကွင်းရှေ့
ကြာသပတေး၊ သောကြာ - နံနက် ၇ - ၈း၃၀ မတ်လ (၁၂ ရက်) ။ စနေ၊ တနင်္ဂနွေ - နံနက်၇-၈း၃၀ မတ်လ (၁၄ ရက်) စမည်

၁၈၃၊ (၃လွှာ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊(မြောင်းမြလမ်းထိပ်)
ကြာသပတေး၊ သောကြာ - နံနက် ၉ - ၁၀း၃၀ မတ်လ (၁၂ ရက်) စမည်

၅၃၊ A-2 ၊ ရန်ကုန်-အင်းစိန်လမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်း။ (သမိုင်းလမ်းဆုံ မှတ်တိုင်အနီး)
တနင်္လာ၊ အင်္ဂါ - နံနက် ၇ - ၈း၃၀ မတ်လ(၁၆ ရက်) စမည် လူဦးရေ ကန့်သတ်ထားသည်

ဦးဝင်းဆွေဦး(ဆရာလေး) - အလယ်တန်း သချာ်(သီးသန့်)

၁၈၃၊ (၂/၃လွှာ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊(မြောင်းမြလမ်းထိပ်) သင်တန်းသားလက်ခံပြီ

ဖုန်း - ၀၉ ၅၁၇၉၃၂၅ လူဦးရေ ကန့်သတ်ထားသည်

## Professor Dr. ဦးစံတင်အောင် (ရွှေဘို)၏ တပည့် ဂုဏ်ထူးဆောင်လက္ခဏာပညာပါရဂူဆရာကြီး ဒေါက်တာကျော်လွင်

**Hony . Doctor of Palmistry (Ph -D)**

✡ သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာ့ထံမှာ ပြကြည့်ပါ။ သင့်ဘဝအတွက် ဆိုးကျိုးများကို ရှောင်ဖျက်၍ ကောင်းကျိုးများကို ဆောင်ရွက်ခွင့် ရရှိစေပါမည်။

✡ လက္ခဏာကြည့်သူများအား ဆရာ့ဟောပြောမှုနှင့် ဆွေးနွေးမှုအားလုံး အသံဖမ်းယူခွင့်ပြုပါသည်။ လက္ခဏာအကြောင်း သိကောင်းစရာ အနာဂတ် ပြတင်းပေါက် VCD ခွေ လက်ဆောင် ပေးပါမည်။ မှန်ကာ အသံလုံ အခန်းအတွင်း တစ်ဦးချင်း လွတ်လပ်စွာ ဆွေးနွေးခွင့် ရရှိစေပါမည်။

✡ ကလေးအမည်၊ ဆိုင်အမည်၊ လုပ်ငန်းအမည်၊ ကုမ္ပဏီအမည်၊ ခွဲစိတ်မီးဖွားရက်၊ အိမ်ဆောက်ပန္နက်တင် မင်္ဂလာအခါ၊ နေ့ကောင်းရက်မြတ်မင်္ဂလာအခါ ရွေးချယ်ပေးသည်။ တိုက်၊ အိမ်၊ ခြံ၊ မြေ၊ ယာဉ်ကား ရောင်းထွက်ရန် ဆောင်ရွက်ပေးပါသည်။ ပိုင်ရှင်၏ ကံဇာတာကို တွက်ချက်၍ ဆရာကိုယ်တိုင် သတ်မှတ်ပေးသော ရက်အတွင်း ရောင်းထွက်ပြီးမှ ဘုဏ်ပူဇော်ခ ပေးရပါမည်။

လက္ခဏာဟောခန်းနှင့် ဟောပြောချိန်

ဟောခန်း (၁) တိုက် (၂)၊ အခန်း (၁၀၅)၊ ပထမထပ်၊ ပါရမီအိမ်ယာ၊ ပါရမီလမ်း၊ (၁၆) ရပ်ကွက်၊ (အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ "ပါရမီစိန်ဂေဟာ" ကုန်တိုက်အနီး။ ဟောပြောချိန် - နံနက် (၈း၀၀)နာရီမှ နေ့လည် (၁း၀၀)နာရီအထိ

ဟောခန်း (၂) အခန်း (၆)၊ အဆောင် (၁၁)၊ မြောက်ဘက်မုခ်၊ မဟာဝိဇယစေတီတော်၊ ရန်ကုန်။ ဟောပြောချိန် - နေ့လည် (၂း၀၀) နာရီမှ ည (၇း၀၀)နာရီ အထိ (လပြည့်၊ လကွယ်နေ့တိုင်း ပိတ်သည်။) (၁) ရက်ကြိုတင်စာရင်းပေးသွင်းပါရန်။

စုံစမ်းရန် 09-450025482, 09-974239180

# မြင်းမူမြို့နယ် နဘဲကြူးကွင်းရှိ စွန့်လွှတ်မြေဧက ၁၀၀ အတွက် ဒေသခံတောင်သူများက ကျေးဇူးတုံ့ပြန်

**မြင်းမူ ဖေဖော်ဝါရီ ၂၇**

တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် နဘဲကြူးကွင်းရှိမြေဧက ၁၀၀ အား အမှတ်(၇၂) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စွန့်လွှတ်ပေးခဲ့သည့်အတွက် ဒေသခံတောင်သူများက ကျေးဇူးတုံ့ပြန်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက မြင်းမူမြို့နယ် ကံဖျားကျေးရွာ မူလတန်း(လွန်)ကျောင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးတက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး အမှတ် (၇၂) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ခေတ္တသံချပ်ကာစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးခင်မောင်ဦးက စွန့်လွှတ်မြေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဒေသခံတောင်သူများက ကျေးဇူးတင်စကားများပြန်လည်ပြောကြားခဲ့ကြသည်။

ဆက်လက်ပြီး မြင်းမူမြို့နယ် ကံဖျားကျေးရွာ ဒေသခံတောင်သူများက လောက်ကိုင်ဒေသတွင် နိုင်ငံတော်တာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအတွက် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ခေတ္တသံချပ်ကာစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးခင်မောင်ဦးက လက်ခံရယူခဲ့သည်။

အမှတ်(၇၂) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စွန့်လွှတ်ပေးခဲ့သည့်မြေများကို ပျော့ရွာကျေးရွာမှ တောင်သူလေးဦး၊ ကံဖျားကျေးရွာမှ တောင်သူ ၃၄ ဦး၊ ထီးဆောင်းကျေးရွာမှ တောင်သူရှစ်ဦး စုစုပေါင်းတောင်သူ ၄၆ ဦးထံသို့ ပေးအပ်ခဲ့ရာ ဒေသခံတောင်သူများက လယ်ယာမြေများကို လက်တွေ့အသုံးချ လုပ်ကိုင်နေကြပြီဖြစ်သည်။

အဆိုပါစွန့်လွှတ်လယ်ယာမြေများနှင့် အခြားလယ်ယာမြေများသည် ယခင်က ဂျုံတစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ပျော့ရွာလျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေပေးဝေခဲ့မှု၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများ အထွက်နှုန်းတိုးတက်ရေး၊ စိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးမှုတို့ကြောင့် ယခုအခါ စပါး၊ ဂျုံ၊ ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်းနှင့် သကြားပြောင်းဖူးတို့ကို တစ်နှစ်သုံးသီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း သိရသည်။ **ဖိုးခါး**

# လောက်ကိုင်ဒေသ စစ်ဆင်ရေး၌ နိုင်ငံတော်တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေများပေးအပ်

**တာချီလိတ် ဖေဖော်ဝါရီ ၂၇**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ လောက်ကိုင်ဒေသစစ်ဆင်ရေး၌ နိုင်ငံတော်တာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နေကြသော တပ်မတော်သားများအားဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့နယ် စစ်မှုထမ်းအဖွဲ့ကဦးဆောင်၍ စေတနာရှင်အလှူရှင်များစုပေါင်းပြီး အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲက အောင်မြတ်ခန်းမ၌ ကျင်းပခဲ့သည်။

တပ်နယ်မှ အရာရှိစစ်သည်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အလှူရှင်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် အလှူရှင်များက အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်နိုင်ဦးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဦးစီးအရာရှိ ပထမတန်း (စစ်ရေး) ဒုတိယဗိုလ်မှူးကြီး ဌေးဝင်းတို့က လက်ခံရယူပြီး ဗိုလ်မှူးကြီးဇော်နိုင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါလှူဒါန်းပွဲတွင် စေတနာရှင်အလှူရှင်များက အလှူငွေ၊ စားသောက်ဖွယ်ရာပစ္စည်းများအပါအဝင် စုစုပေါင်း ငွေကျပ် ၁၀၈၉၂၀၀ နှင့် ဘတ် ၁၂၁၁၈၀ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **လှဌေး(ပြန်/ဆက်)**

# မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာ လောကဟိတ ဓာတ်ပေါင်းစုစေတီတော် ပြန်လည်ပြုပြင်



**မိုးညှင်း ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာ စိတ္တသုခဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီတစ်ဆူဖြစ်သော လောကဟိတ ဓာတ်ပေါင်းစုစေတီတော်ကို အသစ်ပြန်လည်မွမ်းမံ ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါစေတီတော်ကြီးကို စိတ္တသုခဘုန်းတော်ကြီးကျောင်း နာယကဆရာတော် ဘဒ္ဒန္တဝိလာသအား အကြီးအမှူးထား၍ ဂေါပကအဖွဲ့ဝင်များ၊ စေတီတော်အသစ်ပြုပြင်မွမ်းမံတည်ဆောက်ရေး အကျိုးတော်ဆောင်များ၊ ဒေသခံစေတနာရှင်များစုပေါင်းပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီက အုတ်မြစ်ချကာ စတင်တည်ထားခဲ့ခြင်းဖြစ်သည်။

ယခင်က စေတီတော်၏ဘွဲ့တော်မှာ ဒက္ခိဏမာန်အောင်ဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၂၈၉ ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့ကြရာ အမြင့်ဉာဏ်တော် ပေ ၇၀ ခန့်ရှိ စေတီကြီးတစ်ဆူနှင့် အမြင့်ဉာဏ်တော် ပေ ၃၀ ခန့်ရှိ စေတီငယ် ၁၅ ဆူတို့သည် ယခုအခါ ယိုယွင်းပျက်စီး၍ ကြည်ညိုစရာအသွင်ပျောက်ပြီး တင့်တယ်သပ္ပာယ်ခြင်း မရှိတော့သဖြင့် မိုးညှင်းမြို့နယ် သံဃနာယကဆရာတော်များ၏ ဩဝါဒကိုခံယူလျက် မိုးညှင်းမြို့ အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော်၏ တိုက်တွန်းလမ်းညွှန်မှုဖြင့် အဆိုပါယိုယွင်းပျက်စီးနေသော စေတီငယ်များအတွင်းရှိ ဌာပနာများကို စုပေါင်းကာ လောကဟိတ ဓာတ်ပေါင်းစုစေတီဟူသော အမည်နာမတော်အသစ်ဖြင့် ပြန်လည်၍ ပြုပြင်တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုတည်ထားကိုးကွယ်သည့် စေတီတော်၏ဉာဏ်တော်မှာ ၁၀၈ ပေ၊ အောက်ခြေပစ္စယံပတ်လည်မှာ ၄၃၂ ပေရှိကြောင်း စိတ္တသုခကျောင်းတိုက် နာယကဆရာတော် ဦးဝိလာသက မိန့်ကြားသည်။ **(ဝ၅၈)**


## နတ်ရေကန်အလှမယ် ဓာတ်ပုံဆုချီးမြှင့်ပွဲ(၄-၃-၂၀၁၅) မေမြတ်နိုးတစ်ဦးတည်းဆုကြီး(၂)ဆုနှင့် ဆုလေး(၈)ဆုရရှိ



မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကြီးကြပ်၍ နတ်ရေကန်အလှမယ်ပြိုင်ပွဲကို ၈-၂-၂၀၁၅ရက်တွင် ပြုလုပ်ပြီး ဓာတ်ပုံပညာရှင်အကဲဖြတ်ဒိုင်လူကြီးများဖြစ်သော ညောင်ဦးဖိုးချို၊ ဦးမြင့်သိန်းဖေ၊ ဦးမိုးမင်း၊ ဦးမြဝင်း၊ ဦးမြင့်သိန်း (ရူပ)တို့က ၂၃-၂-၂၀၁၅ရက်တွင် ရွေးချယ်၍ အောက်ပါအတိုင်း ရွေးချယ်လိုက်ပါသည်။ ပထမဆု (ဆုငွေကျပ်နှစ်သိန်းစီ)-ဓာတ်ပုံဆရာမ မေစောလွင် (၁၀၅၄၇)မော်ဒယ်-မေမြတ်နိုး၊ ဒုတိယဆု (ဆုငွေကျပ်တစ်သိန်းခွဲစီ)-ဓာတ်ပုံဆရာ-ပြည့်စိုးထွန်း ကော့သောင်း (၉၆၃၈)-မော်ဒယ်မေမြတ်နိုး၊ တတိယဆု (ဆုငွေကျပ်တစ်သိန်းစီ)-ဓာတ်ပုံဆရာ မောင်မောင်ဝင်းကို ဆန်းစတား(၆၃၉၅) မော်ဒယ်လ်ခင်မေခ၊ နှစ်သိမ့်ဆု(ဆုငွေသုံးသောင်းကျပ်စီ)။

(၁)ဓာတ်ပုံဆရာ အောင်ဝဏ္ဏစိုး(၁၁၁၈၂)၊ မော်ဒယ် ဟယ်လင်မျိုးကို၊ (၂)မေစောလွင်(၁၀၅၄၇)-ခင်မေခ၊ (၃)ဦးပြည်ထွန်း (၆၉၁၈) မေစုနိုင်၊ (၄)လှမျိုးသွင်(၁၁၁၁၉)- မေမြတ်နိုး၊ (၅) စိုးနိုင်မင်း (၁၁၂၅၈) ဟယ်လင်မျိုးကို၊ (၆)မဝင့်ရည်မွန်(၁၁၀၆၂) မေမြတ်နိုး၊ (၇)ကိုသန်းနိုင်(၁၀၆၄) မေမြတ်နိုး၊ (၈)ဇေယျာမင်း (၁၀၆၆၅) ခင်မေခ၊ (၉)စိုင်းခမ်းဟိန်း(၉၇၂၆) ခင်မေခ၊ (၁၀)သွယ် သွယ်ထွန်း(၁၀၃၁၈) ဟယ်လင်မျိုးကို၊ (၁၁)လင်းသူအောင်(၁၁၂၉၂) မေစုနိုင်၊ (၁၂)ဇော်မင်းဦး (၁၁၂၆၆) ခင်မေခ၊ (၁၃)စိုးနိုင်မင်း (၁၁၂၅၈) မေမြတ်နိုး၊ (၁၄)လင်းသူအောင်(၁၁၂၉၂) မေစုနိုင်၊ (၁၅)ဦးထွန်းဝေ(၁၀၁၅၀) ခင်မေခ၊ (၁၆)ကျော်ဇေလှ(၁၀၇၇၂) မေစုနိုင်၊ (၁၇)ဇေယျာမင်း (၁၀၆၆၅) မေမြတ်နိုး၊ (၁၈)မောင်မောင်ဝင်းကို(၆၃၉၅) မေစုနိုင်၊ (၁၉)မေစောလွင်(၁၀၅၄၇) မေစုနိုင်၊ (၂၀)စိုးခမ်းဟိန်း (၉၇၂၆) မေမြတ်နိုး၊ (၂၁) ဦးစိန်ဌေး(၅၅၆၈) မေမြတ်နိုး၊ (၂၂) ကိုရဲဇော်ဖြိုး(၁၁၂၅၀) ခင်မေခ၊

အထက်ပါဓာတ်ပုံဆရာများနှင့် မော်ဒယ်များကို ၄-၃-၂၀၁၅(တပေါင်းလပြည့်-ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၁၇/၂၀)၊ ဇမ္ဗူရစ်လမ်း၊ စမ်းချောင်း၊ မွန်းလွဲ(၁)နာရီ အသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦး၊ အတွင်းရေးမှူး ဦးသန်းထွန်းဦးနှင့် အမှုဆောင်များမှ ဆုချီးမြှင့်ပါမည်။

သီဟသုဓမ္မမဏိဇောတဓရ
နတ်ရေကန်ဦးတင်မောင်ထွေး

**ဖခင်အမည်မှန်**
ကျောက်တန်းမြို့နယ်၊ အစဲကျေးရွာ အလယ်တန်းကျောင်း (Grade VIII)တွင် ပညာသင်ကြားနေသော မကြည်ကြည်လွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း [၁၂/သခန(နိုင်)၀၇၉၀၁၃]ဖြစ်ပါသည်။

**အထူးကျေးဇူးဆပ်ပါမည်**
၁၂-၂-၂၀၁၅ရက်၊ နံနက်ပိုင်းတွင် ရတနာလမ်းမပေါ်၌ (မန်မိုရီ)စတတ်များနှင့်တကွ အမည်းရောင်အိတ်အသေးလေး ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၁၅၁၂၈၅၊ ၀၁-၅၇၃၃၁၃

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုကျော်လင်းအောင် [၁၂/ လသန(နိုင်)၀၂၀၄၅၇]၏ PP No. A.035 206မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၂၈၉၆၈




**နှစ်ချုပ်ဖြင့် ဂိုဒေါင်ငှားလိုပါသည်။(ပွဲစားမလို)**
ဒဂုံဆိပ်ကမ်း၊ တောင်ဒဂုံ ၊ သာကေတမြို့နယ်များအတွင်း တည်ရှိရမည်။ ပစ္စည်းထားရန် စုစုပေါင်း (60000) စတုရန်းပေ အနည်းဆုံးရှိရမည်။ ဂိုဒေါင်ဘေးပတ်လည်တွင် ကွန်တိန်နာယာဉ်ကြီးများ ဝင်ထွက်နိုင်သောကွန်ကရစ်ခင်းပြီးဖြစ်ရမည်။အုတ်တံတိုင်းကာရံပြီး လုံခြုံမှုရှိရမည်။ ဂိုဒေါင်အမြင့် အနည်းဆုံး (18')ရှိရမည်။ ရေ၊ မီး ၊ ဖုန်း ပါရှိရမည်။ စိတ်ဝင်စားပါက ဖုန်း (09-5135745,09-5135758)သို့ဆက်သွယ်နိုင်ပါသည်။

**ပဲခူးမြို့၊ ရန်ကုန်–မန္တလေး ကားလမ်းပေါ် မြေရောင်းမည်။**
ပဲခူးမြို့၊ ရန်ကုန်–မန္တလေး ကားလမ်းမပေါ် (ဘုရားသုံးဆူ)။ အလျား (၇၀) ပေခန့် (လမ်းမပေါ်)၊ အနံ (၂၅၀) ပေခန့်။ ၀.၄၆ ဧက။
**PH : 09 - 791 254 008**

**သဃ်န်းကျွန်း၊ ကြီးပွားရေးအိမ်ရာ၊ တိုက်ခန်းရောင်းမည်။**
သဃ်န်းကျွန်းမြို့နယ်၊ကြီးပွားရေးအိမ်ရာ၊ တတိယထပ်၊ အိပ်ခန်း (၃) ခန်းပါတိုက်ခန်း။ MB1, SB2, A/C ၂ လုံး။ ခန်းပြည့်ကျွန်းပါကေး။ သံပန်း–ဆန်းရှိုက်၊ အဆင့်မြင့်ပြင်ပြီး အသင့်နေနိုင်သည်။ **PH: 09 - 519 1220**



ပြည်တွင်းရေးရာ

## သမဝါယမလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

**ဧရာဝတီတိုင်း ဖေဖော်ဝါရီ ၂၇**

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် သမဝါယမဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သမဝါယမ အမှုဆောင်၊ အသင်းသားများနှင့် တွေ့ဆုံခဲ့သည်။

ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ပုသိမ်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျောက်ကုန်းမြို့နယ်၊ ကံကြီးဒေါင့်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ငွေဆောင်မြို့နယ်နှင့် ရွှေသောင်ယံမြို့နယ်များသို့ သွားရောက်၍ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သမဝါယမအမှုဆောင်၊ အသင်းသားများအား သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးများ၊ သမဝါယမဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းနှင့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများအရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ကြေးမုံ**

ဥတုရာသီ
တောကိုမှီ၍

## ရွှေမှော်များတွင် ပန့်ဆီသန့်နှင့် ဝါဆီထိပ်စကိုသာ သုံးစွဲလျက်ရှိ

**ဖားကန့် ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းဒေသတွင် ရေနံဈေးနှုန်းအတက်အကျရှိသော်လည်း ရွှေမှော်များတွင် ပန့်ဆီသန့်နှင့် ဝါဆီထိပ်စကိုသာ အဓိကထား သုံးစွဲလျက်ရှိကြောင်း သိရသည်။

ဆယ်ဇင်းဒေသတွင် အများစုမှာ ရွှေတူးဖော်ရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြသဖြင့် လုပ်ငန်းခွင်သုံး စက်ယန္တရားများတွင် ပန့်ဆီသန့်ကို အဓိကထားသုံးစွဲကြသည်။

တစ်လုံးထိုးနှင့် လေးလုံးထိုး အင်ဂျင်များအတွက် ဝါဆီထိပ်စ ဒီဇယ်အမျိုးအစားကိုလည်း သုံးစွဲလာကြပြီး ပန့်ဆီသန့် တစ်ပီပါလျှင် လက်ရှိပေါက်ဈေးမှာ ငွေကျပ်၁၈၅၀၀၀နှင့် ဝါဆီထိပ်စ ဒီဇယ် တစ်ပီပါလျှင် ငွေကျပ်၁၆၅၀၀၀ရှိကြောင်း စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောသည်။

မိုးရာသီကာလက ဆယ်ဇင်းဒေသသို့ စက်သုံးဆီများကို မုံရွာမြို့မှ ဟုမ္မလင်းမြို့သို့ ရေကြောင်းဖြင့်လည်းကောင်း၊ ဟုမ္မလင်းမြို့မှ ဆယ်ဇင်းဒေသအထိ ဆီတင်စက်လှေကြီးများဖြင့် ဥရုချောင်းတစ်လျှောက် ဆန်တက်ကာ သယ်ယူပို့ဆောင်ခဲ့ကြကြောင်း၊ ယခုဆောင်းအကုန် နွေအကူးဖြစ်သည့် ပွင့်လင်းရာသီအချိန်တွင် ဥရုချောင်းမှာ ရေကျချိန်ဖြစ်၍ ရေကြောင်းကျပ်တည်းမှုကြောင့် စက်သုံးဆီများကို မုံရွာမြို့မှ ဟုမ္မလင်းမြို့အထိသာ ရေကြောင်းဖြင့် သယ်ယူနေကြောင်းသိရသည်။

ထိုရေကြောင်းဖြင့်သယ်ယူသော စက်သုံးဆီများကို ဟုမ္မလင်းမြို့မှ ဆယ်ဇင်းဒေသအထိ ရံဖန်ရံခါ ဆီပီပါအလုံး ၆၀ ခန့်သာ တင်ဆောင်နိုင်သည့် စက်လှေငယ်များဖြင့် သယ်ယူနိုင်ကာ အများစုကို ဆီသယ်မော်တော်ယာဉ်များဖြင့် မန္တလေး၊ ကသာ၊ မိုးညှင်းမြို့များမှ ကုန်းလမ်းခရီးဖြင့် အဓိကထား သယ်ဆောင်ကြရသည်။

"စက်သုံးဆီတွေကို ရေကြောင်းကနေ တန်ခူး၊ ကဆုန်မှ သီတင်းကျွတ်လပြည့်ကျော်အထိသာ သယ်ယူလို့ရပါတယ်။ ပွင့်လင်းရာသီရောက်လာပြီဆိုရင်တော့ ကုန်းလမ်းကနေ ဆီသယ်မော်တော်ယာဉ်ကြီးတွေနဲ့ သယ်ဆောင်ရတာပါ။ ရောင်းဈေးအနေနဲ့ ဒီဇယ်တစ်ဂါလန်ကို ငွေကျပ်၃၅၀၀၊ ဓာတ်ဆီတစ်ဂါလန်ကို ငွေကျပ်၃၆၀၀ နှုန်း ရောင်းချနေကြပါတယ်။ ပွင့်လင်းရာသီမှာ ကုန်းကြောင်းကနေ သယ်ဆောင်လာတဲ့ စက်သုံးဆီပီပါတွေကို ဆယ်ဇင်းဒေသ တစ်ဖက်ကမ်းကို ပို့ဆောင်မယ်ဆိုရင် စက်လှေဂိတ်မှာ ကားပေါ်ကချတယ်။ "ရေထဲကို ပီပါတွေ ကြိုးတွဲပြီး ဥရုချောင်း တစ်ဖက်ကမ်းကို လူအားနဲ့ ကူးခတ်ဆွဲယူရပါတယ်။ တစ်ဖက်ကမ်း သောင်ပြင်ခြံကို ဆီပီပါတစ်လုံးကို ငွေကျပ် ၁၃၀၀ နှုန်း၊ သောင်ပြင်ခြံကနေ ကုန်းပေါ်အရောက်ဆိုရင် ငွေကျပ် ၇၀၀ ဆိုတော့ ချောင်းထဲကနေ ကုန်းပေါ်အရောက် ဆီပီပါတစ်လုံးကို သယ်ယူခငွေကျပ် ၂၀၀၀ ကုန်ကျပါတယ်။ စက်သုံးဆီကို ပို့ဆောင်ပေးနေတဲ့ လုပ်သားတစ်ဦးရဲ့ တစ်ရက်ဝင်ငွေဟာ



အနည်းဆုံးငွေကျပ် ၆၀၀၀ ခန့်ရရှိတာမို့ မိသားစုရဲ့ စားဝတ်နေရေး အဆင်ပြေတာပေါ့။

"ကျွန်တော်တို့ အလုပ်သမားဦးရေ နေ့စဉ် ၃၀ ကနေ ၄၀ ခန့်အထိရှိပါတယ်။ မော်တော်ကားတွေပေါ်ကနေ ဆီပီပါတွေကို အတင်/အချ ပြုလုပ်တဲ့ နေရာဟာ မော်တော်ကားလမ်းဘေးမှာမို့ လွတ်လွတ်လပ်လပ် အတင်အချ ပြုလုပ်လို့မရဘူး" ဟု ဆယ်ဇင်းကျေးရွာ ရပ်ကွက် (၅) နေ စက်လှေဆိပ်လုပ်သားခေါင်း ဦးခင်မောင်ညိုက ပြောသည်။

**နီတိုး**

## မလှိုင်မြို့နယ်တောင်သူများက ၂၀၁၄ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ပြီးဖြစ်

**မလှိုင် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ( မလှိုင်ဘဏ်ခွဲ ) မှ ထုတ်ချေးပေးထားသော ၂၀၁၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများအားလုံးကို ဖေဖော်ဝါရီ ၁၈ ရက်တွင် မလှိုင်မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ဘဏ်ချေးငွေများအားလုံး အကျေလည်ပြန်လည် ပေးဆပ်ပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် မိုးရာသီ သီးနှံများစိုက်ပျိုးချိန်တွင် လိုအပ်သည့် စိုက်ပျိုးစရိတ်ကုန်ကျငွေများအတွက် တောင်သူများအခက်အခဲမရှိစေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင်ဘဏ်ခွဲ) မှ စပါးတစ်ဧက ငွေကျပ်တစ်သိန်းနှုန်း၊ အခြားယာသီးနှံ တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် သီးနှံပေါ်ချိန် ပေးဆပ်သည့်နည်းဖြင့် မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ တောင်သူ ၁၃၀၀၀ ကို ချေးငွေကျပ် ၂၃၆၈၅ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့သည်။

ယခု အခါ မြို့နယ်အတွင်းရှိ တောင်သူများသည် သီးနှံပေါ်ချိန်တွင် တာဝန်ကျေပွန်စွာ ဘဏ်ချေးငွေများကို ၂၀၁၄-၁၅ဘဏ္ဍာနှစ်အတွင်း အကျေလည်ပြန်လည် ပေးဆပ်ပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူတွေ စိုက်ချိန်ပျိုးချိန်မှာ လိုအပ်သည့်ငွေကို ထုတ်ချေးပေးသလို ပြန်ဆပ်ချိန်မှာလည်း ကျွန်တော်တို့ဘက်က တာဝန်ကျေပွန်စွာဖြင့် ပြန်လည်ပေးဆပ်ခဲ့ပါတယ်။

"အခုဒီနှစ် လာမယ့်မိုးရာသီ စိုက်ချိန်ပျိုးချိန်မှာလည်း ဘဏ်ချေးငွေများကို စိုက်ချိန်မီ စောစောစီးစီး ချေးပေးဖို့ မျှော်လင့်ပါတယ်။ ဒါမှတောင်သူတွေ အကျိုးကျေးဇူးခံစားရမှာပါ" ဟု ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

**အောင်ဌေး(မလှိုင်)**











SKYSUITES
မိသားစုအတွက်အကောင်းဆုံး
ရင်းနှီးမြှုပ်နှံမှု
BMW 5 Series
AYA Bank
အကောင်းဆုံး
ငွေပေးချေမှုစနစ်
Q HOME
Quality Home, Quality Life
Hotline +959 - 252 80 8200, 252 80 8300

ကြော်ငြာ

## ရွှေဝင်းဂမုံ
**Travels & Tours**

No.67, Baho Rd,Sanchaung Township,
Ph: 01-500191,519292,519293,510491,
519360,09-252281456, 09-73003772
81 Rd,Bet 33 x 34 Street, Mandalay
Ph: 09-73013856,09-31693339

* ဈေးနှုန်းများအားလုံး *
4 Star Hotels နှင့် All Included

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဟောင်ကောင် | (၆)ရက် | USD 720 | ဘူတန် | (၅)ရက် | USD 2800 | ပန်ဂျက်ပြည်နယ်(အိန္ဒိယ) | (၈)ရက် | USD 1900 |
| ဟောင်ကောင်+ဖူးစင် | (၆)ရက် | USD 1100 | သီရိလင်္ကာ | (၇)ရက် | USD 1400 | မော်လဒိုက် | (၅)ရက် | USD 1700 (မှန်) |
| စင်ကာပူ (၄)ရက် USD 880 / (၅)ရက် | | USD 1000 | ဂျပန် | (၉)ရက် | USD 3200 | ဩစတြေးလျ | (၁၀)ရက် | USD 4500 |
| စင်ကာပူ+မလေးရှား | (၈)ရက် | USD 1400 | ကိုရီးယား | (၈)ရက် | USD 2000 | အင်္ဂလန်+စကော့တလန် | (၁၀)ရက် | USD 5500 |
| ဘာလီ | (၅)ရက် | USD 1100 | ရုရှား | (၉)ရက် | USD 4500 | ဥရောပနိုင်ငံကြီး (၈) နိုင်ငံ | (၁၅)ရက် | USD 4800 |
| ဘာလီ+စင်ကာပူ | (၈)ရက် | USD 1500 | ဒူဘိုင်း+အဘူဒါဘီ | (၇)ရက် | USD 1950 | နော်ဝေး+ဆွီဒင်+ဖင်လန်+ဒိန်းမတ် | (၁၂)ရက် | USD 5300 |
| ဗီယက်နမ် | (၆)ရက် | USD 850 | စပိန် + ပေါ်တူဂီ | (၁၄)ရက် | USD 4500 | အမေရိကန် (၁၆)ရက် USD 6700 / | (၂၀)ရက် | USD 7700 |
| ဗီယက်နမ်+ကမ္ဘောဒီးယား | (၈)ရက် | USD 1350 | စီအမ် (တရုတ်ကိုတာရှင်တု) + ချန်နိုး | (၈)ရက် | USD 1900 | | | |
| ကမ္ဘောဒီးယား+လာအို | (၈)ရက် | USD 1800 | ဗီကင်း+ရှန်ဟိုင်း | (၈)ရက် | USD 1750 | | | |
| ဗုဒ္ဓဂယာ(အဆင်မြင့်) | (၈)ရက် | USD 1350 | ဟောင်ကောင်+ကွမ်ကျိုး+မကာအို | (၈)ရက် | USD 1700 | | | |

သကြြန်ခရီးစဉ်များအား လေယာဉ်ထိုင်ခုံ အရေအတွက် ကန့်သတ်ထားပါ၍ ကြိုတင်ဘိုကင်တင်ပါရန်။

---

**ဝိန်ရတီ**
ဆန်အရောက်ပို့
ရွှေဘိုမဂျစ်တော
အထူးရှယ်
၀၁-၂၂၃၄၂၂/၀၉-၅၁၅၃၁၃၄
၀၉-၁၁၃၉၈၇၅၈/၀၉-၉၅၄၇၇၇၃၆၆

---

**တရုတ်** | **ENGLISH Conversation Practice**
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
**Great Wall** စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

---




---

# မွေးနေ့ဆုတောင်း

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ ဦးဆောင်နာယက ကြီးဖြစ်သော သုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၏ ၂၈-၂-၂၀၁၅ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင် ချစ်ဇနီး ဒေါ်အေးမွန်ရှိန်၊ ချစ်သောမိသားစုနှင့်အတူ သာသနာ့အကျိုး၊ မွေးရပ်မြေအကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကျောက်တံခါးမြို့နယ်အသင်း**
**(ရန်ကုန်)**

---

CNG TAXI
**ယာဉ်မောင်းအလိုရှိသည်**
နေ့မောင်း၊ ၁လက်ကိုင်
စပေါ် ၂၀၀၀၀၀၊ အုံနာခ
၁၄၀၀၀(ငြိမ်း)
ပုဇွန်တောင်မြို့နယ်
Ph: 09254125694

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
အင်္ကျီဖက်ရှင်ဒီဇိုင်နာ မ(၃)ဦး
-အသက်(၂၅)မှ(၃၅)နှစ်အတွင်း၊ အင်္ကျီဒီဇိုင်း ဆန်းအသစ်များကို တီထွင်နိုင်ပြီး Sample ထည်များကို ကိုယ်တိုင်ချုပ်ကျွမ်းကျင်သူဖြစ်ရမည်။ အိမ်ထောင်မရှိသူဦးစားပေးမည်။
အမှတ်(၁၁၅၊၁၁၆)၊ ခနသိဒ္ဓိလမ်း၊ မရမ်းကုန်း။
စာတိုက်မှတ်တိုင်ဆင်း၊ ကမ္ဘာအေးစေတီလမ်း။
ဖုန်း-၀၁-၆၆၄၈၀၆၊ ၀၁-၆၆၃၃၂၆၊
၀၉-၃၀၃၁၈၀၅၆။

---

T
**Talents &Models**
M
**For Your Success**

**အထူးသင်တန်းများ**

**၁။ စကားပြောကောင်းလိုသူများအတွက်အထူးသင်တန်း**
(M/C Presenter Course)
သင်တန်းဖွင့်မည့်ရက်–(2. March. 2015)

**၂။ ကိုယ်ရည်ကိုယ်သွေးတောက်ပမှုအထူးသင်တန်း**
(Personal Grooming Course)

**အစမဲ့အထူး** ➤အမျိုးသမီးအရပ် (၅)ပေ (၈)လက်မ နှင့်အထက်
➤အမျိုးသားအရပ် (၆)ပေနှင့်အထက်

သင်တန်းဖွင့်မည့်ရက်–(20. March. 2015)
ဆရာမ မတင်မိုးလွင်မှ ကိုယ်တိုင်သင်ကြားပေးပါမည်။
စာရင်းပေးသွင်းရန်–၀၉–၂၅၄၇၀၅၇၈၇၊ ၀၉–၇၃၁၃၉၂၃၂၊ ၀၉–၉၇၅၃၂၀၇၉၇။
လိပ်စာ–ယောမင်းကြီးလမ်း၊ တိုက်အမှတ်(၃၀)၊ (၃)လွှာ၊ ဒဂုံမြို့နယ်။

---

## Best Guiding Star Co.,Ltd.

အမှတ်(၁၁၅၊ ၁၁၆)၊ ခနသိဒ္ဓိလမ်း၊ (ဂ)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၆၄၈၀၆၊ ၆၆၃၃၂၆၊ ၀၉-၃၀၃၁၈၀၅၆(လိပ်စာ-စာတိုက်မှတ်တိုင်၊ ကမ္ဘာအေးစေတီလမ်း)

(1) Project Sales Manager M/F (2)Posts
-Prefer any graduated, 5 years Experience-Project Sales(Hotel and Condominium Business Sale), able to travel often to Sales & Project area.

(2) Project Sales Supervisor M/F(2)Posts
-Prefer any graduated, 3 years Experience-Project Sales(Hotel and Condominium Business Sale), able to travel often to Sales & Project area.

(3) Project Sales Engineering M/F(2)posts
-Prefer B.E. Electrical Power(or) Mechanical, 3 years Experience-Project Sales(Water Heater, Door Lock, and Air Con), able to travel often to Sales & Project area.

(4)Sales & Marketing Manager M/F(3)Posts
-အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်း၊ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Sales & Marketing လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိ၍ Marketing Plan ကိုလက်တွေ့အကောင်အထည်ဖော်နိုင်ပြီး အရောင်း Target ကိုပြည့်အောင်ကြိုးစားနိုင်သည့် အတွေ့အကြုံရှိသူဦးစားပေးမည်။

(5)Sales & Marketing Assitrant Manager M/F(3)Posts
-အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်း၊ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Sales & Marketing လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိ၍ Marketing Plan ကိုလက်တွေ့အကောင်အထည်ဖော်နိုင်ပြီး အရောင်း Target ကိုပြည့်အောင်ကြိုးစားနိုင်သည့် အတွေ့အကြုံရှိသူဦးစားပေးမည်။

(6) Supervisor မော်တာစက်ချုပ်ကျွမ်းကျင်သူဝန်ထမ်း F(3)Posts
-အသက်(၂၀)မှ(၃၅)နှစ်အတွင်း၊ အခြေခံပညာအထက်တန်းအဆင့် တက်ရောက်ပြီးသူဖြစ်ရမည်။ မော်တာစက်ချုပ်ကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)ရှိရမည်။

(7) Operator မော်တာစက်ချုပ်ကျွမ်းကျင်သူဝန်ထမ်း F(10)Posts
-အသက်(၂၀)မှ(၃၀)နှစ်အတွင်း၊ အခြေခံပညာအလယ်တန်းအဆင့် တက်ရောက်ပြီးသူဖြစ်ရမည်။ မော်တာစက်ချုပ်ကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)ရှိရမည်။

(8) Heaper ထုတ်လုပ်ရေးအကူဝန်ထမ်း F(3)Posts
-အသက်(၁၈)မှ(၂၅)နှစ်အတွင်း၊ သွက်လက်ဖြတ်လတ်သူဖြစ်၍ လုပ်ငန်းအပေါ် စိတ်ဝင်စားသူဖြစ်ရမည်။

(9) Cleaner သန့်ရှင်းရေးဝန်ထမ်း F(1)Post
-အသက်(၂၀)မှ(၃၀)နှစ်အတွင်း၊ရုပ်ရည်အသင့်အတင့်ရှိပြီး တစ်ကိုယ်ရည်သန့်ရှင်းသပ်ရပ်စွာနေတတ်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံနှင့် အထက်လိပ်စာ(သို့)shwekantkaw.adm@gmail.com အတိုင်း (၁၀-၃-၂၀၁၅)ရက်နေ့နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီတဂူသောသုဇန တက္ကသိုလ် ဓာတ်လှေကား၊ ဝေါမြို့ဘိုးဘွားရိပ်သာ ဓမ္မာရုံ ဒါယကာကြီး**

**ဦးခ(ဝေါ)**

**အသက်(၉၄)နှစ်**

မော်ကွန်းဝင် တတိယဆင့် ဝေါမြို့နယ်အသင်းနာယက၊ နိဗ္ဗာဆိပ်ဦး ဓမ္မာရုံဥက္ကဋ္ဌ၊ မြတ်နိဗ္ဗာန်သစ်ပင်စိုက်ပျိုးလှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်သင်း-ဒေါ်အေးသီတာတို့၏ ဦးလေးသည် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၆း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းရပါကြောင်း။

**မြတ်နိဗ္ဗာန်သစ်ပင်စိုက်ပျိုးလှူဒါန်းရေးအဖွဲ့**
**မြောက်ဥက္ကလာပမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**တွဲဖက်ပါမောက္ခ(ငြိမ်း) ဒေါက်တာဦးအောင်ကျော်ညွှန့်**

**အသက်(၆၆)နှစ်**

**အသည်းအထူးကုဆရာဝန်ကြီး**

တွဲဖက်ပါမောက္ခ(ငြိမ်း)ဒေါက်တာ ဦးအောင်ကျော်ညွှန့်သည် ၂၄-၂-၂၀၁၅ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ ဒေါက်တာ ဦးခင်မောင်ဝင်း(အသည်းအထူးကု ဆရာဝန်ကြီး)နှင့်**
**ဇနီး ဒေါက်တာဒေါ်ခင်လေးရီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးခင်စော(စစ်တွေ)**

**အသက်(၈၁)နှစ်**

**အဖွဲ့စိတ်မှူး(ငြိမ်း)/ကုန်သွယ်လယ်ယာ**

ရန်ကုန်မြို့၊ အမှတ်(၁၀)၊ အခန်း(၅/ခ)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်နေ ဦးမောင်ကျော်ခိုင်၏ဇနီး၊ ဦးစိုးခန့် (MD)ရခိုင်ဆန်စပါးကုမ္ပဏီလီမိတက်-ဒေါ်တင်တင်ဝင်း၏ မိခင် ဒေါ်အေးခင်စောသည် ၂၃-၂-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ဆန်စပါးကုမ္ပဏီလီမိတက် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဗိုလ်ကြီးကျော်အေး(ငြိမ်း)(ကြည်း-၁၄၆၀၉)**
**လွတ်လပ်ရေးမော်ကွန်းဝင်-ဒုတိယဆင့်**
**အသက်(၈၈)နှစ်**

Shan Ye Htut Hotel (မန်နေဂျင်းဒါရိုက်တာ) ဦးရဲထွဋ်၏ ချစ်လှစွာသော ဖခင်ကြီး ဗိုလ်ကြီးကျော်အေး အသက်(၈၈)နှစ်သည် ၂၄-၂-၂၀၁၅ရက် နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ချစ်ခင်လေးစားရပါသော ဘဘဦးကျော်အေး ကောင်းရာသုဂတိဘုံဘဝရောက်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**K.P.S.C Yazaki Electric**
**Cables Co.,Ltd Group**
**Managing Director နှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ကြိုင်မြဦး(မြေပုံ/ကျောက်ဖြူ)**
**Director, Green Field Int'l Co.,Ltd**
**အသက်(၈၉)နှစ်**

ဒေါက်တာလှလှသိန်း (MD.GFI Co.,Ltd)၊ ဒုတိယဥက္ကဋ္ဌ(မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်)၏မိခင်ကြီး ဒေါ်ကြိုင်မြဦးသည် ၁၉-၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်မှူး မင်းမောင်မောင်(ငြိမ်း) ၉-၂-၂၀၁၅ရက်မှာ ခွဲခွာသွားတဲ့အတွက် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။

**တေဇ(၁၉)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
**ဦးရဲမြင့်**
**မော်လမြိုင်တက္ကသိုလ်(၁၉၇၂-၇၈)ဓာတု**
**အသက်(၆၁)နှစ်**

သူငယ်ချင်း ဦးရဲမြင့်သည် ၂၁-၂-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ယူကျုံးမရ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်ကောလိပ်၊ တက္ကသိုလ်**
**ကျောင်းသူ၊ ကျောင်းသားဟောင်းများ(ပဲခူး)**

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဒုတိယဗိုလ်မှူးကြီး ဇေယျာဝင်း**

(၂၈-၂-၂၀၁၃ မှ ၂၈-၂-၂၀၁၅)

ကိုဇေယျာဝင်းရေ

နှစ်ဖက်သော မိဘဆွေမျိုးတွေကို ခွဲခွာသွားခဲ့တာ ၂၈-၂-၂၀၁၅ရက်မှာ (၂)နှစ် တိတိ ပြည့်ခဲ့ပါပြီ။ ခွဲခွာခြင်း၊ လွမ်းဆွတ်သတိရခြင်းကို အကြောင်းပြု၍ ရည်စူးကုသိုလ်ကောင်းမှု ပြုခဲ့ကြတယ်။ မိသားစုတွေ နေ့စဉ်၊ လစဉ်ပြုခဲ့သမျှသော ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာ ကုသိုလ်ကောင်းမှုအစုစုတို့ကိုလည်း အမျှ-အမျှ-အမျှ ပေးဝေလျက်ပါ။ ရောက်ရှိသည့်ဘုံဘဝမှ ကြားသိနိုင်၍ သာဓုခေါ်ဆိုနိုင်ပါစေ။

**နှစ်ဖက်သော မိဘဆွေမျိုးများနှင့်**
**ဇနီး-ဒေါ်နှင်းယဉ်ဝင်း**

## လွမ်းဆွတ်သတိရတမ်းတခြင်း

**မောင်ရာဇာလင်း**

**(1st MB ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)**

**ဦးအေးကျော်(ပွင့်သစ် စက္ကူဘူးစက်ရုံပိုင်ရှင်)**

ချစ်သားငယ်လေး မေမေ့ကို ခွဲသွားသည်မှာ ယနေ့ ၂၈-၂-၂၀၁၅ရက်ဆိုရင် (၈)နှစ်ပြည့်ခဲ့ပါပြီ၊ ဖေဖေက မေမေ့ကို ခွဲသွားသည်မှာ (၁)နှစ်၊ (၅)လ နှင့် (၁၀)ရက်ရှိခဲ့ပါပြီ--- ချစ်သားနဲ့ ဖေဖေ့ကို လွမ်းဆွတ်တမ်းတတဲ့ လောဘမီးကို ငြိမ်းသတ်ရတာ မေမေ့အတွက် ဘဝမှာ အခက်ခဲဆုံးပါ--ကျန်တဲ့ အခက်အခဲကတော့ အများကြီးပေမယ့် အောင်မြင်အောင် ကြိုးစားလျက်ပါ--သားနဲ့ ဖေဖေ့ကို တစ်နေ့မှ မေ့မရပါ။ သားနှင့် ဖေဖေ့အတွက် ရည်စူးပြုလုပ်သော ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်အစုစုကို အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ ရရှိခံစားပြီး သာဓု ခေါ်နိုင်ပါစေ။

သားနှင့်ဖေဖေတို့ရေ အမျှ--- အမျှ--- အမျှ ပေးဝေပါတယ်။

**ချစ်လှစွာသော မေမေ**
**ဒေါ်အေးအေးမြင့်**
**ရာဇာလင်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအေးထိုက်လွင်**

**အသက်(၅၈)နှစ်**

**(ဦးစီးအရာရှိ-မြို့ပြ) ဆည်မြောင်းဦးစီးဌာန**

FGG ဂေါက်သီးရိုက်အသင်း၏အသင်းသား ဦးအေးထိုက်လွင် အသက်(၅၈)နှစ် သည် ၂၄-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**FGG ဂေါက်သီးရိုက်အသင်း**



Hot Line No-0930500100

ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် နိုင်ငံသားတိုင်းသည် လွတ်လပ်မှုနှင့်အတူ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန်များကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သတင်းထုတ်ပြန်ရေးအဖွဲ့၊ သတင်းထုတ်ပြန်ချက် ၃/၂၀၁၅မှ ကောက်နုတ်ချက်)

# ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို နယ်စပ်ဒေသများတွင်သာမက ပဟိုအဆင့်အထိ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**ဗန်ကောက် ဖေဖော်ဝါရီ ၂၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်း ဒေသစံတော်ချိန် ၉ နာရီ မိနစ် ၂၀ တွင် Samut Sakom ခရိုင်ရှိ ခရိုင်ကျန်းမာရေးမြှင့်တင်မှုဆေးရုံသို့ ရောက်ရှိကြရာ Samut Sakom ခရိုင် ပြည်နယ်အုပ်ချုပ်ရေးမှူး Acting Pol.Lt. Arthit Boonyasophat နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမ၌ Registered Nurse, Professional Level Ms.NAHATHAI CHULKARAT က ခရိုင်ကျန်းမာရေးမြှင့်တင်မှု ဆေးရုံဆိုင်ရာအချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ကျန်းမာရေးစီမံခန့်ခွဲမှု၊ အများပြည်သူနှင့် သက်ဆိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် အဆိုပါဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ထောက်ပံ့အားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် Queen Sirikit Health Center(ခရိုင်ခွဲဆေးရုံ)သို့ ရောက်ရှိရာ ခရိုင်ခွဲဆေးရုံမှ တာဝန်ရှိသူများက ခရိုင်ခွဲဆေးရုံဆိုင်ရာ အချက်အလက်များနှင့် ရွှေ့ပြောင်းအလုပ်သမားများအား ဆေးဝါးကုသပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**





အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် နေပြည်တော်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## နေပြည်တော် အမျိုးသမီးအသင်း ပထမဆုံးအကြိမ်ဗိုလ်စွဲ

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

အမျိုးသားအားကစားပွဲတော်၏ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ဝဏ္ဏသိဒ္ဓိကွင်း၌ ယှဉ်ပြိုင်ကစားရာ နေပြည်တော်အသင်းက ရန်ကုန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်၌ အနိုင်ရဗိုလ်စွဲသွားသည်။

**နေပြည်တော်-ငါးဂိုး**
**ရန်ကုန်-လေးဂိုး**

နေပြည်တော် အမျိုးသမီးအသင်းမှာ ပင်နယ်တီအဆုံးအဖြတ်၌ အနိုင်ရရှိပြီး အမျိုးသား အားကစားပွဲတော်၌ ပထမဆုံးအကြိမ် ဗိုလ်စွဲနိုင်ခဲ့သည်။ နာမည်ကြီး ရန်ကုန်အသင်း ခြေအသာမရခဲ့သလို ပွဲပြီးခါနီး၌ ချေပဂိုးရရှိခဲ့၍သာ ပင်နယ်တီအထိ ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။

နေပြည်တော်အသင်းမှာ ပွဲစကတည်းက တိုက်စစ်အားမြှင့်ခဲ့ပြီး ၃၂ မိနစ်တွင် နှင်းကလျာကိုက အဝေးကန်ချက်ဖြင့် ဦးဆောင်ဂိုးရခဲ့သည်။ ဂိုးပေးလိုက်၍ ရန်ကုန်အသင်းချေပဂိုးရရှိရန် တရစပ်

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့**

ယနေ့
## မာတိကာ


မှန်မြတ်သန့်စင် နလုံးသားပိုင်ရှင်များ
စာမျက်နှာ - ၄

ကောင်းမွန်မှန်ကန်သော တင်ဒါစနစ်ကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ပြည်သူနှင့် နိုင်ငံတော်ဘဏ္ဍာငွေ မှန်ကန်စွာ အသုံးပြုနိုင်မည်
စာမျက်နှာ - ၈










themirror.npt@gmail.com
www.facebook.com/themirrordaily

# 4TV ၏တစ်ပတ်စာကြည့်စရာအစီအစဉ်ကောင်းများ
## (၂၈-၂-၂၀၁၅ မှ ၆-၃-၂၀၁၅ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။




လတ်လတ်ဆတ်ဆတ်
သကြင်္န်သီချင်းသစ်များ
ပါဝင်သည့်
**"Water Party ရေ Party"**
**Audio CD**
ထွက်ပြီ




မောင်မောင်ဇော်လတ်(The Ants)၊ အယ်နောင်း၊ ဂျီလတ်၊ Big Bag၊ နော်နော်၊ လင်းလင်း၊ Idiots၊ Reason၊ ဝေလ၊ ထက်အောင်

## Readers Channel (စာဖတ်သူတို့ ရုပ်သံလိုင်း)

### အခမဲ့ဒီဂျစ်တယ် ရုပ်သံလိုင်း

Readers Channel
စာဖတ်သူတို့ ရုပ်သံလိုင်း

မြန်မာနိုင်ငံသူနိုင်ငံသားများ စာဖတ်ခြင်းအလေ့အထ ပိုမိုမြင့်မားပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ ငယ်ရွယ်စဉ်မှစကာ စာဖတ်ခြင်းအလေ့အထကောင်းများရရှိလာစေရန်နှင့် ကျေးလက်နေပြည်သူများအထိပါ စာဖတ်သူများပြားလာစေပြီး စာဖတ်ရှိန်မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်ကာ Readers Channel (စာဖတ်သူတို့ရုပ်သံလိုင်း) အခမဲ့ဒီဂျစ်တယ်ရုပ်သံလိုင်းသစ်ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်နေ့မှ စတင်ကာ အခမဲ့ ထုတ်လွှင့်ပေးလျက်ရှိပါသည်။

**စာပေအစီအစဉ်ကောင်းများစွာကို စာပေအမျိုးအစားအလိုက်၊ စာဖတ်သူအသက်အရွယ်အလိုက် သုတ၊ ရသကဏ္ဍစုံစွာ ပါဝင်တင်ဆက်ပေးလျက်ရှိပါသည်။**

# မြန်မာပြည်အနှံ့ ကြည့်ရှုနိုင်ပြီ

ရုပ်သံလိုင်းပေါင်း **၈၀** ကျော် တစ်လလျှင် **၈၉၀၀** ကျပ်

| | | |
|---|---|---|
| (၂) လ သက်တမ်းတိုး ၁လ အခမဲ့ | (၄) လ သက်တမ်းတိုး ၂လ အခမဲ့ | (၈) လ သက်တမ်းတိုး ၄လ အခမဲ့ |

**HD**RECEIVER




၄၉,၀၀၀ ကျပ် ၁ လ သက်တမ်း အခမဲ့ ကြည့်ရှုခွင့်

ဆက်သွယ်ရန် - 01-230 6166 www.facebook.com/4tvmyanmar

"4 TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ" နှင့် ပတ်သက်၍ ဝေဖန်အကြံပြုလိုပါက ဖုန်းနံပါတ် ၀၁၂၃၀၆၁၆၆ နှင့် www.facebook.com/4tvmyanmar သို့ဆက်သွယ်အကြံပြုပေးပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

# 4TV ၏ တစ်ပတ်တာ ကြည့်စရာ အစီအစဉ်ကောင်းများ (၂၈-၂-၂၀၁၅ မှ ၆-၃-၂၀၁၅ အထိ)

## အိုအေစစ်ကမ္ဘာလေး

NEW

**8:30 PM 6.3.2015 (Fri)** MRTV-4 HD




ကျေးတောသူလေး ဂန်းစော့ဦး ဆိုတဲ့ မိန်းကလေးဟာ ငယ်စဉ်အရွယ်က ရေနစ်နေစဉ်ကယ်တင်ပေးခဲ့တဲ့ကောင်လေး ချာအါဟုန်းကို အရွယ်ရောက်ရင် လက်ထပ်မည်ဟု ကတိပေးထားခဲ့ပါတယ်။ သစ္စာစောင့်သိပြီး ကတိတစ်လုံးကို အသက်လောက်တန်ဖိုးထားတဲ့ ဂန်းစော့ဦး၊ အရွယ်ရောက်လာတဲ့အခါမှာ ဆိုးလ်မြို့ကိုတက်လာပြီး လက်ထပ်မည်ဟု ကတိပေးထားသော ကောင်လေးကို လိုက်လံရှာဖွေခဲ့ပါတယ်။ တွေ့ရှိခဲ့သော ချာအါဟုန်းမှာ ချာမိသားစုမှ ချာအါဟုန်းဖြစ်နေပြီး ကယ်တင်ပေးခဲ့သောသူမှာ တခြားတစ်ယောက်ဖြစ်နေခဲ့ပါတယ်။ အစစ်နှင့် အတုမှာ အချစ်ဆုံး သူငယ်ချင်းတွေဖြစ်နေပြီး သူငယ်ချင်း နှစ်ယောက်လုံးမှ ဂန်းစော့ဦးကို ယှဉ်ပြိုင်ကာ အရယူဖို့ ကြိုးစားပုံတွေကို ဟာသဆန်ဆန်ရိုက်ကူးထားတဲ့ မိသားစု ဇာတ်လမ်းတွဲပဲ ဖြစ်ပါတယ်။




## Health Corner

EDU

**8:10 PM 1.3.2015 (SUN)**



ဆယ်ကျော်သက်လူငယ်နှင့်ဆေးလိပ်အကြောင်း

## EDU Talk

EDU

**9:30 PM 6.3.2015 (FRI)**



မြန်မာ့စဉ်ဆက်အကြောင်းသိကောင်းစရာ အပိုင်း (၃)

## for Sports

SPORTS

Laliga Match (25) LIGA BBVA

**28.2.2015 (Saturday)** LIVE

| | | | |
|---|---|---|---|
| 2:15 AM | Espanyol | Vs | Cordoba |
| 9:30 PM | Granada | Vs | Barcelona |
| 11:30 PM | Rayo Vallecano | Vs | Levante |

**1.3.2015 (Sunday)** MRTV-4 HD

| | | | |
|---|---|---|---|
| 1:30 AM | Almeria | Vs | Deprtivo La |
| 3:30 AM | Malaga | Vs | Getafe |
| 5:30 PM | Valencia | Vs | Real Sociedad |
| 10:30 PM | Eibar | Vs | Athletic Club |

**2.3.2015 (Monday)** MRTV-4 HD

| | | | |
|---|---|---|---|
| 12:30 AM | Sevilla | Vs | Atletico Madrid |
| 2:30 AM | Real Madrid | Vs | Villarreal |

**3.3.2015 (Tuesday)**

| | | | |
|---|---|---|---|
| 2:15 AM | Celta de Vigo | Vs | Elche |

မှတ်ချက် ။ ပွဲချိန်အပြောင်းအလဲရှိနိုင်ပါသည်။

## 4 HD အရည်အသွေးမြင့် HD Quality ဖြင့် ကြည့်ရှုရမည့် ရုပ်ရှင်ဇာတ်ကားကောင်းများ

### Birdman 8:05 PM 4.3.2015 (WED)



ဒီဇာတ်ကားဟာ အော်စကာ နဲ့ ရွှေကမ္ဘာလုံးဆုတွေ တသီကြီး ရရှိထားတဲ့ ဇာတ်ကား ဖြစ်ပါတယ်။ ဇာတ်လမ်းမှာ Riggan ဆိုတဲ့ မင်းသားဟာ တစ်ချိန်က Birdman ဆိုတဲ့ Super hero အဖြစ် သရုပ်ဆောင်ကာ နာမည်ကြီးမင်းသားတစ်ဦး ဖြစ်ခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ နေရာတစ်နေရာရဖို့အတွက် သူ့ရဲ့ သရုပ်ဆောင် အရည်အသွေးကို ပြနိုင်ဖို့အတွက် ကြိုးစားနေရသူလည်း ဖြစ်ပါတယ်။ သူက Broadway မှာ ပြဇာတ်တစ်ပုဒ်ကို ကိုယ်တိုင်ရေး သရုပ်ဆောင် တင်ဆက်ပြီးတော့ သူ့ရဲ့ အနုပညာစွမ်းအားကို ပြဖို့အတွက် ရုန်းကန်နေရပါတယ်။ နေ့ရောညပါ ကြိုးစားနေတဲ့အတွက် သူ့အတွေ့နဲ့ သူ့မိသားစု သူ့အလုပ်အကိုင် သူ့ဝါသနာတွေကြားမှာ ဗျာများနေပြီး အဲဒီလို ရှုပ်ထွေးမှုတွေကြားက လွတ်မြောက်အောင် ကြိုးပမ်းပုံတွေကို တင်ဆက်ပြသထားတာပဲဖြစ်ပါတယ်။




### Theory of Everything 7:50 PM 2.3.2015 (MON)

ကမ္ဘာ့အကြီးကျယ်ဆုံး စိတ်ဓါတ်ခိုင်မာမှုနဲ့ လူသိအများဆုံး သိပ္ပံပညာရှင် တစ်ယောက်ဖြစ်မယ့် စတီဗင်ဟော့ကင်းဆိုတဲ့ကောင်လေးနဲ့ ကိန်းဘရစ်ကျောင်းသူလေး ဂျိန်းဝိုင်းလ်တို့ရဲ့ အချစ်ဇာတ်လမ်းလေးပဲ ဖြစ်ပါတယ်။ ဟော့ကင်းဟာ အသက် ၂၁ မှာ လျှော့ကြောင့်ဖြစ်တဲ့ရောဂါတစ်ခု ကြောင့် နှစ်အနည်းငယ်အတွင်းမှာပဲ သေဆုံးမယ်လို့ ဆရာဝန်က ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဂျိန်းဟာ ဟော့ကင်းကိုပဲ ရွေးချယ်ခဲ့ပြီးတော့ စတီဗင် အလုပ်ချင်ဆုံး အာကာသသိပ္ပံဆိုင်ရာတွေကို အတူတကွ လုပ်ကိုင်ခဲ့ကြပါတယ်။

ဒီဇာတ်လမ်းဟာ ဂျိန်းဟော့ကင်းရဲ့ စာအုပ်ဖြစ်တဲ့ The Memoir travelling to infinity: My Life with Stephen ကို အခြေခံပြီး ရိုက်ကူးထားတဲ့ ဇာတ်ကားကောင်း တစ်ကားပဲ ဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ အော်စကာဆုတွေနဲ့ ရွှေကမ္ဘာလုံးဆုတွေမှာ စကာတင် စာရင်းမှာ ပါဝင်ခဲ့ပြီး ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသား Eddie Redmayne ဟာ ရွှေကမ္ဘာလုံးဆုနဲ့ အော်စကာဆုကိုပါ ဆွတ်ခူးခဲ့ပါတယ်။






## ဂလုတီးရှော့ 8:00 PM 28.2.2015 (SAT)

COMEDY



ရပ်ကွက်အတွင်းမှ " ဂလု " ဆိုတဲ့ လက်ဖက်ရည်ဆိုင်လေးမှာ ရပ်ကွက်ထဲက လူတန်းစားပေါင်းစုံရဲ့ အဖြစ်အပျက်များ ပြဿနာများကို ဟာသမြင်ဖြင့် ရယ်စရာအဖြစ် တင်ဆက်ထားသည့် ဟာသဇာတ်လမ်းတို အစီအစဉ်ဖြစ်ပါသည်။

MOL MYANMAR ONLINE CO., LTD.
ကြော်ငြာလုပ်ငန်းများ ဆက်သွယ်ပါ။
01-204013, 204107, 256726
E mail : advertisingmol@gmail.com



